# THE STRUGGLE

တော်လှန်ရေး သီအိုရီ မရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး

Vol.1 /No.1 Nov.29 - Dec.29/2021




MARXIST PERSPECTIVE

## နွေဦးတော်လှန်ရေး ဆန်းစစ်ချက်-၁

# CONTENTS

## Marxist Perspective

### Local Article


3 နွေဦး တော်လှန်ရေး ဆန်းစစ်ချက် (၁)

လင်းလက်ကြယ်

7 D - Day (သို့) အွန်လိုင်းပေါ်က ဆူနာမီ

သူရိန်မွန်








### World Affairs


12 Sudan: revolution raises its head in response to military coup

Joe Attard

စစ်အာဏာသိမ်းခြင်းကို တုံ့ပြန်ဖို့ ခေါင်းထောင်ထလာတဲ့ ဆူဒန် တော်လှန်ရေး





17 Sudan: the final warning

Joe Attard


ဆူဒန် တော်လှန်ရေးအတွက် နောက်ဆုံး သတိပေး ခေါင်းလောင်းသံ




## Theoretical Section


23 Bolshevism: The Road To Revolution

Alan Woods






## The Features


21 ရောင်စုံ ဒုက္ခတွေကြားက မြန်မာရွှေ့ပြောင်းအလုပ်သမားများ

အောင်မြတ်



# "တော်လှန်ရေး သီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှု မရှိနိုင်ဘူး"

**THE STRUGGLE**

> 'တိုက်ပွဲဝင်တပ်ဦး အခန်းကဏ္ဍကို ရှေ့တန်းအရောက်ဆုံး သီအိုရီနဲ့လမ်းညွှန်ပေးထားသာပါတီ တခုကသာစွမ်းဆောင်နိုင်တယ်'

**'THE STRUGGLE'** လစဉ်ထုတ် မဂ္ဂဇင်းကို ပထမဆုံးအကြိမ်စတင်ထုတ်ဝေနိုင်ခဲ့ပါပြီ။ ဒီမှာတင် ပထမဆုံးမေးခွန်း ပေါ်လာပြီ။ အွန်လိုင်းဖွင့်လိုက်တာနဲ့ ကြည့်စရာ ဖတ်စရာ တပုံကြီး ရှိနေတဲ့ခေတ်မှာ ဒီလိုမျိုး မဂ္ဂဇင်းတစောင် သီးသန့် လိုအပ်နေသေးသလား။တော်လှန်ရေးနဲ့အတူ စာစဉ်မျိုးစုံ ထွက်ခဲ့တာပဲ၊ နောက်ထပ် လိုသေးသလား။ မလုံလောက်သေးဘူးလား။

မှန်ပါတယ်။သတင်းတွေ၊ ဆောင်းပါးတွေ အချိန်နဲ့အမျှ တင်ဆက်ပေးနေတဲ့ ပင်မမီဒီယာကြီးတွေ ရှိနေပြီးသား ဖြစ်သလို နာမည်မျိုးစုံနဲ့ ထွက်ပေါ်လာတဲ့ အွန်လိုင်း စာစဉ်တွေလည်း မနည်းတော့ပါဘူး။ ဒါပေမယ့် ရှိပြီးသားမီဒီယာတွေ၊ စာစောင်တွေနဲ့ 'THE STRUGGLE' မဂ္ဂဇင်းဟာမတူပါဘူး။ အဓိက ကွာခြားချက်က 'THE STRUGGLE' မဂ္ဂဇင်းဟာ 'သီအိုရီ'ကို အထူး အလေးအနက်ထားတဲ့ အချက်ပါပဲ။ 'AGITATION' သက်သက် ဆောင်းပါးတွေကို ဒီမဂ္ဂဇင်းမှာ ဖတ်ရမှာ မဟုတ်ပါဘူး။

'ငါတို့ဘာလုပ်ကြမလဲ'ကျမ်းထဲမှာလီနင် ပြောခဲ့သလိုပဲ 'တော်လှန်ရေး သီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး'။ဒါဟာ ကြားကောင်းရုံ လေလုံးထွားတဲ့ ကြွေးကြော်သံသက်သက် မဟုတ်ဘူး။ ဘာ့ကြောင့် လီနင် ဒီလိုပြောရသလဲ။ ဒီစာကြောင်းကို အလွတ်ရွတ်ပြသူများပေမယ့်ဒီမေးခွန်းကိုမေးသူ ရှားတယ်။ လီနင်ပြောတဲ့ တကြောင်းထဲကို ဆွဲထုတ်လိုက်ပြီး ကိုယ်နားလည်ချင်သလို နားလည်လို့ မရဘူး။ ဒီစာကြောင်းမှာ သတိပြုရမယ့် နာမဝိသေသ တခုပါနေတယ်။'သီအိုရီမရှိဘဲတော်လှန်ရေလှုပ်ရှားမှုမရှိနိုင်ဘူး'လို့ ပြောတာနဲ့ 'တော်လှန်ရေး သီအိုရီမရှိဘဲ'လို့ပြောတာအဓိပ္ပါယ်ချင်းခြားနားပါတယ်။ သီအိုရီတိုင်းကိုလီနင်မဆိုလိုတာ ထင်ရှားတယ်။

*လီနင်ပြောတဲ့ 'တော်လှန်ရေး သီအိုရီ'ဆိုတာ ဘာလဲ။*

'ပရူဒွန်း' နဲ့ 'ဘာကူနင်' တို့ရဲ့ 'အန်နာခစ်(စ်) သီအိုရီ'ကို တော်လှန်ရေးသီအိုရီလို့ ဆိုနိုင်မလား။ ဒီကနေ့ခေတ်အနေနဲ့ဆိုရင် 'မီရှယ်ဖူးကိုး'ရဲ့ 'ပို့စ် မော်ဒန် သဘောတရား' ဘဲ(လ်)ဟု(ခ်)ရဲ့ 'ဖမ်းမနစ်(စ်) သဘောတရား'တွေကို တော်လှန်ရေးသီအိုရီလို့ သဘောထားနိုင်သလား။

လီနင်ရဲ့အဆိုပါနာမည်ကျော်စာကြောင်းရဲ့နောက်ကစာကြောင်းကိုဆက်ဖတ်ကြည့်ရင်အခုလိုတွေ့ရမယ်။ 'လူကြိုက်များအောင် ဆွဲဆောင်ထားနိုင်တဲ့ အချောင်သမားဝါဒနဲ့အကျဉ်းမြောင်းဆုံး လက်တွေ့လှုပ်ရှားမှု ပုံစံတွေကို မွှန်ထူစွဲမက်နေခြင်းတို့ အတူလက်တွဲချီတက်နေတဲ့ ကာလမှာ ဒီအယူအဆကို လက်ခံဖို့ ဖွတ်အတင်းမတောင်းဆိုနိုင်ဘူး။ဒါပေမယ့်လည်း ရုရှားဆိုရှယ်ဒီမိုကရေစီအဖို့ သီအိုရီရဲ့အရေးပါမှုကို မြှင့်တင်ပေးနေသော အခြေအနေသုံးချက်ရှိတယ်၊ ဒီအခြေအနေတွေကို မကြာခဏဆိုသလို မေ့လျော့နေကြတယ်။

ဒီကနေ့ ဗမာပြည်မှာလည်း 'အချောင်သမားဝါဒက လူကြိုက်များအောင် ဆွဲဆောင်ထားနိုင်တယ်၊ အကျဉ်းမြောင်းဆုံး လက်တွေ့လှုပ်ရှားမှု ပုံစံတွေကို မွှန်ထူစွဲမက်နေကြတယ်'။သေနတ်ပစ်ရင်၊ဗုံးခွဲလိုက်ရင်တော်လှန်ရေးပဲလို့ထင်နေကြတဲ့အထိ 'အကျဉ်းမြောင်းဆုံးလက်တွေ့လှုပ်ရှားမှုပုံစံတွေကို မွှန်ထူစွဲမက်နေကြတယ်'။ ဒီလိုလုပ်ရပ်မှန်သမျှ လက်ခုပ်တီးအားပေးစရာလို့ထင်လာရုံမက၊ ဒါမျိုးလုပ်မှ တော်လှန်ရေးလို့ထင်လာတဲ့အထိပဲ။အဲဒီလို ကာလမျိုးမှာ 'တော်လှန်ရေး သီအိုရီမရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှုမရှိဘူး'ဆိုတဲ့ အယူအဆကို လီနင် ရေးခဲ့တာ။

ဒီနောက်မှာ အခြေအနေသုံးရပ်ကို လီနင်ရှင်းပြခဲ့တယ်။ ဒီနေရာမှာအသေးစိတ်ပြန် ရေးမပြတော့ပါ။ လိုရင်းချုပ်ရေးပြရရင် (၁)လီနင်တို့ ပါတီဟာ စတင်တည်ဆောက်ဆဲအဆင့်မှာပဲ ရှိသေးတယ်၊ ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှုကို လမ်းကြောင်းအမှန်ပေါ်ကနေဘေးကို ဆွဲချသွားနိုင်တဲ့ အတွေးအခေါ်ဂိုဏ်းအမျိုးမျိုးနဲ့စာရင်းမရှင်းရသေးဘူး။ဒီလိုကာလမှာ"အရေးမကြီးဘူး"လို့ထင်ရတဲ့အမှားလေးတွေကနေ ဘယ်လိုမှ လက်မခံနိုင်တဲ့ ဆိုးဆိုးရွားရွား နောက်ဆက်တွဲတွေဖြစ်ပေါ်သွားစေနိုင်တယ်။ (၂) ဆိုရှယ်ဒီမိုကရေစီဟာ အနှစ်သာရအားဖြင့်အင်တာနေရှင်နယ် လှုပ်ရှားမှုဖြစ်တယ်။အင်တာနေရှင်နယ်ဖြစ်တဲ့အတွက်အမျိုးသားရေးရှုဗင်ဝါဒကိုတိုက်ရုံနဲ့မလုံလောက်သေးဘူး၊ တခြားတိုင်းပြည်ကတော်လှန်ရေး လှုပ်ရှားမှု အတွေ့အကြုံတွေကို အသုံးချနိုင်မှသာ နောက်ကျနေတဲ့ တိုင်းပြည်တခုအနေနဲ့ တော်လှန်ရေး လှုပ်ရှားမှု အောင်ပွဲဆင်နိုင်မယ်။ ဒီလို အသုံးချနိုင်ဖို့ဆိုရင် နိုင်ငံတကာ လှုပ်ရှားမှုတွေနဲ့ ရင်းနှီးရုံ၊ ပုံတူလိုက်ကူးရုံနဲ့ မရဘူး။ နိုင်ငံတကာ တော်လှန်ရေး လှုပ်ရှားမှု အတွေ့အကြုံတွေကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိရမယ်။ ခေတ်သစ် အလုပ်သမား လူတန်းစား

-လှုပ်ရှားမှု အတွေ့အကြုံတွေကို အသုံးချနိုင်မှသာ နောက်ကျနေတဲ့ တိုင်းပြည်တခုအနေနဲ့ တော်လှန်ရေးလှုပ်ရှားမှု အောင်ပွဲဆင်နိုင်မယ်။ ဒီလို အသုံးချနိုင်ဖို့ဆိုရင် နိုင်ငံတကာ လှုပ်ရှားမှုတွေနဲ့ ရင်းနှီးရုံ၊ ပုံတူလိုက်ကူးရုံနဲ့ မရဘူး။နိုင်ငံတကာတော်လှန်ရေးလှုပ်ရှားမှုအတွေ့အကြုံတွေကိုဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိရမယ်။ခေတ်သစ် အလုပ်သမားလူတန်းစားလှုပ်ရှားမှု ဘယ့်လောက် ကျယ်ပြန့်ကြီးထွားလာသလဲ

နားလည်သူဆိုရင် ဒီလိုဝေဖန်ပိုင်းခြားနိုင်ဖို့သီအိုရီရေးရာ၊နိုင်ငံရေးတော်လှန်ရေးဖြတ်သန်းမှုပိုင်းဘယ်လောက်အားကောင်းဖို့လိုမလဲ နားလည်လိမ့်မယ်။

တတိယအချက်အနေနဲ့ လီနင် ဖောင်းပေးပြောခဲ့တဲ့ စာကြောင်းကို တင်ပြလိုတယ်။ *'တိုက်ပွဲဝင်တပ်ဦး အခန်းကဏ္ဍကို ရှေ့တန်းအရောက်ဆုံး သီအိုရီနဲ့လမ်းညွှန်ပေးထားသောပါတီတခုကသာစွမ်းဆောင်နိုင်တယ်'*

**'သပိတ်စုံ သူပုန်ထ' နဲ့ 'ကျေးလက်အခြေခံ မြို့ကိုဝိုင်း' ရေရှည်စစ် မဟာဗျူဟာကို အတူတူ ထင်နေကြတဲ့ ဒီကနေ့ခေတ်မှာ ဘယ်မာ့(က်စ်)ဝါဒလဲလို့ မေးရမလို ဖြစ်လာတယ်'**

လီနင်ပြောနေတဲ့ 'တော်လှန်ရေး သီအိုရီ'၊ 'ရှေ့တန်းအရောက်ဆုံး သီအိုရီ'က ဘာလဲ၊ TERMINOLOGICAL RADICALISM ရေပန်းစားလာတဲ့ ဒီကနေ့ကာလမှာ ဒီမေးခွန်းကို ခွဲခွဲခြားခြား မေးဖို့ လိုအပ်လာတယ်။ လီနင် ပြောတဲ့ ရှေ့တန်း အရောက်ဆုံး သီအိုရီဆိုတာ 'သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ'ဖြစ်တဲ့ မာ့(က်စ်)ဝါဒသီအိုရီကလွဲလို့ တခြားမရှိပေ။

'သပိတ်စုံ သူပုန်ထ' နဲ့ 'ကျေးလက်အခြေခံ မြို့ကိုဝိုင်း' ရေရှည်စစ် မဟာဗျူဟာကို အတူတူ ထင်နေကြတဲ့ ဒီကနေ့ခေတ်မှာ ဘယ်မာ့(က်စ်)ဝါဒလဲလို့ မေးရမလိုဖြစ်လာတယ်။ စတာလင်ဝါဒလား၊ မော်ဝါဒလား၊ FRANKFURT SCHOOL လား၊ G.A. COHEN တို့အုပ်စုရဲ့ ANALYTICAL MARXISM လား စသဖြင့်။ ဒါတွေ တခုမှ မာ့(က်စ်)ဝါဒ မဟုတ်ဘူး။ *မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးတို့ရဲ့ မာ့(က်စ်)ဝါဒကသာ REVOLUTIONARY GENUINE MARXISM (သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ) ဖြစ်တယ်။*

ဒ့ါကြောင့် 'THE STRUGGLE' မဂ္ဂဇင်းက မာ့(က်စ်)ဝါဒဆိုတိုင်း အုတ်အရောရော ကျောက်အရောရော လက်ခံသွားမှာ မဟုတ်ဘူး။ လီနင်တို့ ပလက်ခနော့(ဗ်)တို့ ပူးပေါင်းပြီး ပထမဆုံး ထုတ်ဝေခဲ့တဲ့ 'မီးပွား' (ISKRA) မာ့(က်စ်)ဝါဒ သတင်းစာရဲ့ အယ်ဒီတာအဖွဲ့ ကြေညာချက်မှာ ရေးခဲ့သလိုပဲ 'မပေါင်းစည်းခင်မှာ၊ ပေါင်းစည်းညီညွတ်နိုင်စေဖို့ ရှင်းလင်းပြတ်သားတဲ့ နယ်နိမိတ်စည်းကြောင်း ဆွဲထားရမယ်'။ သဘောက တိုးတက်သော အတွေးအခေါ်ဆိုတိုင်း အုတ်အရောရော၊ ကျောက်အရောရော ပြွမ်းတီးနေလို့ မရဘူး။ အန်းနခစ်(စ်) အယူအဆဆိုလည်း လက်ခံ လိုက်မယ်၊ မာ့(က်စ်)ဝါဒဆိုလည်း ကြိုက်လိုက်မယ်၊ ဖမ်းမနစ်(စ်)ဆိုလည်း သဘောကျလိုက်မယ်၊ မော်ဝါဒ ဆိုလည်း လက်ခံလိုက်မယ် လုပ်လို့မရဘူး။ တော်လှန်ရေး စာစဉ်လို့ နာမည်ခံ ထုတ်ဝေနေပြီး တာလီဘန်တွေရဲ့ စစ်ရေးအောင်ပွဲကို ချီးကျူး၊ သင်ခန်းစာထုတ်ယူပြတဲ့ ဆောင်းပါးတွေ ဖော်ပြနေလို့ မဖြစ်ဘူး။

*စတာလင်ဝါဒ၊ မော်ဝါဒပဲ အားကောင်းခဲ့တဲ့ ဗမာပြည်မှာ* မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးတို့ရဲ့ စစ်မှန်သော မာ့(က်စ်)ဝါဒကို အုတ်မြစ်ချသွားဖို့ 'THEORETICAL STRUGGLE' ကို အထူးအလေးထား လုပ်ဆောင်ရမယ်။ လီနင်က အန်းဂယ်(စ်)ရဲ့ THE PEASANT WAR IN GERMANY စာအုပ် အမှာစာထဲကနေ ရှည်ရှည်လျားလျား ကောက်နှုတ်ကိုးကားပြီး ရှင်းပြခဲ့သေးတယ်။ အများစုထင်နေကြသလို နိုင်ငံရေး တိုက်ပွဲနဲ့ စီးပွားရေးတိုက်ပွဲဆိုပြီး တိုက်ပွဲ ပုံစံနှစ်မျိုးကိုပဲ အန်းဂယ်(စ်) လက်မခံဘူး။ *'သီအိုရီရေးရာ တိုက်ပွဲဟာလည်း နိုင်ငံရေးတိုက်ပွဲ၊ စီးပွားရေး တိုက်ပွဲတွေလိုပဲ တန်းတူ အရေးကြီးတယ်'*လို့ အလေးအနက်ထား ပြောခဲ့တယ်။ 'THE STRUGGLE' မဂ္ဂဇင်းဟာသီအိုရီရေးရာ တိုက်ပွဲမျက်နှာစာမှာ ရှေ့ဆုံးကရှိနေပါလိမ့်မယ်။

'ရှေ့တန်းအရောက်ဆုံးသီအိုရီ'အုတ်မြစ်မခိုင်ဘဲတော်လှန်ရေးပါတီတရပ်ပေါ်ထွန်းလာဖို့မမျှော်လင့်စကောင်း။သေနတ်တွေ၊အမြောက်တွေ၊ဗုံးတွေနဲ့ဖန်တီးယူလို့လည်းမရနိုင်။



Marxist Perspective

# နွေဦးတော်လှန်ရေး ဆန်းစစ်ချက် ၁

လင်းလက်ကြယ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်နေ့မှာ ဗိုလ်မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းခဲ့တယ်။ ဒီနောက် တပတ်အတွင်း အလုပ်သမား လူတန်းစားက လမ်းမပေါ် ထွက်တိုက်ခဲ့ရာက နွေဦး တော်လှန်ရေးရယ်လို့ ဖြစ်လာခဲ့တယ်။ ဖေဖော်ဝါရီ၊ မတ် နဲ့ ဧပြီလတွေမှာ စစ်အာဏာ ဖီဆန်ရေး လှုပ်ရှားမှု (CDM)၊ လမ်းမပေါ် ဆန္ဒပြ လှုပ်ရှားမှု၊ အထွေထွေ သပိတ်တိုက်ပွဲတွေကနေ ဘယ်ရီကိတ်တွေ၊ ခံတပ်တွေဆောက်ပြီး အရက်စက်ဆုံး စစ်တပ်ကို အံ့ကြွပုန်ကန်ခဲ့တဲ့အထိ အားကောင်းခဲ့တဲ့ တော်လှန်ရေး ဖြစ်တယ်။ ဒီလောက် အင်အားကောင်းခဲ့တဲ့ တော်လှန်ရေး လှုပ်ရှားမှုကြီးဟာ ဘာ့ကြောင့် စစ်အာဏာသိမ်း အစိုးရကို အခုချိန်ထိ ဖြုတ်မချနိုင်သေးတာလဲ။ ဒီကနေ့ ဘယ်အခြေအနေ ရောက်နေသလဲ။ ဘယ်လိုကြောင့် အခု အခြေအနေ ရောက်ခဲ့ရသလဲ။ ဘာတွေ လစ်ဟင်းခဲ့သလဲ။ ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ရှေ့ဆက် ဘယ်လမ်းကို လျှောက်ကြမလဲ။ ဒီပြဿနာတွေကို အသေအချာ ဆန်းစစ်ကြည့်ဖို့ အရေးတကြီး လိုအပ်လာတယ်။

## ၁။ မျက်မှောက်အခြေအနေ

တရက်ပြီးတရက် တဟုန်ထိုး ပြောင်းလဲနေတဲ့ ဖြစ်ရပ်တွေကို တကွဲတပြားစီ သီခြားခွဲထုတ်ကြည့်နေမယ်ဆိုရင် ဆန်စင်ရာ ကျည်ပွေ့လိုက်သလိုပဲ ဖြစ်နေမယ်။ ဒ့ါကြောင့် မျက်မှောက်အခြေအနေကို ဆန်းစစ်ကြည့်ဖို့ ဖြစ်ရပ်တွေ၊ အချက်အလက်၊ ကိန်းဂဏန်းတွေကိုချည်း စုပြုံရေးပြနေလို့ မဖြစ်နိုင်ဘူး။ ဒီဖြစ်ရပ်တွေအားလုံးက ညွှန်ပြနေတဲ့ ယေဘုယျ လမ်းကြောင်းကို ဖော်ထုတ်နိုင်ဖို့ အရေးကြီးတယ်။ လူတန်းစား အမြင်နဲ့ ချဉ်းကပ် သုံးသပ်နိုင်ဖို့လည်း လိုတယ်။

ဒီကနေ့ အချိန်မှာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီတုန်းကလို လမ်းမထက် လူထုတိုက်ပွဲကြီး မရှိတော့ဘူး။ ဒါဟာ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ၊ ငြင်းလို့မရတဲ့ အရှိတရားပဲ။ အရဲရင့်ဆုံး၊ သတ္တိအကောင်းဆုံး လူငယ် လက်တဆုပ်စာက စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေဆဲဖြစ်ကြောင်း ပြသဖို့ ၅-၁၀ မိနစ်စာ ကြွေးကြော်သံ ထွက်အော်တာမျိုးလောက်ပဲ ရှိတော့တယ်။ ဒ့ါအပြင် ကဏ္ဍအသီးသီးက အလုပ်သမားထုကြီး ပါဝင်ဆင်နွှဲတဲ့ အထွေထွေ သပိတ်ကြီးလည်း မရှိတော့ဘူး။ ဧပြီလကစပြီး မရှိတော့ဘူးလို့ ဆိုနိုင်တယ်။ အတိအကျဆိုရရင် မတ် ၁၄၊ လှိုင်သာယာ သပိတ်တွေကို အာဏာသိမ်း စစ်တပ်က အစုလိုက် အပြုံလိုက် သတ်ပစ်လိုက်ချိန်ကစလို့ ရန်ကုန်မှာ သပိတ်ရယ်လို့ ပီပီပြင်ပြင် မရှိတော့ဘူး။

ဒီနောက် သင်္ကြန်ကာလအပြီး ဧပြီ နှောင်းပိုင်းကစလို့ နယ်ပြန်သွားခဲ့တဲ့ အလုပ်သမားတွေ ရန်ကုန်ကို ပြန်လာခဲ့ရတယ်။ အဖမ်းမခံရသေး၊ အသတ်မခံရသေးလို့ အသက်ရှင် ကျန်နေသေးတဲ့ အလုပ်သမားတွေမှာ အလုပ်လက်မဲ့ ဖြစ်သူဖြစ်။ အလုပ်ကလေး ရပြန်လည်း လုပ်ခလစာတွေ အဖက်ဖက် ဖြတ်တောက်ခံရ။ အရင်လို လခစားအနေနဲ့ အလုပ်မခန့်။ နေ့စား တရက် ၃၆၀၀ ကျပ်နဲ့ ဝင်လုပ်ရတဲ့ ဘဝ။ နွေဦး တော်လှန်ရေးမှာ ရှေ့ဆုံးက ထွက်တိုက်ခဲ့တဲ့ အလုပ်သမားတွေ ခြေကုန်လက်ပန်းကျသွားခဲ့ပြီ။ စုစည်းထားတဲ့ အလုပ်သမား သမဂ္ဂတွေလည်း ဖျက်စီးခံခဲ့ရလို့ ဖရိုဖရဲ ဖြစ်နေပြီ။

ဒါပေမယ့် စီဒီအမ် လုပ်နေတဲ့ ဝန်ထမ်းတွေ ရှိသေးတာပဲလို့ စောဒက တက်နိုင်တယ်။ ဒီကနေ့အထိ စီဒီအမ် ဆက်လုပ်နေဆဲ ဝန်ထမ်းတွေကို အထူးလေးစားပါတယ်။ ဒါပေမယ့် အမှန်တရားကိုတော့ ရိုးရိုးသားသား ပြောရပါမယ်။ အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ လူထုတိုက်ပွဲ မရှိတော့ရင် စီဒီအမ် တသက်လုံး လုပ်နေလည်း ဘာမှ ထူးလာမှာ မဟုတ်ဘူး။ လမ်းမပေါ်က လူထု တိုက်ပွဲတွေ တရစပ် အဖြိုခံရချိန်ကစပြီး စီဒီအမ် ဝန်ထမ်းတွေလည်း တဆက်တည်း အဖိနှိပ်ခံရတော့တယ်။ ဝန်ထမ်း အိမ်ရာတွေကနေ မောင်းချခံရတယ်။ တချို့ အဖမ်းခံရတယ်။ စစ်ကြောရေးမှာ နှိပ်စက်ခံရတယ်။ အသတ်ခံရသူတွေ မနည်းဘူး။ ဒီလိုနဲ့ စီဒီအမ် ဖရိုဖရဲ ဖြစ်သွားတာ ကြာခဲ့ပြီ။

အုပ်စိုးသူ လူတန်းစားက သူတို့အာဏာ၊ သူတို့ ပိုင်ဆိုင်မှုတွေ ကာကွယ်ဖို့ စစ်တပ် ရဲတပ်ဆိုတဲ့ အကြမ်းဖက် အင်အားစုတွေ သုံးပြီး ရက်ရက်စက်စက် နှိပ်ကွပ်တာ ထုံးစံပဲ။ ဒီလိုတွေ ဖိနှိပ်တိုင်း ဘာ့ကြောင့် အခုလို ဖရိုဖရဲဖြစ်ပြီး ပြိုကွဲသွားရသလဲ။

လမ်းမပေါ်က လူထုတိုက်ပွဲတွေ၊ အထွေထွေ သပိတ်တွေ ပြိုကွဲသွားတဲ့အခါ အရဲရင့်ဆုံး လူငယ် အလွှာက တော်လှန်ရေးကို ရတဲ့နည်းနဲ့ ဆက်သယ်ဖို့ ကြိုးစားခဲ့တယ်။ လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေဆီ သွားပြီး စစ်ပညာသင်ကြတယ်။ မြို့ပြ အုံကြွမှုကို တရစပ် ဖြိုခွင်းနေချိန်မှာ အမာဆုံး ကျေးလက်ဒေသတချို့က ရပ်ကျေး ကာကွယ်ရေး အဖွဲ့တွေ စုစည်းပြီး တူမီးနဲ့ တိုက်ပွဲဝင်ခဲ့ကြတယ်။ ဒါပေမယ့် ဒီလက်နက်ကိုင် အဖွဲ့တွေဟာ ပြန့်ကျဲနေပြီး အထီးတည်းဖြစ်ခဲ့တယ်။ မြို့ပေါ် အုံကြွမှုတွေ ပြိုကွဲသွားအောင် နှိမ်နင်းပြီးတာနဲ့ အာဏာသိမ်း စစ်တပ်က သူတို့ဘက် လှည့်လာခဲ့တယ်။ ဥပမာ၊ ဒီပဲယင်း ဒေသမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်ခဲ့တယ်။ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကင်းမရွာကို မီးတင်ရှို့ခဲ့တယ်။ မကြာသေးခင်ကပဲ ချင်းပြည်နယ် ထန်တလန်မြို့ကို အာဏာသိမ်း စစ်တပ်က လက်နက်ကြီးတွေ ဗုံးတွေ သုံးပြီး မီးရှို့ဖျက်ဆီးခဲ့သေးတယ်။ နောက်ထပ် နမူနာတွေ ရေးလို့ မကုန်နိုင်အောင် ရှိသေးတယ်။

အာဏာသိမ်း စစ်တပ်ဟာ သူတို့ယုတ်မာနေကျအတိုင်း “destroy alls” ပေါ်လစီကို ကျင့်သုံးနေခြင်း ဖြစ်တယ်။ တော်လှန်ရေး ဒီရေအမြင့်ဆုံး ဖြစ်နေတဲ့ အဆုံးအဖြတ် ကာလ “decisive moment” (ဖေဖော်ဝါရီ နှောင်းပိုင်းနဲ့ မတ်လ) မှာ အလုပ်သမား လူတန်းစားက အာဏာ မသိမ်းနိုင်ခဲ့တော့ အခုလို အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး တန်ပြန် တော်လှန်ရေး လာတော့တာပဲ။ လူထုဟာ အမြဲတမ်း အုံကြွမနေနိုင်ဘူး။ တော်လှန်ရေးကလည်း အမြဲတမ်း ဖြစ်နေမှာ မဟုတ်ဘူး။ တော်လှန်ရေး ဒီရေမြင့်ကာလ၊ အာဏာပြဿနာ အဆုံးအဖြတ် ပြုရမယ့်ကာလမှာ အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ တော်လှန်ရေး အင်အားစုတွေက အာဏာ သိမ်းနိုင်မလား၊ မသိမ်းနိုင်ရင် အုပ်စိုးသူ လူတန်းစားဘက်က အခုလို အရက်စက်ဆုံး တုံ့ပြန်လာမယ်။

ဒီကနေ့ ကာလဟာ တော်လှန်ရေး လှုပ်ရှားမှုတွေ ဖြိုခွဲခံထားရပြီး တစစီပြိုကွဲသွားတဲ့ တန်ပြန် တော်လှန်ရေး ကာလဖြစ်တယ်။ ဒီအခြေအနေမှာ သတ္တိအကောင်းဆုံး လူငယ်အလွှာတခုက မရရတဲ့နည်းနဲ့ တော်လှန်ရေးကို

- ဆက်သယ်ဖို့ကြိုးစားနေကြတယ်။ လူထုတိုက်ပွဲတွေ၊ အထွေထွေ သပိတ်တွေဆိုတာ အလုပ်သမား လူတန်းစား မပါသေးဘဲ ဖန်တီးယူလို့ ရတဲ့ အရာမျိုး မဟုတ်။ ဒီအနေအထားမှာ သည်းမခံနိုင်တော့တဲ့ လူငယ် အလွှာတခုက တော်လှန်သော လူတန်းစားနေရာမှာ သူတို့ကိုယ်တိုင် အစားထိုး နေရာယူဖို့ကြိုးပမ်းလာကြတယ်။ အဲဒီလို အစားထိုးဖို့ကြိုးစားတဲ့ "substitutionalism" ဟာ ပုံစံမျိုးစုံနဲ့ ထွက်ပေါ်လာခဲ့တယ်။ မြို့ပြပြောက်ကျားနည်း ဆိုပြီး လုပ်ကြံသတ်ဖြတ်မှုတွေ၊ ဗုံးခွဲတိုက်ခိုက်မှုတွေ အနှံ့အပြား ပေါ်ထွက်လာခဲ့တယ်။ ဘဏ်ဓားပြတိုက်တာတွေ ရှိလာတယ်။

ကျေးလက်မှာလည်း ပြောက်ကျားစစ် အဖွဲ့လေးတွေ အလျှိုလျှို ပေါ်လာခဲ့တယ်။ မိုင်တဲ(လ်) တာဝါတိုင်တွေကို ဗုံးခွဲဖျက်စီးခြင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း၊ သတင်းပေး ဒလန်လို့ စွပ်စွဲခံရသူတွေကို လုပ်ကြံသတ်ဖြတ်ခြင်းတွေ ခပ်စိပ်စိပ် လုပ်လာကြတယ်။

ဒီလို တိုက်ပွဲ နည်းလမ်းတွေဟာ တကယ်ကော ထိရောက်ရဲ့လား။ တော်လှန်ရေးရဲ့ အဓိက အင်အားစုကြီး ဖြစ်သော အလုပ်သမား လူတန်းစား နဲ့ ဆင်းရဲ လယ်သမားထုကြီး ခြေကုန်လက်ပန်းကျသွားတဲ့ အခြေအနေမှာ ဒီလုပ်ရပ်တွေကို တော်လှန်ရေးလို့ ခေါ်နိုင်သေးရဲ့လား။ ပြောက်ကျားအဖွဲ့လေးတွေက ဗုံးခွဲ၊ အာဏာပိုင် တဦးချင်း၊ စစ်ခွေးတကောင်ချင်း လိုက်ရှင်း၊ ဘဏ်ဓားပြတိုက်၊ မိုင်တဲတိုင် လိုက်ခွဲပေးလို့ အဖိနှိပ်ခံ လူထုကြီး လွတ်မြောက်သွားနိုင်မလား။ ဒီလုပ်ရပ်တွေရဲ့ အကျိုးသက်ရောက်မှုနဲ့ နောက်ဆက်တွဲဒဏ် ဘယ်သင်းက ပိုများနေသလဲ။ လူတန်းစား တိုက်ပွဲ ဒီရေထိုးကျသွားပြီး တန်ပြန် တော်လှန်ရေး အားကောင်းနေချိန်မှာ လက်တဆုပ်စာ လက်နက်ကိုင် အဖွဲ့လေးတွေက တော်လှန်ရေးကို artificially ဖန်တီးလုပ်ယူနိုင်သလား။ ဒီကနေ့အချိန်မှာ လက်တဆုပ်စာ လက်နက်ကိုင် အဖွဲ့လေးတွေက အဲဒီနည်းလမ်းတွေသုံးပြီး သူတို့ စိတ်ဆန္ဒအရ တော်လှန်ရေးကို artificially ဖန်တီးယူဖို့ကြိုးစားနေကြတယ်။

တကယ်တော့ ဒီအယူအဆ၊ ဒီနည်းလမ်းတွေဟာ အင်မတန် ဟောင်းမြည်းနေတဲ့ အရာတွေဆိုတာ မသိကြဘူး။ ၁၈၇၀-၉၀ ခုနှစ်တွေတုန်းက ရုရှား လူ့အဖွဲ့အစည်းမှာ အားကောင်းခဲ့တဲ့ နရော့နစ်(ခ်) လှုပ်ရှားမှုမျိုးသာ ဖြစ်နေတယ်။ ခေတ်နောက်ကျလွန်းတဲ့ရုရှားမှာအရင်းရှင်စနစ် အားမကောင်းသေးတော့ အလုပ်သမား လူတန်းစားက သန္ဓေသားအဆင့်သာ ရှိသေးတယ်။ ဒီအခြေအနေ မှာ စနစ်ဟောင်းကို ဖြိုချဖို့၊ ဇာဘုရင် စနစ်ကို ဖြိုချပစ်ဖို့ ကျောင်းသား လူငယ်တွေ ဟာ လယ်သမားထုကို အဓိက အားထားရမယ်၊ လယ်သမားထုကြား လှုံ့ဆော်စည်းရုံး တိုက်ပွဲဝင် ရမယ်၊ 'လူထုဆီ ချီတက်ကြ' လို့ ဟစ်ကြွေးပြီး ကျေးလက် လယ်သမားထုဆီ ချီတက်သွားကြတယ်။ ဒါ့ကြောင့် နရော့နစ်(ခ်)လို့ အမည်တွင်ခြင်း ဖြစ်တယ်။

> ဒီကနေ့ကာလဟာ တော်လှန်ရေးလှုပ်ရှားမှုတွေ ဖြိုခွဲခံထားရပြီး တစစီပြိုကွဲသွားတဲ့ တန်ပြန် တော်လှန်ရေး ကာလဖြစ်တယ်။ ဒီအခြေအနေမှာ သတ္တိအကောင်းဆုံး လူငယ်အလွှာတခုက မရရတဲ့နည်းနဲ့ တော်လှန်ရေးကို ဆက်သယ်ဖို့ ကြိုးစားနေကြတယ်။ လူထုတိုက်ပွဲတွေ၊ အထွေထွေသပိတ်တွေဆိုတာ အလုပ်သမား လူတန်းစား မပါသေးဘဲ ဖန်တီးယူလို့ ရတဲ့ အရာမျိုးမဟုတ်။

ဒါပေမယ့် သူတို့ထင်သလို လယ်သမားထုက သူတို့ရဲ့ 'agitation' လှုံ့ဆော်မှုတွေ၊ 'propaganda' သဘောတရား ဖြန့်ချိမှုတွေကို နားမဝင်ခဲ့ဘူး။ ကျေးလက်လယ်သမားထုဟာ မြို့ပြကလာတဲ့ ဒီလူငယ်တွေကို ပြည်ပက သူစိမ်းတွေလိုသာ သဘောထားခဲ့ကြတယ်။ ဒီလိုတွေ ကြုံရဖန်များလာတဲ့ နရော့နစ်(ခ်) လူငယ်တွေဟာ ပါးစပ်နဲ့ စည်းရုံး လှုံ့ဆော်နေတာ မထိရောက်ဘူး၊ 'deeds' လက်တွေ့လုပ်ပြပြီး လှုံ့ဆော်လိုက်ရင် တော်လှန်ရေးမီးတွေ တောက်လောက် သွားနိုင်တယ်လို့ ကြံဆခဲ့ကြတယ်။ ဒါ့ကြောင့် လက်တွေ့လုပ်ပြပြီး လူထုကို လှုံ့ဆော်ဖို့ ဇာဘုရင့် အာဏာပိုင်တွေကို လုပ်ကြံသတ်ဖြတ်ခဲ့တယ်။ ဇာဘုရင် အလက်ဇန်းဒါး ၂ ကိုတောင် အောင်အောင်မြင်မြင် လုပ်ကြံသတ်ဖြတ်နိုင်ခဲ့တယ်။ ဒီကနေ့ ဗမာပြည်မှာလို အရပ်သား ဒလန်ဆိုသူလောက်၊ လမ်းဘေးခွေးလောက်မှ တန်ဖိုးမရှိတဲ့ စစ်ခွေးတွေလောက် သတ်နိုင်ခဲ့တာ မဟုတ်ဘူး။ ဇာဘုရင်ကိုယ်တိုင်ကိုပါ လုပ်ကြံသတ်နိုင်ခဲ့တယ်။ ဒါပေမယ့် သူတို့မျှော်မှန်းသလို လူထု အုံကြွမှုကြီး၊ လယ်သမား တော်လှန်ရေးကြီး ဖြစ်မလာခဲ့ဘူး။ ဇာဘုရင်ရဲ့ ဖိနှိပ်ရေး ယန္တယားကိုသာ ပိုအားကောင်းသွားစေခဲ့တယ်။ နရော့နစ်(ခ်) လူငယ်တွေရဲ့ 'လူထုဆန္ဒ'ပါတီလည်း ပျက်စီးသွားခဲ့တယ်။

ဗမာပြည်မှာ ဒီကနေ့ လုပ်နေကြသလို စစ်ခွေးတွေ၊ ရဲခွေးတွေ၊ ဒလန်လို့ စွပ်စွဲခံရသူတွေကို တဦးချင်း တအုပ်ချင်း လိုက်ရှင်းတာမျိုး မဆိုထားနဲ့၊ ဇာဘုရင်လို နိုင်ငံတော်ရဲ့ အမြင့်ဆုံး အာဏာပိုင်မျိုးကို လုပ်ကြံနိုင်ခဲ့ တာတောင် ဇာဘုရင်စနစ်၊ ပဒေသရာဇ်စနစ်ကို မဖြိုချနိုင်ခဲ့ဘူး။ ဒီကနေ့ ဗမာပြည်မှာ မင်းအောင်လှိုင်ကို လုပ်ကြံနိုင်ခဲ့ရင်တောင် စစ်အာဏာရှင် စနစ်ကို မဖြိုနိုင်သေးဘူး။ အကြောင်းက ဒီလိုတဦးချင်း လုပ်ကြံ သတ်ဖြတ်ရေး နည်းလမ်းနဲ့ regime တခုကို ဘယ်တော့မှ မဖြိုချနိုင်လို့ပဲ။ နိုင်ငံတော်ဆိုတာ individuals နဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘူး။ နိုင်ငံတော်ဆိုတာ organized violence ဖြစ်တယ်။ စစ်ခွေးဆယ်ကောင်ကို လုပ်ကြံသတ်ဖြတ်နိုင်လည်း အုပ်စိုးသူ လူတန်းစားအဖို့ မမှုလောက်ဘူး။ အဲဒီ individual စစ်ခွေးတွေနေရာမှာ အစားထိုး ဖြည့်တင်းပြီး 'centralised and organized state apparatus' ကို ဆက်ခုတ်မောင်းလို့ ရနေဦးမယ်။ တချိန် တည်းမှာ ဖိနှိပ်မှုတွေ ဆတိုးနဲ့ တန်ပြန်လာမယ်။ ဒီအချက်ကို ရွာလုံးကျွတ်၊ မြို့လုံးကျွတ် မီးရှို့တဲ့ လုပ်ရပ်တွေက သက်သေခံနေတယ် မဟုတ်လား။ အဲသလို counter terror တရစပ် ဝင်လာရင် တဦးချင်း လုပ်ကြံရေး နည်းတွေ သုံးပြီး တိုက်ခိုက်ခဲ့တဲ့ လက်နက်ကိုင် အဖွဲ့တွေက သူတို့ ကယ်တင်နေပါတယ်ဆိုတဲ့ လူထုကို ဘယ်လို ကာကွယ်မှု ပေးနိုင်ပါသလဲ။

ဒီလို တဦးချင်း လုပ်ကြံသတ်ဖြတ်ရေး နည်းလမ်းတွေနဲ့ (မြို့ပြပြောက်ကျားလို့ပဲခေါ်ခေါ်၊ အမှည့်ခြွေ စစ်ဆင်ရေးလို့ပဲသုံးသုံး အနှစ်သာရက အတူတူပါပဲ) တော်လှန်ရေးကို ဖန်တီးယူလို့ မရနိုင်ဘူး။ လူထုကိုယ်တိုင် အင်တိုက်အားတိုက် ပါဝင်နေခြင်း မရှိဘဲ အခုလို ဘေးကနေ အာသာပြေရုံ လက်ခုပ်တီးပေးနေသရွေ့ အဲဒါ တော်လှန်ရေး မဟုတ်ဘူး။ တော်လှန်ရေးပါလို့ ကြိုက်သလောက် အော်နေပါစေ၊ အဲဒါ တော်လှန်ရေး မဟုတ်ဘူး။

## ၂။ တော်လှန်ရေးဆိုတာ ဘာလဲ

History of the Russian Revolution စာအုပ် အဖွင့်မှာ ထရော့စကီးက အခုလို ရှင်းပြခဲ့တယ် -

"တော်လှန်ရေးတရပ်မှာ မလွဲမသွေတွေ့ရမယ့်ဝိသေသက လူထုကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ တိုက်ရိုက်ဝင်ပါလာခြင်း ဖြစ်တယ်။ သာမန်အချိန်တွေမှာ နိုင်ငံတော်က(ဘုရင်စနစ်ဖြစ်ဖြစ်/ ဒီမိုကရေစီစနစ်ဖြစ်ဖြစ်) လူ့အဖွဲ့အစည်းရဲ့ အထက်မှာ ရှိနေတယ်၊ စီမံအုပ်ချုပ်ရေးအလုပ်မှာ အထူးကျွမ်းကျင်သူတွေကပဲ သမိုင်းကို ဖန်တီးကြတယ်၊ ဘုရင်တွေ၊ ဝန်ကြီးတွေ၊ ဗျူရိုကရက်တွေ၊ ပါလီမန်အမတ်တွေ ၊ ဂျာနယ်လစ်တွေ စသဖြင့်။ ဒါပေမယ့် လူထုအဖို့စနစ်ဟောင်းကို ဆက်သည်းခံလို့ မရနိုင်တော့တဲ့ အရေးကြီးအချိုးအကွေ့ကာလတွေမှာ သူတို့ကို နိုင်ငံရေးနယ်ပယ်ကနေ ဖယ်ထုတ်ထားတဲ့ အတားအဆီးတွေကို လူထုကိုယ်တိုင် ချိုးဖျက်ပြီး အစဉ်အလာ ကိုယ်စားလှယ်တွေကို တွန်းထုတ်ပစ်လိုက်တယ်၊ လူထုကိုယ်တိုင် ဝင်ပါပြီး စနစ်အသစ်အတွက် အခင်းအကျင်း အသစ်ကို ဖောက်လုပ်လိုက်တယ်။ ဒီလို သမိုင်းကို ထုဆစ်ဖို့ လူထုကိုယ်တိုင် ဝင်ပါလာတာ ကောင်းသလား/ ဆိုးသလား အကဲဖြတ်တဲ့ကိစ္စ ကိုယ်ကျင့်ပညာသမားတွေပဲ လုပ်ကြပါစေ။ ငါတို့ကတော့ ပကတိဘာဝ သမိုင်းဖွံ့ဖြိုးမှု ဖြစ်စဉ်မှာ တွေ့ရတဲ့အတိုင်း အခိုင်အမာ အချက်အလက်ကိုပဲ ဆွဲကိုင်ပြောရလိမ့်မယ်။ တော်လှန်ရေး သမိုင်းဆိုတာ သူတို့ကြမ္မာကို အုပ်စိုးထားတဲ့ နယ်ပယ်အတွင်း လူထုကိုယ်တိုင် အင်တိုက်အားတိုက် ဝင်ရောက်လာတဲ့ သမိုင်းပဲ"။

**"တော်လှန်ရေးတရပ်မှာ မလွဲမသွေတွေ့ရမယ့် ဝိသေသက လူထုကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ တိုက်ရိုက် ဝင်ပါလာခြင်း ဖြစ်တယ်"**

ဒီကောက်စာဟာ တော်လှန်ရေးတရပ်ရဲ့ အနှစ်သာရကို ပြည့်ပြည့်စုံစုံ အနှစ်ချုပ်ပေးထားတာပဲ။ လူထုလို့ ဆိုလိုက်ရင် ဒီကနေ့ကာလမှာ အလုပ်သမား လူတန်းစားနဲ့ ဆင်းရဲသားလယ်သမားလူတန်းစား အများစုပါဝင်နေတာ တွေ့ရလိမ့်မယ်။ တော်လှန်ရေးဆိုတာ အဲဒီ လူထုကိုယ်တိုင် သမိုင်းဇာတ်ခုံပေါ် ချဉ်းနင်းဝင်ရောက်လာခြင်း ဖြစ်တယ်။

အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး ၁၅ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ကိုပင်ဟေဂင်မှာ ထရော့စကီး ပြောခဲ့တဲ့ "In Defence of October" ဆိုတဲ့ လက်ချာထဲမှာလည်း အခုလို ရှင်းပြခဲ့သေးတယ် -

"တကယ်တော့ သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေထဲ လူထုကြီး တက်တက်ကြွကြွ ပါဝင်လာခြင်းဟာ တော်လှန်ရေး တရပ်ရဲ့ အရေးအကြီးဆုံး မရှိမဖြစ် အစိတ်အပိုင်းတခုပဲ"။

ကမ္ဘာ့သမိုင်း တလျှောက် ဖြစ်ခဲ့တဲ့ တော်လှန်ရေးတိုင်းကို ပြန်ကြည့်လိုက်ပါ။ လောလောလတ်လတ် ဖြစ်ခဲ့တဲ့ ဗမာ့ နွေဦး တော်လှန်ရေး၊ ၁၉၈၈ ခုနှစ်က ဖြစ်ခဲ့တဲ့ ရှစ်လေးလုံး တော်လှန်ရေးတို့ကို ပြန်ကြည့်လိုက်ပါ။ တော်လှန်ရေး မှန်သမျှမှာ လူထုကြီးကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတာချည်းပဲ။

ဒါဆို တဖက်က ပြန်စဉ်းစားကြည့်ရအောင်၊ လူထုကြီးကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ တက်တက်ကြွကြွပါဝင်နေခြင်း မရှိတော့ရင် တော်လှန်ရေးလို့ ဆိုနိုင်ဦးမလား။

NLD ကိုသာ မဲပေးလိုက်ရင်၊ NLD သာ မဲနိုင်ပြီး အစိုးရဖွဲ့နိုင်ခဲ့ရင် သူတို့ဘဝတွေ တိုးတက်ပြောင်းလဲသွားမယ်လို့ ထင်မြင်ခဲ့ကြတဲ့ သာမန် လုပ်သားထုကြီးကိုယ်တိုင် လမ်းမပေါ်ထွက်တိုက်ခဲ့ကြတယ်။ စစ်အာဏာ ဖီဆန်ရေး လှုပ်ရှားမှုတွေမှာ အင်တိုက်အားတိုက် ပါဝင်ခဲ့ကြတယ်။ အထွေထွေ သပိတ်တွေ ဆင်နွှဲခဲ့ကြတယ်။ နောက်ဆုံး မြို့ပေါ် လူထုအုံကြွမှုအဆင့်ထိ တက်လှမ်း ခဲ့တယ်။ တနည်းဆိုရင် လူထုရဲ့ နိုင်ငံရေးတာဝန်က ဘုရှွာ နိုင်ငံရေး ပါတီတွေကို ၄-၅ နှစ်တကြိမ် မဲပေးရုံပဲဆိုတဲ့ အနေအထားကနေ သမိုင်းကို လူထုကိုယ်တိုင် အင်တိုက်အားတိုက် ဝင်ရောက် ဖန်တီးခဲ့ကြတယ်။ တော်လှန်ရေးတရပ်လို့ ပြောနိုင်ဖို့ အရေးအကြီးဆုံးအချက် ပြည့်မီခဲ့တယ်။ ဒါ့ကြောင့် နွေဦး တော်လှန်ရေးလို့ ခေါ်နိုင်ခြင်း ဖြစ်တယ်။

ဒါပေမယ့် တော်လှန်ရေးတရပ် အောင်ပွဲဆင်နိုင်ခြင်း၊ မဆင်နိုင်ခြင်းဆိုတာကျ ဒီလောက်နဲ့ မလုံလောက်ဘူး။ နေရာအသီးသီးက ထွက်ပေါ်လာတဲ့ တော်လှန်ရေး အင်အားတွေကို အခိုင်မာဆုံး စုစည်းပေးနိုင်တဲ့ တော်လှန်ရေး ပါတီတရပ်၊ တော်လှန်ရေး ခေါင်းဆောင်မှုတရပ် ရှိခဲ့သလားဆိုတဲ့အချက်ပေါ် မူတည်နေတယ်။ ဒီသဘောတရားကို နားလည်ဖို့ဆိုရင် ရေနွေးငွေ့စက်ကို အသုံးပြု မောင်းနှင်တဲ့ ရထားတစီးကို နမူနာ စဉ်းစားကြည့်ပါ။ ရထားကို မောင်းနှင်ပေးတာက ရေနွေးငွေ့စွမ်းအင်ပဲ၊ ဒါပေမယ့် ရေနွေးငွေ့စွမ်းအင်တွေကို စုစည်းပေးနိုင်တဲ့ piston box သာ မရှိခဲ့ရင် အဲဒီ ရေနွေးငွေ့တွေအားလုံး အငွေ့ပျံ ပျောက်ကွယ်သွားမှာပဲ။ ဒီလိုဆိုလို့ piston box က စွမ်းအင်ကို ဖန်တီးပေးတယ်၊ ရထားကြီးကို ရွေ့လျားစေတယ်လို့ မဆိုလိုဘူး။ ဒါပေမယ့်လည်း ရေနွေးငွေ့ စွမ်းအင်တွေကို စနစ်တကျ စုစည်းပေးနိုင်တဲ့ piston box သာ မရှိဘူးဆိုရင်လည်း ရထားကြီး မရွေ့နိုင်ပြန်ဘူး။

ဒီသဘောပဲ၊ လူသားသမိုင်း ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အင်တိုက်အားတိုက် အရှိန်သစ်တင်ပေးနိုင်တဲ့ တော်လှန်ရေးကို မောင်းနှင်တာ လူတန်းစား တိုက်ပွဲပဲ၊ တနည်းဆိုရင် လူထုကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ အင်တိုက်အားတိုက် ချဉ်းနင်းဝင်ရောက်လာခြင်းပဲ။ ဒါပေမယ့် ဒီလူထုကြီးရဲ့ တော်လှန်ရေး စွမ်းအင်တွေ လေလွင့် ဆုံးရှုံးမသွားအောင် မှန်ကန်တဲ့ နိုင်ငံရေး ပရိုဂရမ်၊ မှန်ကန်တဲ့ တော်လှန်ရေး မဟာဗျူဟာ၊ နည်းဗျူဟာတွေရှိတဲ့ တော်လှန်ရေး ပါတီတခုလိုအပ်တယ်။ ဒါမှသာ လူထုရဲ့ တော်လှန်ရေး စွမ်းအင်တွေကို အခိုင်အမာ စုစည်းပြီး တော်လှန်ရေး ဒီရေအမြင့်ဆုံး အဆုံးအဖြတ်ကာလမှာ အာဏာပြဿနာကို ဖြေရှင်းနိုင်မယ်။ အဲဒီ အဆုံးအဖြတ်ကာလဟာလည်း အချိန်အကြာကြီး တည်ရှိမနေနိုင်ဘူး။ တော်လှန်ရေး အင်အားစုတွေက ဒီအခိုက်အတန့်ကို အမိအရ ဖမ်းဆုပ် အသုံးချနိုင်ဖို့ အင်မတန် အရေးကြီးတယ်။ တော်လှန်ရေးရဲ့ သဘောသဘာဝကိုက အမြဲတမ်း ဖြစ်မနေနိုင်ဘူး။ အလုပ်သမားတွေက အမြဲတမ်း သပိတ်တိုက်ပွဲ ဝင်မနေနိုင်သလို ဝန်ထမ်းတွေကလည်း အမြဲတမ်း စီဒီအမ် မလုပ် နိုင်ဘူး။ လယ်သမားကလည်း မိုးကျရင် တောင်သူလုပ်ရမယ်၊ အမြဲတမ်း သူပုန်ထမနေနိုင်ဘူး။ ဒါ့ကြောင့် ရလာတဲ့ အချိန်တိုအတွင်း အဆုံးအဖြတ်ကာလမှာ မုဆိုးစိုင်သင်နည်းနဲ့ သင်ယူနေဖို့ အချိန်မရဘူး။ ဒီကာလမှာ အများ



သေးသေးလုပ်မိရင်တောင် အင်မတန် ကြီးလေးတဲ့ အဖိုးအခကို ပေးဆပ်ရတယ်။

တော်လှန်ရေး အင်အားစုတွေ ရင်ဆိုင်နေရတာ အုပ်စိုးသူ လူတန်းစား ဖြစ်တယ်၊ အုပ်စိုးသူ လူတန်းစား မှန်သမျှ သူတို့ရဲ့ အာဏာတွေ၊ စည်းစိမ်ဥစ္စာတွေကို ဝေသံသဲရာလို ရေစက်ချ ပေးဝေရိုးထုံးစံမရှိဘူး။ အဆုံးစွန်ထိ အကြမ်းဖက် ခုခံသွားမြဲ ဖြစ်တယ်။ ဒီလို အုပ်စိုးသူ လူတန်းစားရဲ့ အာဏာနဲ့ စီးပွားရေးဘဝကို ကာကွယ်ဖို့ resource တွေ အခိုင်အမာ ရှိထားပြီးသားလည်း ဖြစ်တယ်။ ဒီလိုမျိုး centralized and organized state ကို ရင်ဆိုင်ရတဲ့ လုပ်သားထုကြီးက 'တွဲတိုင်းမှာ စက်ခေါင်းပါတယ်ပေ့' ဆိုပြီး direction မျိုးစုံ ခုတ်မောင်းနေလို့ မရဘူး။ အဲဒါကြောင့်လည်း တော်လှန်ရေး မဖြစ်ခင် နှစ်ပေါင်းများစွာကတည်းက ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ အတွေ့အကြုံရင့် ကေဒါတွေနဲ့ တည်ဆောက်ထားတဲ့ တော်လှန်ရေး ပါတီတရပ် လိုအပ်တယ်၊ အဲဒီလို တည်ဆောက်ထားတဲ့ ပါတီတခုဟာ မြို့ပြ အလုပ်သမား လူတန်းစားကြားမှာ အခိုင်အမာ အမြစ်တွယ်ထားနိုင်မှ ရမယ်။ ဒီလို လူထု တော်လှန်ရေး ပါတီမျိုး ရှိထားမှသာ တော်လှန်ရေး ဒီရေမြင့်သစ် အခိုက်အတန့်လေးကို အမိအရ ဖမ်းဆုပ် အသုံးချနိုင်မယ်။

အဲဒီလို ကြိုတင်ပြင်ဆင်ထားတဲ့ လူထု တော်လှန်ရေး ပါတီကြီးတခု မရှိခဲ့လို့ အဆုံးအဖြတ်ကာလကို လက်လွှတ် ဆုံးရှုံးလိုက်ရရင် ဒီကနေ့ ဗမာပြည်မှာ ဖြစ်နေသလိုမျိုး အရက်စက်ဆုံး တန်ပြန် တော်လှန်ရေးဒဏ် ခံကြရမယ်။ ၁၉၁၇ ရုရှား တော်လှန်ရေးမှာ လီနင်၊ ထရော့စကီးတို့ ခေါင်းဆောင်တဲ့ ဘော်ရှီဗစ် ပါတီသာ မရှိခဲ့ရင် ဘာဖြစ်သွား မလဲ စဉ်းစားကြည့်ပါ။ ဝေးဝေးယှဉ်ကြည့်စရာ မလိုပါဘူး။ အောက်တိုဘာ တော်လှန်ရေးအပြီး တနှစ်အကြာ ဂျာမနီမှာ ဖြစ်ခဲ့တဲ့ တော်လှန်ရေးနဲ့ပဲ ယှဉ်ကြည့်ပါ။ ရုရှားဟာ အင်မတန် ခေတ်နောက်ကျတဲ့၊ လယ်သမား သန်း ၁၅၀ ရှိတဲ့ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်းသာ ဖြစ်တယ်။ အလုပ်သမား လူတန်းစားက လူဦးရေရဲ့ ၁၀% မပြည့်ဘူး။ ဂျာမနီက ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်။ ဒါပေမယ့် တကယ်တမ်း ဆိုရှယ်လစ် တော်လှန်ရေး အောင်ပွဲဆင်တော့ ခေတ်နောက်ကျ ပဒေသရာဇ်တပိုင်း ရုရှားမှာ။ ရှေ့တန်းရောက် အရင်းရှင်တိုင်းပြည် ဂျာမနီက တော်လှန်ရေးတွေ တချီပြီးတချီ ဆက်တိုက်ရှုံးခဲ့တယ်၊ နောက်ဆုံးမှာ နာဇီဖက်ဆစ်စနစ် ပေါ်ထွန်းခဲ့တယ်။ ဒါဖြင့် ခေတ်နောက်ကျ ပဒေသရာဇ်တပိုင်း ရုရှားလူ့အဖွဲ့အစည်းရဲ့ အလုပ်သမား လူတန်းစားက ဂျာမန် အလုပ်သမား လူတန်းစားထက် ပိုပြီး သတ္တိကောင်းလို့လား၊ ပိုပြီး လက်နက်ပြည့်စုံလို့လား၊ ပိုပြီး ပညာတတ်လို့လား။ မဟုတ်ပါ၊ ဆယ်စုနှစ်နဲ့ချီပြီး ကြိုတင်တည်ဆောက်ထားတဲ့ အလုပ်သမား လူတန်းစား တပ်ဦးပါတီကြီး အခိုင်အမာ ရှိနေခဲ့လို့ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်တယ်။ ဂျာမနီမှာ ဘော်ရှီဗစ်ပါတီလို တော်လှန်ရေး ပါတီ တည်ဆောက်မထားနိုင်ခဲ့ဘူး။ ဒ့ါကြောင့် အလဲလဲ အကွဲကွဲ ကျရှုံးခဲ့ရတယ်။

၂၀၂၁ နွေဦး တော်လှန်ရေးက မတ်လထဲမှာ အမြင့်ဆုံးအဆင့်ကို ရောက်ခဲ့တယ်။ အဆုံးအဖြတ် ကာလဖြစ်တယ်။ ဒါပေမယ့် လူထုရဲ့ တော်လှန်ရေး စွမ်းအင်တွေကို အထိရောက်ဆုံး၊ အကျစ်လစ်ဆုံးဖြစ်အောင် စုစည်းပေးနိုင်တဲ့ တော်လှန်ရေး ခေါင်းဆောင်မှု ရှိခဲ့သလား။ မရှိခဲ့ပါဘူး။ ဒ့ါကြောင့်လည်း အာဏာသိမ်း စစ်အုပ်စုရဲ့ တန်ပြန် အကြမ်းဖက်မှု၊ အပြင်းထန်ဆုံး ရက်စက်မှုဒဏ် ခံခဲ့ရပြီး အဖိနှိပ်ခံ လူထု သွေးချောင်းစီးခဲ့ရတယ်။ တော်လှန်ရေး ဒီရေထိုးကျသွားခဲ့တယ်။ အများစုသော လုပ်သားထုကြီး ခြေကုန်လက်ပန်းကျသွားခဲ့တယ်။ ဒီအခြေအနေကို လက်မခံနိုင်တဲ့ လူငယ်အလွှာတခုက တော်လှန်ရေးကို မရရတဲ့နည်းနဲ့ ဖန်တီးယူဖို့ ကြိုးစားလာတဲ့ အနေအထား ရောက်သွားခဲ့တယ်၊ တော်လှန်ရေးဆိုတာ လူထုကြီးကိုယ်တိုင် သမိုင်းဖြစ်ရပ်တွေထဲ အင်တိုက်အားတိုက် ချဉ်းနင်း ဝင်ရောက်လာခြင်းပဲလို့ နားလည်ထားရင် ကိုယ်ဖြစ်စေချင်တိုင်း ဖန်တီးယူလို့ ရနိုင်တဲ့အရာ မဟုတ်မှန်း သဘော ပေါက်နိုင်မယ်။

တော်လှန်ရေးတခုဟာ အမြင့်ဆုံး အဆင့်ရောက်ခဲ့ပြီးမှ 'subjective factor' ချို့တဲ့နေလို့ အဆုံးအဖြတ်ကာလကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီး တန်ပြန် တော်လှန်ရေး ဒဏ် အလူးအလဲခံခဲ့ရပြီဆိုရင် အခုလို ဒီရေ ထိုးကျသွားမယ်။ ဒီအခြေအနေမှာ လူတန်းစား တိုက်ပွဲကို ဗုံးတွေ၊ သေနတ်တွေနဲ့ ဖန်တီးယူလို့ မရဘူး။ ဘဏ်ဓားပြတိုက်တဲ့နည်းနဲ့ လုပ်ယူလို့ မရဘူး။ လက်နက်ကိုင် တော်လှန်ရေးဆိုသော အရာနဲ့လည်း အစားထိုး ဖန်တီးလို့ မရဘူး။

လင်းလက်ကြယ်





# D - Day (သို့) အွန်လိုင်းပေါ်က ဆူနာမီ

သူရိန်မွန်

"လက်နက်ကိုင်အုံကြွပုန်ကန်ခြင်း အောင်မြင်ဖို့ဆိုရင် လျှို့ဝှက်ကြံစည်ချက်(conspiracy) အပေါ် အားမပြုရဘူး၊ ပါတီတခုအပေါ် အားမပြုရဘူး၊ ရှေ့တန်းရောက် လူတန်းစားအပေါ် အားပြုထားရမယ်။ ဒါက ပထမအချက်။ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းဟာ လူထုရဲ့ တော်လှန်ရေး ဒီရေ တရှိန်ထိုး တက်နေခြင်း အပေါ် အားပြုထားရမယ်။ ဒါကဒုတိယ အချက်။ လက်နက်ကိုင် အုံကြွပုံကန်ခြင်းဟာ ရှေ့တန်းရောက် လူတန်းစားအကြား တော်လှန်လှုပ်ရှားမှု အမြင့်ဆုံးရောက်နေချိန်၊ ရန်သူ့ဘက်သားတွေကြား ယိမ်းယိုင်မှု အမြင့်ဆုံးရောက်နေချိန်၊ မပြတ်မသားနဲ့ အားသိပ်မကောင်းတဲ့ တော်လှန်ရေး မိတ်ဆွေတွေကြား ယိမ်းယိုင်မှု အများဆုံးဖြစ်နေချိန် အချိုးအကွေ့ ကာလအပေါ် အားကိုးအားထားပြုရမယ်။ ဒါကတတိယအချက်။" [မာ့(က်စ်)ဝါဒနဲ့ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်း၊ လီနင် စုပေါင်းကျမ်း၊ အတွဲ - ၂၆၊ စာမျက်နှာ -၂၃]

INUG က (စက်တင်ဘာလ ၇ ရက်နေ့) မှာ အရေးပေါ် အခြေအနေ သတ်မှတ်ပြီး ပြည်သူ့ လက်နက်ကိုင် ခုခံစစ် စတင်ကြောင်း ကြေညာခဲ့တယ်။ အွန်လိုင်းပေါ်ကနေ အရေးပေါ်အခြေအနေလို့ အော်ပြီး စစ်ကြေညာရတာ မခက်ပါဘူး။ ကြေညာသူတွေက ဘေးကင်းလုံခြုံရာ လွတ်မြောက်နယ်မြေ/ပြည်ပရောက်နေရင် ပိုတောင် လွယ်ပါသေးတယ်။ အင်တာနက်ကောင်းကောင်းရနေရင် ထကြေညာလို့ရတာပဲ။

INUG က အခုလို အရေးပေါ်အခြေအနေ မကြေညာခင်ကတည်းက လူထုကြားမှာ မျှော်လင့်ချက် အမှားတခု ရှိနေခဲ့တယ်။ စစ်အာဏာသိမ်း အစိုးရ ဖြုတ်ချရေး လက်နက်ကိုင် အဖွဲ့တွေအားလုံးက တနေ့တည်း တပြိုင်နက် ပုန်ကန်ထကြွလိမ့်မယ်လို့ မျှော်လင့်နေခဲ့ကြတယ်။ ပီဒီအက်(ဖ်)တွေ၊ တခြား ပြောက်ကျားအဖွဲ့တွေ အဆင်သင့် ဖြစ်တာနဲ့ စစ်အာဏာသိမ်း အစိုးရ ဖြုတ်ချဖို့ INUG က ဦးဆောင်ပြီး D-Day ခေါ် သူပုန်ထမယ်လို့ ထင်နေခဲ့တယ်။ အဲဒီလို D-Day ခေါ်ပြီး သူပုန်ထနိုင်ရင် အောင်ပွဲခံပြီလို့ ယူဆထားခဲ့ကြတယ်။ ဒီလို မျှော်လင့်ချက်အမှားပေးပြီး ထင်ယောင်ထင်မှား ဖြစ်နေအောင် လုပ်ထားကြတဲ့ လက်သည်တရားခံတွေက INUG အမူးပြုသော လစ်ဘရယ် ဘူဇွာတွေနဲ့ သူတို့ရဲ့ လော်ဘီတွေပဲ။ လူထုကို ဒီလို မှိုင်းတိုက်ထားပြီး စက်တင်ဘာ ၇ ရက်နေ့မှာ INUG က စစ် ကြေညာလိုက်ခြင်းဟာ လူထုကြား မျှော်လင့်ချက်အမှားတွေ ထပ်လောင်းအားဖြည့်ပေးလိုက်တာပဲ။

ဒါပေမယ့် စစ်အာဏာရှင် အစိုးရကို ဖြိုဖျက်ပစ်ဖို့ လက်နက်ကိုင် အုံကြွပုန်ကန်မှု လုပ်ရတာဟာ အွန်လိုင်းပေါ်ကနေ ကြေညာချက် ထုတ်ရတာလောက် ရိုးရှင်းလွယ်ကူမနေဘူး။ ကလေးကအစ သိကြပါတယ်။ Armed Insurrection လုပ်ဖို့ မလွယ်ကူမှန်း လူတိုင်း သိပါတယ်။ ဒ့ါအပြင် ကြေညာချင်တဲ့အချိန် ထကြေညာ၊ ချချင်တဲ့အချိန် ထချလို့ ဖြစ်တဲ့ကိစ္စ မဟုတ်ဘူး။ 'စစ်မိစ္ဆာ စစ်ဘီလူးတွေ ဒီလောက် ရက်စက်ယုတ်မာနေလို့ ပြည်သူတရပ်လုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရရာလက်နက် စွဲကိုင်ကာ ပုန်ကန်ကြလော့' ဆိုပြီး sentimental အရ ထကြွေးကြော်လို့ ဖြစ်တဲ့အရာမျိုးလည်း မဟုတ်ဘူး။ ဒီလောက် ရိုးရှင်းနေရင် တကမ္ဘာလုံး နေ့ချင်းညချင်း တော်လှန်ပုန်ကန်မှုတွေ ဖြစ်ပြီး လောကနိဗ္ဗာန် တည်ဆောက်နေနိုင်လောက်ပြီ။

လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းကိုစိတ်ခံစား ချက်သက်သက် အခြေခံပြီး လေလှိုင်း ဆူနာမီထလို့ မရဘူး။ "လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းကို art အနေနဲ့" လေးလေးနက်နက် သဘောထား လုပ်ဆောင်ရမယ်လို့ မာ့(က်စ်)ပြောခဲ့ဖူးတယ်။ "လက်နက်ကိုင် အုံကြွပုန်ကန်ခြင်း အောင်မြင်ဖို့ဆိုရင် လျှို့ဝှက်ကြံစည်ချက်(conspiracy) အပေါ် အားမပြုရဘူး၊ ပါတီတခုအပေါ် အားမပြုရဘူး၊ ရှေ့တန်းရောက် လူတန်းစားအပေါ် အားပြုထားရမယ်။ ဒါက ပထမအချက်။ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းဟာ လူထုရဲ့ တော်လှန်ရေး ဒီရေ တရှိန်ထိုး တက်နေခြင်း အပေါ် အားပြုထားရမယ်။ ဒါကဒုတိယ အချက်။ လက်နက်ကိုင် အုံကြွပုံကန်ခြင်းဟာ ရှေ့တန်းရောက် လူတန်းစားအကြား တော်လှန်လှုပ်ရှားမှု အမြင့်ဆုံးရောက်နေချိန်၊ ရန်သူ့ဘက်သားတွေကြား ယိမ်းယိုင်မှု အမြင့်ဆုံးရောက်နေချိန်၊ မပြတ်မသားနဲ့ အားသိပ်မကောင်းတဲ့ တော်လှန်ရေး မိတ်ဆွေတွေကြား ယိမ်းယိုင်မှု အများဆုံးဖြစ်နေချိန် အချိုးအကွေ့ ကာလအပေါ် အားကိုးအားထားပြုရမယ်။ ဒါကတတိယအချက်။"

[မာ့(က်စ်)ဝါဒနဲ့ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်း၊ လီနင် စုပေါင်းကျမ်း၊ အတွဲ - ၂၆၊ စာမျက်နှာ -၂၃]

Insurrection ကို art အနေနဲ့ အလေးအနက် သဘောထား ဆောင်ရွက်ရမယ်၊ ဘယ်လို အခြေအနေမှာမှ Insurrection ကို လုပ်ဆောင်နိုင်မယ်ဆိုတဲ့ မာ့က်စ်ရဲ့ သင်ကြားချက်တွေကို ၁၉၁၇ အောက်တိုဘာ အုံကြွမှု မတိုင်ခင် တလအလိုမှာ လီနင်က ပြန်လည် ရှင်းလင်းရေးသားခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၁၇ စက်တင်ဘာမှာ အဲဒီ သုံးချက်လုံး ပြည့်စုံနေပြီဖြစ်လို့ လက်နက်ကိုင် သူပုန်ထဖို့ အချိန်ကျနေပြီ ဖြစ်ကြောင်း ဘော်ရှီဗစ် ဗဟိုကော်မတီ ကို လီနင် ဆော်ဩခဲ့ခြင်း ဖြစ်တယ်။ ဒီစာထဲမှာပဲ ဇူလိုင် ၃-၄ ရက်လောက်က အခုလို အခြေအနေတွေ မရှိကြောင်း၊ ဒ့ါကြောင့် အဲဒီအချိန်မှာ လက်နက်ကိုင် သူပုန်ထခဲ့ရင် မအောင်နိုင်ကြောင်း လီနင်က နှိုင်းယှဉ် ဆန်းစစ်ပြခဲ့သေးတယ်။

ဇွန်နဲ့ဇူလိုင်လဆန်းမှာ -(၁)တော်လှန်ရေး တပ်ဦး လူတန်းစားရဲ့ ထောက်ခံမှု ငါတို့မှာ မရှိသေးဘူး။ ပီထရိုဂရက်နဲ့ မော်စကိုက အလုပ်သမား၊ စစ်သား ဆိုဗီယက်တွေအတွင်းမှာ မင်ရှီဗစ်နဲ့ ဆိုရှယ်လစ် ရက်ဗလူရှင်နရီတွေပဲ ထောက်ခံမှု အများစုရနေသေးတယ်။ ဘော်ရှီဗစ်တွေကထောက်ခံမှုအ နည်းစုသာ ရနေသေးချိန်ဖြစ်တယ်။ အခု စက်တင်ဘာ မှာ အများစုရနေပြီလို့ လီနင်က ကွာခြားချက်ကို ဆန်းစစ်ပြတယ်။

ဒ့ါကြောင့် ဇွန်-ဇူလိုင်မှာ ဘော်ရှီဗစ်တွေဘက် ရောက်လာတဲ့ စစ်သားတွေ၊ အလုပ်သမားတွေက လက်နက်ကိုင် အုံကြွချင်တာတောင် လီနင်၊ ထရော့စကီးတို့ခေါင်းဆောင်တဲ့ ဘော်ရှီဗစ်တွေက ပြန်ထိန်းခဲ့ရတယ်။ ပီထရိုဂရက် မြို့တော်မှာ သူတို့ အောင်ပွဲခံနိုင်တဲ့ အနေအထား ရှိနေပြီ။ ဒါပေမယ့် ပြန်ထိန်းခဲ့တယ်။ အကြောင်းအချက် မပြည့်စုံသေးဘူး။ တော်လှန်ရေး တပ်ဦး လူတန်းစားရဲ့ ထောက်ခံမှု အများစုရအောင် "patiently explain" လုပ်ရဦးမယ်ဆိုတဲ့ နည်းဗျူဟာကို ချမှတ်ကျင့်သုံးခဲ့ကြတယ်။

(ဒီနေရာမှာ အလျဉ်းသင့်လို့ ဖြည့်စွက်ဆွေးနွေးရရင် ဗမာပြည် တော်လှန်ရေးကာလမှာ တပ်ဦးဆိုတဲ့ စကားကို ကျယ်ကျယ်လောင်လောင်လေး သုံးလာကြတယ်။ လူလေး နှစ်ယောက်တပိုင်းနဲ့ ကိုယ့်ဘာသာ တပ်ဦး နာမည်ခံကြတာလည်း ရှိတယ်။ INUG ကို တပ်ဦးလို့ ကင်ပွန်းတပ်ကြတာလည်း ရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ တပ်ဦး ဆိုတဲ့သဘောတရားကို နားမလည်ကြမှန်း ပေါ်လွင်နေတယ်။ လီနင်တို့ ပြောတဲ့ တပ်ဦးဆိုတာ ရှေ့တန်း အရောက်ဆုံး လူတန်းစားကို ရည်ညွှန်းခြင်း ဖြစ်တယ်။ တော်လှန်ရေးကို ဦးဆောင်မယ့် လူတန်းစားကို ရည်ညွှန်း ပြောခြင်းဖြစ်တယ်။ တော်လှန်ရေးသမား အစုအဖွဲ့ တမျိုးမျိုးကို မဆိုလိုဘူး။ မာ့က်စ်၊ လီနင်တို့ အခိုင်အမာ ပြောခဲ့တဲ့ တော်လှန်ရေး တပ်ဦး လူတန်းစားဆိုတာ အလုပ်သမား လူတန်းစားပဲ။ လယ်သမားလည်း မဟုတ်ဘူး၊ ကျောင်းသားလည်း မဟုတ်ဘူး။ လယ်သမားထုနဲ့ ကျောင်းသားတွေဟာ အလုပ်သမား လူတန်းစားရဲ့ မဟာမိတ်တွေသာ ဖြစ်နိုင်တယ်။ လစ်ဘရယ် ဘူဇွာတွေက တော်လှန်ရေး



"စစ်အာဏာရှင် အစိုးရကို ဖြိုဖျက်ပစ်ဖို့ လက်နက်ကိုင် အုံကြွပုန်ကန်မှု လုပ်ရတာဟာ အွန်လိုင်းပေါ်ကနေ ကြေညာချက် ထုတ်ရတာလောက် ရိုးရှင်းလွယ်ကူမနေဘူး။ ကလေးကအစ သိကြပါတယ်။"

> "အလုပ်သမား လူတန်းစားဟာ တပ်ဦးက ထွက်တိုက်ခဲ့ပေမယ့် အလုပ်သမား လူတန်းစားရဲ့ ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်းတွေနဲ့ စုစည်းထားသော တော်လှန်ရေးပါတီတရပ်ကို ထူထောင်မထားနိုင်ခဲ့ဘူး။"

တပ်ဦး လူတန်းစား ဘယ်တော့မှ မဖြစ်နိုင်ဘူး)။

လီနင်က ဆက်ပြောတယ် -

(၂)အဲဒီအချိန်မှာတပြည်လုံးအတိုင်းအတာနဲ့တော်လှန်ရေး ဒီရေ တရှိန်ထိုး တက်နေတာမျိုး မရှိဘူး။ အခု ရှိနေပြီ။

(၃)အဲဒီအချိန်မှာ (ဖွန်-ဇူလိုင်လဆန်း) ငါတို့ရန်သူတွေနဲ့ မပြတ်မသား ပက်တီးဘူဇွာတွေကြားမှာ နိုင်ငံရေးအရ ယိမ်းယိုင်မှု ကြီးကြီးမားမား မရှိသေးဘူး။ အခု ယိမ်းယိုင်မှု ကြီးကြီးမားမား ရှိနေပြီ။ (ယင်းစာ -၂၄)

ဒီကနေ့အချိန်မှာ လီနင်ဆန်းစစ်ပြသွားတဲ့ အခြေအနေတွေ ရှိနေပြီလား။ ဆန်းစစ်ကြည့်ရအောင်။

တော်လှန်ရေး တပ်ဦး လူတန်းစားဖြစ်တဲ့ အလုပ်သမား လူတန်းစားဟာ ဖေဖော်ဝါရီလဆန်းကတည်းက ရှေ့တန်းက ထွက်တိုက်ခဲ့တယ်။ လစ်ဘရယ် လူလတ်တန်းစားတွေ ဂျင်းမိနေချိန်မှာ ရှေ့တန်းက ထွက် တိုက်ခဲ့ကြတယ်။ ဒီတချက်နဲ့တင် ဘယ်လူတန်းစားက တပ်ဦး ဖြစ်နိုင်သလဲ မြင်သာပါတယ်။ ဒါတင်မကသေး။ ကဏ္ဍပေါင်းစုံက အလုပ်သမား လူတန်းစားရဲ့ အထွေထွေ သပိတ်ကြီးဆင်နွှဲခဲ့လို့ လူ့အဖွဲ့အစည်း သွက်ချာပါဒ လိုက်သွားခဲ့ရသလို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လူထုကြီး တော်လှန်ရေးထဲ ပါဝင်လာခဲ့တယ်။

ဒါတွေဟာ လွန်ခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ်လက ဖြစ်ခဲ့တဲ့ အခြေအနေ။ အလုပ်သမား လူတန်းစားဟာ တပ်ဦးက ထွက်တိုက်ခဲ့ပေမယ့် အလုပ်သမား လူတန်းစားရဲ့ ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်းတွေနဲ့ စုစည်းထားသော တော်လှန်ရေးပါတီတရပ်ကို ထူထောင်မထားနိုင်ခဲ့ဘူး။ လစ်ဘရယ် ဘူဇွာတွေကိုသာ ခေါင်းဆောင်မှုနေရာ ထမ်းတင်ပေးထားခဲ့တယ်။ သိုးဆောင်း စကားပုံတခုအတိုင်း ဆိုရရင် ခြသေ့်တွေကို မြည်းက ဦးဆောင်သလို ဖြစ်ခဲ့တယ် (ဖြစ်နေတယ်)။

ဒီတော့ လက်ရှိအချိန်မှာ တော်လှန်ရေး တပ်ဦး လူတန်းစား ဘယ်လို အနေအထား ဖြစ်နေလဲ။ ခြေကုန်လက်ပန်း ကျပြီး ငတ်မသေအောင် ၃၆၀၀ နဲ့ အလုပ် ဝင်လုပ်နေရပြီ မဟုတ်ပါလား။ Insurrection အောင်မြင်ဖို့ ပထမဆုံး အချက်ဖြစ်တဲ့ ရှေ့တန်းရောက် လူတန်းစားကို ဘယ်လို အားပြုကြမလဲ။ အလုပ်သမား သမဂ္ဂတောင် စုစည်း လှုပ်ရှားလို့ မရအောင် ဖရိုဖရဲ ဖြစ်နေတဲ့အချိန်မှာ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းကို ဘယ်လို စုစည်း ပြင်ဆင် ထားကြသလဲ။ အလုပ်သမား လူတန်းစားကို တောထဲခေါ်၊ စစ်သင်တန်းပေးတိုက်ခိုင်းမယ်လို့ စိတ်ကူးယဉ်တဲ့ အထိ မရူးသွပ်ဘူး ထင်ပါတယ်။

လက်နက်ကိုင် အုံကြွပုန်ကန်ခြင်း အောင်မြင်ဖို့ တပ်ဦး လူတန်းစား တရပ်တည်း ထကြွနိုးကြားနေရုံနဲ့ မဖြစ်မှန်း မာ့(က်စ်)၊ လီနင်တို့ ကောင်းကောင်း နားလည်တယ်။ ဒ့ါကြောင့် ဒုတိယတချက်အနေနဲ့ nationwide revolutionary upsurge of the people ရှိရမယ်လို့ အလေးအနက် ပြောခဲ့ကြတယ်။ အခု ဗမာပြည်မှာ ရှိသလား။ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီမှာ ရှိခဲ့တယ်။ အခု မရှိတော့ဘူး။ လူဆယ်ဂဏန်းလောက် မိနစ်ပိုင်းလေး ဘွားကနဲ ပေါ်လာပြီး "Accept NUG, Reject Military" အော်ပြနေရတဲ့ အခြေအနေဟာ တခွင်လုံးအတိုင်းအတာနဲ့ တော်လှန်ရေး ဒီရေ ထိုးတက်နေတဲ့ လက္ခဏာလား၊ ထိုးကျသွားတဲ့ လက္ခဏာလား ဦးနှောက်ရှိသူတိုင်း သိပါတယ်။

တတိယတချက်က ကြီးထွားနေသော တော်လှန်ရေး သမိုင်းရဲ့ အချိုးအကွေ့ကာလကို အားထားရမယ်။ အခု တော်လှန်ရေးဒီရေထိုးကျနေတာလား၊ ကြီးထွားနေတာလား ကြည့်လိုက်တာနဲ့ တတိယ အခြေအနေလည်း မရှိဘူးဆိုတာ ထင်းခနဲတွေ့ရမယ်။ ရှေ့တန်းအရောက်ဆုံး လူတန်းစားလည်း ငတ်မသေရုံ လုပ်ခလေးနဲ့ ရုန်းကန်နေရပြီ၊ အလုပ်ခွင်တွင်း နိုင့်ထက်စီးနင်း ဖိနှိပ်မှုတွေတောင် ပြန်မတိုက်နိုင်လှအောင် အားချိနေပြီ။ ဒီအနေအထားဟာ turning point လား၊



တန်ပြန် တော်လှန်ရေးဒဏ် အလူးအလဲခံနေရတဲ့ အနေအထားလား၊ ချင့်ချိန် သုံးသပ်ကြပါလေ။ ဒီလို အခြေအနေမှာ Insurrection ကိုစိတ်ကူးယဉ်ရင် Blanquism လို့ မာ့(က်စ်)၊ လီနင်တို့ ဝေဖန်ကြတယ်။ အဲဒီဝေါဟာရနဲ့ မရင်းနှီးသူတွေအတွက်တော့ Adventurism လို့နားလည်နိုင်ပါတယ်။

Adventurism ဆိုတာ opportunism ရဲ့ ထုတ်ကုန်ဖြစ်တယ်။ လစ်ဘရယ် ဘူဇွာ လူတန်းစား ပါတီ NLD က ဆင်းသက်လာတဲ့ CRPH, INUG တို့ဟာ တလျှောက်လုံး opportunist line (အချောင်သမား လမ်းစဉ်) ကိုသာ ကျင့်သုံးခဲ့ကြတယ်။ ရင်ကြားစေ့ရေး ခေါ် စစ်တပ်ကို အလျှော့ပေး ချော့မြူအလုပ်အကျွေးပြုရေး လမ်းစဉ်ဆိုတာ အချောင်သမား လမ်းစဉ်ပဲ။ NLD တသက်လုံး လျှောက်ခဲ့တာ ဒီလမ်းပဲ။ ဒါတွေက အတိတ်တုန်းက ကိစ္စတွေပါလို့ ခပ်ပေါ့ပေါ့ သဘောထားလိုသူတွေ ရှိတယ်။ ထားနိုင်ပါတယ်။ ဒါပေမယ့် မေ့ထားလို့ မရတာက လူထု ထောက်ခံမှု ရထားတဲ့ NLD က လူထုအားနဲ့ စစ်အာဏာရှင်စနစ်ကို မတိုက်ဖျက်ခဲ့လို့၊ စစ်အရင်းရှင်တွေ၊ ခရိုနီတွေရဲ့ စီးပွားရေး ပိုင်ဆိုင်မှုတွေကို ပြည်သူပိုင် မသိမ်းခဲ့ဘဲ လက်ကျန် ပြည်သူပိုင် လုပ်ငန်းတွေကိုတောင် စစ်ဗိုလ်ချုပ်ကြီးတွေ နဲ့ ခရိုနီတွေရဲ့ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပေးခဲ့လို့ အခုလို စစ်အုပ်စုက အာဏာသိမ်းချင်တဲ့အချိန် ထသိမ်းနိုင်တဲ့ အခြေအနေ အကြောင်းအချက်တွေ ရှိနေတာပဲ။ ဒါဟာ ၂၀၀၈ ခြေဥ ပြင်ရေး၊ ဖျက်ရေး ပြဿနာထက် ပိုပြီး အခြေခံကျတဲ့ အကြောင်းရင်းဖြစ်တယ်။

NLD က အတိတ် ဆယ်စုနှစ်မှာပဲ ဒီလို အချောင်သမား လမ်းစဉ်ကို လိုက်ခဲ့တာ မဟုတ်ဘူး။ မင်းအောင်လှိုင်က အာဏာသိမ်းတော့မယ်ဆိုတာ NLD ခေါင်းဆောင်ပိုင်း ကြိုသိခဲ့တယ်။ ဒါပေမယ့် NLD ခေါင်းဆောင်ပိုင်းက လူထုကို အမှန်အတိုင်း ထုတ်မပြောခဲ့ပါဘူး။ စစ်ခေါင်းဆောင်တွေနဲ့ ကြိတ်ညှိဖို့သာ ကြိုးစားခဲ့တယ်။ ကြိတ်ညှိလို့ မရတော့လည်း အထုပ်လေးပိုက်ပြီး အသာတကြည် အဖမ်းခံလိုက်ကြတာပဲ။ သူတို့ကို တခဲနက် ထောက်ခံနေတဲ့ လူထုကို အခြေအနေမှန် ရှင်းပြပြီး လူထုကို တပ်လှန့်ထားခဲ့သလား။ စစ်အာဏာသိမ်းပွဲကို လူထုအားနဲ့ တိုက်ဖို့ လူထုကို ဆော်ဩစည်းရုံးပြင်ဆင်တာ ဘာတခုမှ မလုပ်ခဲ့ဘူး။ ရလဒ်ကတော့ မင်းအောင်လှိုင် စစ်တပ်က သေနတ် တချက် မဖောက်လိုက်ရဘဲ အေးအေးဆေးဆေး အာဏာသိမ်းသွားနိုင်တာပဲ။ ဒီလို ဖြစ်ရခြင်းရဲ့ အဓိက တရားခံ ဟာ အချောင်သမား လမ်းစဉ် ကျင့်သုံးခဲ့တဲ့ NLD ခေါင်းဆောင်ပိုင်းသာ ဖြစ်တယ်။

ဒီမှာတင် သူတို့ရဲ့ လူထု သစ္စာဖောက်လုပ်ရပ်ဟာ အင်မတန် ထင်ရှားနေခဲ့ပြီ။ ဒါပေမယ့် ဒီသစ္စာဖောက် လုပ်ရပ်က အစပဲ ရှိသေးတယ်။ စစ်တပ်က ဖမ်းသွားပြီး ပြန်လွှတ်ပေးလိုက်တဲ့ NLD ခေါင်းဆောင်တွေဟာ စစ်တပ်ကို ကျေးဇူးတင်ကြောင်း လူသိရှင်ကြား ထုတ်ပြောခဲ့ကြတယ်။ လူထုအားနဲ့ တိုက်ဖို့ သူတို့မှာ လုံးဝ စိတ်ကူးမရှိခဲ့ဘူး။ စိတ်ကူးမရှိရုံမက၊ NLD လော်ဘီတွေ ပက်တီးဘူဇွာ လစ်ဘရယ်တွေက လူထုကို လမ်းပေါ်မထွက်အောင် အမျိုးမျိုး ဂျင်းထည့် ဟန့်တားခဲ့ကြတယ်။ ၇၂ နာရီဂျင်း၊ R2P ဂျင်း၊ စသဖြင့်။

နောက်ဆုံး လူထုကိုယ်တိုင် လမ်းပေါ်ထွက်တိုက်တဲ့ အဆင့်ရောက်နေတာတောင် NLD ခေါင်းဆောင်ပိုင်းက NLD အလံ မသုံးဖို့ တားခဲ့သေးတယ်။ ပြည်လုံးကျွတ် အထွေထွေ သပိတ်တိုက်ပွဲကြီး ဖြစ်ပွားနေချိန်၊ တော်လှန်ရေး ဒီရေ အမြင့်ဆုံး ရောက်နေချိန်မှာ NLD က ပေါက်ဖွားလာတဲ့ CRPH က လူထုကို လက်နက်ကိုင် အကြမ်းမဖက်ဖို့၊ ကြားကာလ ပအဖ အစီအစဉ်ကို နယ်မြေခံ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညွှန်ကြားခဲ့တယ်။ ဒီလုပ်ရပ်တွေဟာ အရက်စက်ဆုံး လူသတ် မုဒိမ်းတပ်နဲ့ ရင်ဆိုင်နေရတဲ့ လူထုကို အကာအကွယ်မဲ့စေခဲ့တယ်။ သားသတ်သမားရှေ့ လည်စင်းခံစေတဲ့ လုပ်ရပ်တွေ ဖြစ်တယ်။ တချိန်တည်းမှာ CDM ကို အလွန်အကျွံ မြှောက်ပင့်ပေးပြီး စီဒီအမ် ဘယ် နရက် ဘယ်နလ တောင့်ခံရင် စကစ ပြုတ်ကျပြီဆိုတဲ့ မျှော်လင့်ချက်အမှားတွေ ပေးခဲ့တယ်။ စီဒီအမ် လှုပ်ရှားမှုကို ပုဂ္ဂလိက၊ အစိုးရ ကဏ္ဍပေါင်းစုံက ဝန်ထမ်းပေါင်းစုံ အထွေထွေ သပိတ်ကြီးအဖြစ် အရှိန်ဆွဲတင်ရမယ့်အစား ဝန်ထမ်းတဦးချင်းစီရဲ့ ကိုယ်ကျင့်တရား အခြေခံ abstinence လုပ်ရပ်အဖြစ် ပုံဖော်ခဲ့တယ်။ ဝန်ထမ်း သပိတ် ကော်မတီတွေ အားကောင်းမောင်းသန် ပေါ်ထွန်းလာအောင် ဦးဆောင် လမ်းပြပေးရမယ့်အစား တဦးချင်းစီ အလုပ်မဆင်းရင် အောင်ပွဲခံနိုင်ပြီလို့ ထင်ယောင်ထင်မှား ဖြစ်စေခဲ့တယ်။

ခေါင်းဆောင်မှုနေရာ ခွထိုင်ထားတဲ့ လစ်ဘရယ် ဘူဇွာတွေက ဒီလို တလျှောက်လုံး အချောင်သမား လမ်းကိုပဲ လျှောက်ခဲ့လို့ တော်လှန်ရေး ဒီရေအမြင့်ဆုံး ကာလမှာ အာဏာပြဿနာကို မဖြေရှင်းနိုင်ခဲ့ဘူး။ တော်လှန်ရေး ဒီရေအမြင့်ဆုံး အဆုံးအဖြတ်ကာလမှာ စနစ်တကျပြင်ဆင်ထားတဲ့ လက်နက်ကိုင် သူပုန်ထခြင်း မလုပ်နိုင်ခဲ့ဘူး။ ဒေသအလိုက်၊ မြို့တမြို့ချင်းစီအလိုက် စနစ်တကျပြင်ဆင်မထားတဲ့ spontaneous uprising တွေသာ ဖြစ်ခဲ့တယ်။ ဒ့ါကြောင့် ရန်သူ စစ်တပ်က အရက်စက်ဆုံး အကြမ်းဖက် ချေမှုန်းနိုင်ခဲ့တယ်။ လှိုင်သာယာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ ပဲခူးမြို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ကလေးမြို့ အစုံလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ စသဖြင့်။

တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ခွထိုင်ထားသူ လစ်ဘရယ် ဘူဇွာတွေ တလျှောက်လုံး အချောင်သမားလမ်းစဉ် ကျင့်သုံးခဲ့လို့ တော်လှန်ရေး လှုပ်ရှားမှုကြီး အလဲလဲ အကွဲကွဲ ဖြိုခွဲခံခဲ့ရပြီးမှ၊ တော်လှန်ရေးဒီရေထိုးကျသွားပြီး လက်နက်ကိုင် အုံကြွပုန်ကန်နိုင်တဲ့ အခြေအနေ အကြောင်းအချက်တွေ မရှိတော့မှ အခုလိုစစ်ထကြွေညာတာ Adventurism ပဲဖြစ်တယ်။ ဒါဟာ သူတို့ တလျှောက်လုံး ကျင့်သုံးခဲ့တဲ့ အချောင်သမား လမ်းစဉ်ကြောင့် ဖရိုဖရဲဖြစ်သွားတဲ့ အရှိတရားကို ဖုံးဖိဖို့ ကြိုးစားတဲ့ လုပ်ရပ်သာ ဖြစ်တယ်။ အာဏာသိမ်း စစ်အစိုးရကို ဘယ်လိုမှ လက်မခံနိုင်တဲ့ လူထုရဲ့ အမျက်ဒေါသကို အသုံးချပြီး သူတို့ရဲ့ နိုင်ငံရေး ထောက်ခံမှု မကျဆင်းအောင် လှည့်ဖျားတဲ့ နည်းပဲ။ ဒ့ါကြောင့် Adventurism ဆိုတာ အချောင်သမားဝါဒရဲ့ ထုတ်ကုန်ပဲ ဆိုရခြင်း ဖြစ်တယ်။

ဒီလို Adventurism ထလုပ်တဲ့ လစ်ဘရယ် ဘူဇွာတွေဟာ လက်နက်ကိုင် သူပုန်ထခြင်းကို အလေးအနက်လည်း မထားသလို တကယ်လည်း မယုံကြည်ပါဘူး။ လူထုကြား ရှိနေတဲ့ မျှော်လင့်ချက်အမှားကို အားကောင်းအောင် ထပ်လုပ်ပြီး နိုင်ငံရေးအရ ဆက်လက် အသုံးချသွားဖို့သာ ဖြစ်တယ်။

> "လက်နက်ကိုင် အုံကြွပုန်ကန်ခြင်း အောင်မြင်ဖို့ တပ်ဦး လူတန်းစား တရပ်တည်း ထကြွနိုးကြားနေရုံနဲ့ မဖြစ်မှန်း မာ့(က်စ်)၊ လီနင်တို့ ကောင်းကောင်း နားလည်တယ်။"

## လက်နက်ကိုင် အုံကြွပုန်ကန်မှုကို ကလေးကစားစရာ မထင်လေနဲ့

လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းဆိုတာ နိုင်ငံရေး တိုက်ပွဲ အထူးပုံစံ တမျိုး ဖြစ်တယ်၊ ဒါ့ကြောင့် အထူး ဥပဒေတွေ ရှိတယ်။ လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းကို “art” အနေနဲ့ အထူးအလေးပေး ပြောကြားခဲ့တဲ့ မာ့(က်စ်)က ဒီတိုက်ပွဲပုံစံရဲ့ အခြေခံ နိယာမတွေကို ရှင်းပြခဲ့သေးတယ်။

(၁)လက်နက်ကိုင် အုံကြွပုန်ကန်မှုနဲ့ ဘယ်တော့မှ မကစားလေနဲ့၊ ဒါပေမယ့် စမိရင်တော့ အဆုံးထိ သွားရမယ် ဆိုတာ အခိုင်အမာ သိထားရမယ်။

(၂)အဆုံးအဖြတ်ပြုနိုင်သော အချိန်အခါ၊ အဆုံးအဖြတ်ပေးနိုင်တဲ့ ဆုံချက်မှာ ကိုယ့်ဘက်က သာလွန်အင်အား အများဆုံး စုစည်းပြီးတိုက်ပါ။ အဲလိုမလုပ်မိရင် ပြင်ဆင်မှု၊ စုဖွဲ့မှု ပိုအားကောင်းတဲ့ ရန်သူက သူပုန်တွေကို ချေမှုန်း သွားလိမ့်မယ်။

(၃)လက်နက်ကိုင် ပုန်ကန်မှု စလိုက်တာနဲ့ ပိုင်းဖြတ်ချက် အခိုင်အမာဆုံးထားပြီး တိုက်ရမယ်၊ နည်းပေါင်းစုံသုံးပြီး ထိုးစစ်ဆင်ရမယ်။ ‘ခံစစ်ဟာ လက်နက်ကိုင် အုံကြွပုန်ကန်မှုတိုင်း သေဆုံးဖို့ပဲ’။

(၄)ရန်သူကို အလစ်အငိုက်ဖမ်း တိုက်နိုင်အောင် လုပ်ရမယ်၊ ရန်သူ့အင်အားတွေ ပြန့်ကျဲနေတဲ့ အခါသမယကို အမိအရ အသုံးချနိုင်ရမယ်။

(၅)ဘယ့်လောက်ပဲ သေးငယ်တဲ့ အောင်မြင်မှုဖြစ်ပါစေ၊ နေ့တဓူဝ အောင်ပွဲတွေရရှိအောင် ရန်းကန်ရမယ်။ (မြို့တမြို့တည်းအတွက်ဆိုရင် နာရီတိုင်း အောင်ပွဲခံနေရမယ်လို့ ပြောချင်ပြောနိုင်တယ်)။ ‘စိတ်ဓာတ်ရေးရာ အသာစီးရမှု’ ကို အစွမ်းကုန် ကြိုးစားပြီး ထိန်းထားရမယ်။” (Advice of an onlooker, လီနင် စုပေါင်းကျမ်း အတွဲ-၂၆၊ စာ-၁၈၁)


မာ့(က်စ်)နဲ့ လီနင်တို့ ရှင်းပြခဲ့တဲ့ အခြေခံ နိယာမတွေကို အလေးအနက် စဉ်းစားကြည့်မယ်ဆိုရင် INUG လို ဒီဒေး ကြေညာပြီး အွန်လိုင်း ဆူနာမီထတာဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ လူထုကို သေတွင်းထဲ တွန်းပို့တာပဲလို့ ကောက်ချက်ချနိုင်တယ်။

Insurrection တခု အောင်အောင်မြင်မြင် ဆင်နွှဲနိုင်ဖို့ လိုအပ်တဲ့ အခြေအနေတွေကို အပေါ်မှာ တင်ပြခဲ့တယ်။ အခုကာလမှာ တချက်မှ မရှိဘူး။ ဒါ့အပြင် INUG ရဲ့ လုပ်ရပ်ဟာ လက်နက်ကိုင် အုံကြွပုန်ကုန်မှုရဲ့ အခြေခံကျဆုံး ဥပဒေသကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီး လူထုကို သေတွင်းထဲ တွန်းပို့လိုက်တာပဲ။ သူတို့က အွန်လိုင်းပေါ်မှာ ဆူနာမီထပြလိုက်တာပဲ။ မြေပြင်မှာ တကယ်သေရတာက သူတို့လို လွတ်မြောက်ရာ မပြေးနိုင်တဲ့ အလုပ်သမား၊ လယ်သမား အဖိနှိပ်ခံ လူထု။ ဒါ့ကြောင့် INUG ဟာ ခေါင်းဆောင်မှုနေရာ ခွထိုင်ထားပေမယ့် တော်လှန်ရေး တပ်ဦးလည်း မဟုတ်သလို တော်လှန်ရေး မဟာမိတ်လည်း မဟုတ်ဘူး။ ဖောက်ပြန်ယိုယွင်းနေသော အချောင်သမားတသိုက်သာ ဖြစ်တယ်။ သူတို့ရဲ့ ဖောက်ပြန်မှားယွင်းမှုကို မျက်နှာဖုံးခွာ၊ ဝေဖန်တိုက်ဖျက်ပြီး မှန်ကန်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ရှာဖွေကြရမယ်။စတာလင်၊ မော်တို့ရဲ့ ကျေးလက်အခြေခံ မြို့ကိုဝိုင်း ရေရှည်စစ် မဟာဗျူဟာ နဲ့ လီနင်၊ ထရော့စကီးတို့ရဲ့ ဘော်ရှီဗစ် မဟာဗျူဟာ အကြောင်း နောက်လမှာ သီးသန့် ဆွေးနွေးသွားပါမယ်။

သူရိန်မွန်



WORLD AFFAIRS



JOE ATTARD

စစ်အာဏာသိမ်းခြင်းကို တုံ့ပြန်ဖို့ ခေါင်းထောင်ထလာတဲ့ ဆူဒန် တော်လှန်ရေး

# Sudan: revolution raises its head in response to military coup

JOE ATTARD

# Sudan: revolution raises its head in response to military coup

# စစ်အာဏာသိမ်းခြင်းကို တုံ့ပြန်ဖို့ ခေါင်းထောင်ထလာတဲ့ ဆူဒန် တော်လှန်ရေး

ဆူဒန်နိုင်ငံရဲ့ အကူးအပြောင်းကာလ အစိုးရကို စစ်အာဏာသိမ်းပြီး ဖြုတ်ချလိုက်ပြီ။ ခြိမ်းခြောက်ခံနေရတာ ကြာပြီဖြစ်တဲ့ ဒီအာဏာသိမ်းမှုဟာ ၂၀၁၉ လူထုအုံကြွမှု ခေါင်းဆောင်တွေနဲ့ တန်ပြန်တော်လှန်ရေး အင်အားစုတွေကြား ရင်ကြားစေ့ဖို့ ကြိုးပမ်းခဲ့ခြင်းကြောင့် မလွဲမရှောင် ဖြစ်ပေါ်လာခဲ့တဲ့ အကျိုးဆက်ဖြစ်တယ်။ ဒေါသပုန်ထနေတဲ့ လူထုက လမ်းမတွေပေါ် အလုံးအရင်းနဲ့ ပြန်တက်လာခဲ့တယ်။ ဆူဒန်တော်လှန်ရေး အင်အားတွေ ခြေကုန်လက်ပန်းကျမသွားသေးကြောင်း ပြလိုက်တဲ့သဘောပဲ။ ဖောက်ပြန်ရေးသမား စစ်ခေါင်းဆောင်တွေကို အပြီးတိုင် အလဲထိုးပစ်ဖို့ အခုချိန်မှာ တရစပ် တိုက်ပွဲဝင်ကြရမယ်။ (ဒီလိုတွေဖြစ်လာဦးမယ်လို့သုံးသပ်ခန့်မှန်းထားခဲ့တဲ့ ၂၀၁၉တုန်းကဆောင်းပါးကိုဒီကနေဝင်ဖတ်ကြည့်ပါ။

https://www.marxist.com/sudan-no-to-a-rotten-compromise.html

**အောက်တိုဘာ** ၂၅ ရက်နေ့ မနက်ခင်းစောစောမှာ ဗိုလ်ချုပ် Abdel Fattah al-Burhan ခေါင်းဆောင်တဲ့ စစ်တပ် အဖွဲ့ဝင်တွေက လစ်ဘရယ် ဝန်ကြီးချုပ် Abdalla Hamdok နဲ့ သူ့ဇနီးကို နေအိမ်ကနေ ပြန်ပေးဆွဲသွားခဲ့တယ်။ တခြားနိုင်ငံရေးခေါင်းဆောင် အတော်များများကိုလည်း ဖမ်းဆီးထားတယ်။ အစိုးရပိုင် တီဗွီ ကွန်ယက် သတင်း ဒါရိုက်တာကိုလည်း ဖမ်းထားခဲ့တယ်။ ဆူဒန်နိုင်ငံရဲ့ လေကြောင်း ခရီးစဉ်တွေအားလုံး ရပ်ဆိုင်းပစ်လိုက်တယ်။ အင်တာနက်လိုင်းတွေ ဖြတ်တောက်ပစ်ခဲ့တယ်။ ဒီနောက် Burhan က တီဗွီကနေ အရေးပေါ် အခြေအနေ ကြေညာပြီး ပြည်သူလူထုကို မိန့်ခွန်းပြောခဲ့တယ်၊ ၂၀၂၃ ဇူလိုင်မှာ ရွေးကောက်ပွဲ အသစ်တွေ ကျင်းပချိန်အထိ စစ်အုပ်ချုပ်ရေး ကျင့်သုံးသွားမယ်လို့ ပြောခဲ့တယ်။

Hamdok အဖမ်းခံရတယ်ဆိုတာနဲ့ ဆူဒန် ပရော်ဖက်ရှင်နယ်များ အသင်း (SPA ဆိုတာ ၂၀၁၈-၁၉ တော်လှန်ရေး ကာလရဲ့ ခေါင်းဆောင်အဖွဲ့အစည်း) က ထုတ်ပြန်ချက်တစောင် ချက်ချင်းထုတ်လိုက်တယ်၊ "ဆူဒန်လူထု၊ တော်လှန်ရေး အင်အားစုတွေနဲ့ ကျေးလက်မြို့ပြအားလုံးက ရပ်ကွက်အသီးသီးမှာရှိတဲ့ ခုခံကာကွယ်ရေး ကော်မတီတွေအားလုံး လမ်းမကြီးတွေပေါ်ထွက်တိုက်ဖို့၊ လမ်းမကြီးတွေကို အပြီးတိုင် သိမ်းပိုက်ဖို့" ဆော်ဩလိုက်တယ်။ ကွန်မြူနစ်ပါတီကလည်း စစ်အာဏာသိမ်းခြင်းကို တွန်းလှန်ဖယ်ရှားပစ်ဖို့ သပိတ်တိုက်ပွဲ ခေါ်သံပေးလိုက်တယ်။

လူထုဆီက တုံ့ပြန်မှုကလည်း ချက်ချင်းပဲ။ ထောင်ပေါင်းများစွာသော ဆန္ဒပြ လူတန်းကြီးတွေဟာ Khartoum (ဆူဒန်ရဲ့ မြို့တော်) က စစ်ရုံးချုပ်တွေဆီ ချီတက်ခဲ့ကြတယ်၊ ဆန္ဒပြသူတွေထဲမှာ အမျိုးသားတွေ၊ အမျိုးသမီးတွေ၊ လူကြီးတွေ၊ ကလေးတွေ အစုံပဲ၊ အားလုံးက အလံတွေ ဝှေ့ရမ်းပြီး ကြွေးကြော်ချီတက်သွားကြတယ်၊ ဆန္ဒပြသူ တော်တော်များများရဲ့ လက်ထဲမှာ တုတ်တွေ၊ ကာကွယ်ရေး ပစ္စည်းကိရိယာတွေနဲ့ တခြား အသုံးများတဲ့ ပစ္စည်းတွေ ဆွဲကိုင်ထားကြတယ်။ မြို့တော်တဝှမ်း ဆန္ဒပြပွဲတွေ လူတသန်းကျော် ပါဝင်ခဲ့တယ်လို့ ဖော်ပြကြတယ်။ လမ်းမကြီးတွေနဲ့ တံတားတွေ ပိတ်ဆို့ပစ်ဖို့ လူထုကိုယ်တိုင် ဘယ်ရီကိတ်တွေ ဆောက်လိုက်ကြတယ်။ အကြမ်းဖက် ဖြိုခွဲရေး တပ်ဖွဲ့တွေကို ဟန့်တားဖို့ရာ တာယာတွေကို မီးရှို့ပစ်ကြတယ်။

အလုပ်သမား အဖွဲ့တွေ၊ Khartoum တက္ကသိုလ် ပါမောက္ခ သမဂ္ဂနဲ့ ဆူဒန် လေယာဉ်မှူး သမဂ္ဂ အမှုဆောင် ကော်မတီလို ပရော်ဖက်ရှင်နယ် အဖွဲ့အစည်းတွေက သူတို့အဖွဲ့ဝင်တွေကို လမ်းမပေါ်က တိုက်ပွဲတွေမှာ ပါဝင်ကြဖို့ ဆော်ဩကြတယ်။ လေယာဉ်မှူး သမဂ္ဂ အမှုဆောင်ကော်မတီဆိုရင် "အထွေထွေ သပိတ်မှောက်ပြီး စစ်အာဏာဖီဆန်ကြောင်း" ကြေညာခဲ့တယ်၊ "လေကြောင်းလုပ်ငန်းမှာရှိကြတဲ့ အလုပ်သမားတွေ၊ လေယာဉ်မှူးတွေအားလုံး လမ်းမပေါ်ထွက်ပြီး ဆူဒန် လူထု တော်လှန်ရေးကို ကာကွယ်ကြဖို့"လည်း နှိုးဆော်ခဲ့တယ်။ ဒီလူထုတိုက်ပွဲကို တန်ပြန်တဲ့အနေနဲ့ Burhan က ဆူဒန် အလုပ်သမား သမဂ္ဂများ စီမံခန့်ခွဲရေး ကော်မတီတွေကို ဖျက်သိမ်းပစ်လိုက်တယ်။

အမြဲတမ်း စစ်တပ်နဲ့ ကြောက်မက်ဖွယ် Janjaweed Rapid Support Forces (RSF) လူမျိုးစု လက်ရုံးတပ်တွေ နှစ်မျိုးလုံး ပါဝင်တယ်လို့ ယူဆရတဲ့ လက်နက်ကိုင်တပ်တွေ ဆန္ဒပြလူထုကို ဖြိုခွဲဖို့ သွားခဲ့တယ်။ ပစ်ခတ်ဖြိုခွဲခံရပေမယ့် လူထုက ကြောက်မသွားဘူး၊ အင်မတန်ကြီးမားတဲ့ ရဲစွမ်းသတ္တိနဲ့ ရင်ဆိုင်ကြတယ်။ အခုချိန်ထိ သိရသမျှ အနည်းဆုံး လူ ၁၀ ယောက် အသတ်ခံခဲ့ရတယ်၊ ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကနေ့ လမ်းမကြီးတွေပေါ်မှာ လူထုက ဆက်တိုက်နေဆဲ၊ "တော်လှန်ရေးသမားတွေနဲ့ လွတ်လပ်သော ပြည်သူတွေဟာ ဒီခရီးကို ဆက်လျှောက်သွားမှာပဲ၊ တော်လှန်ရေးသမားဟာ ကျည်ဆန်တွေကို မမှုပါဘူး"လို့ ဟစ်ကြွေးရင်း အံတုတိုက်ပွဲဝင်နေကြဆဲ။ "လူထုက ပိုအားကောင်းတယ်"၊ "နောက်ဆုတ်ခြင်းဟာ ရွေးလမ်းမဟုတ်" လို့ ဟစ်ကြွေးနေကြတဲ့ လူထုကို အကြမ်းဖက် ဖြိုခွဲရေး အင်အားစုတွေက မျက်ရည်ယိုဗုံးတွေသုံးပြီး ဖြိုခွဲဖို့ ကြိုးစားနေတဲ့ ဗီဒီယိုဖိုင်တွေ အွန်လိုင်းပေါ် ပြန့်လာတယ်။

ဒီလို အကြမ်းဖက်ရန်စလိုက်ခြင်းဟာ ဆူဒန် တော်လှန်ရေးကို မေးစက်နေရာက လှုပ်နှိုးပေးလိုက်တယ်။ ပြီးခဲ့တဲ့ ၂နှစ်တာကာလအတွင်း စိတ်ပျက်မှုတွေ၊ မျှော်လင့်ချက်ပျက်ပြားမှုတွေ ရှိခဲ့ပေမယ့် စစ်အုပ်ချုပ်ရေး ထပ်ကျော့လာရင် ဖြစ်လာမယ့် အခြေအနေတွေကို လူထုက နားလည်တယ်။

ဒီမိုကရေစီနဲ့ ဂုဏ်သိက္ခာရှိရှိ ရှင်သန်နိုင်သော ဘဝကို လူထုကြီးက ပြင်းပြင်းပြပြ လိုလားနေကြဆဲဖြစ်တယ်၊ ရေကုန်ရေခမ်း တိုက်ပွဲမဝင်ဘဲ ဘာဘရစ်ဇင် အရိုင်းခေတ်နဲ့ အာဏာရှင်စနစ်ကို လက်လျှော့ပေးလိုက်ရတာမျိုး သူတို့ မလိုလားဘူး။

## ၂၀၁၉ တော်လှန်ရေး သောင်မတင်ရေမကျဖြစ်သွားခြင်း

## Impasse of 2019 revolution

၂၀၁၉ ဧပြီမှာ တော်လှန်ရေး လှိုင်းလုံးကြီးက ဆူဒန်နိုင်ငံရဲ့ အာဏာရှင် စစ်ဗိုလ်ချုပ်ကြီး Omar al-Bashir ကို ဖြုတ်ချပစ်ခဲ့တယ်။ ဒါပေမယ့် လူထုကိုယ်တိုင် အာဏာမယူနိုင်တဲ့အခါ သူ့ဘာသာခန့်ထားတဲ့ အကူးအပြောင်းကာလ စစ်ကောင်စီ (TMC) က တော်လှန်ရေးကို သိမ်းပိုက်ဖို့ ဒီအာဏာ လေဟာနယ်ထဲ ချဉ်းနင်းဝင်ရောက်လာခဲ့တယ်။ စစ်ကောင်စီကို စစ်တပ် ထိပ်သီးတွေနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်တယ်။ ဒီလိုနဲ့ ဆူဒန် တော်လှန်ရေး ကျဉ်းထဲကြပ်ထဲ ရောက်ခဲ့တယ်၊ လမ်းမထက်မှာ တိုက်ပွဲဝင်နေတဲ့ လူထုရယ်၊ သူတို့အာဏာ ပြန်အခြေခိုင်အောင် အချိန်ဆွဲထားဖို့ စေ့စပ်ရေးတွေ၊ အလိမ်အညာ ကတိကဝတ်တွေ သုံးပြီး လှည့်စားဖို့ ကြိုးစားနေတဲ့ အုပ်စိုးသူ လူတန်းစားရယ်။

အရပ်သား အစိုးရတရပ် ပေါ်ထွန်းလာဖို့ စေ့စပ်ရေးတွေလုပ်နေချိန်၊ အောက်ခြေကနေ ထွက်ပေါ်လာတဲ့ လူထု လှုပ်ရှားမှု အရှိန်တက်နေချိန်မှာ SPA က မေလအတွင်း အင်အားကြီးမားလှတဲ့ အထွေထွေသပိတ်ကြီးကို ခေါ်လိုက်တယ်၊ တတိုင်းပြည်လုံးကို သွက်ချာပါဒလိုက်သွားစေခဲ့တယ်။ အစိုးရဝန်ထမ်း ၉၈% သပိတ်မှောက်ခဲ့တယ်လို့ အစီရင်ခံစာတွေမှာ ဖော်ပြတယ်။ အစိုးရထက် SPA သပိတ်ကော်မတီရဲ့ အာဏာကို လက်ခံကြောင်း အစိုးရဝန်ထမ်းတွေကိုယ်တိုင် ပြသလိုက်ခြင်းဖြစ်တယ်။ အဲဒီအချိန်မှာ စစ်သားတွေ တော်လှန်ရေးဘက် ပူးပေါင်းပြီး အသက်ဆက်ရှင်နိုင်အောင် အသည်းအသန် ကြိုးစားနေရတဲ့ အုပ်ချုပ်ရေး စနစ်ဟောင်းတခုလုံးကို ဖြိုချပစ်ဖို့ တိုက်တွန်းချက်တခုပဲ လိုတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ နောက် ၂ရက်အကြာမှာ SPA က "စစ်အာဏာဖီဆန်ခြင်း - စီဒီ"ဆက်လုပ်ရေးကို ဦးစားပေးပြီး သပိတ်ကို လှန်ပေးခဲ့တယ်။ (ကျနော်တို့ဆီမှာ 'စီဒီအမ်' တောင့်ခံရင် စစ်ကောင်စီပြုတ်ပြီလို့ စီအာပီအိတ်ချ်၊ အန်ယူဂျီ အမှူးပြုတဲ့ လစ်ဘရယ် ဘူဇွာတွေ တဖွဖွပြောခဲ့သလိုပဲ၊ ဆူဒန် ၂၀၁၉ တော်လှန်ရေးမှာလည်း SPA က 'စီဒီ' ဆက်လုပ်ရေးကို ဦးစားပေးပြီး အထွေထွေသပိတ်ကို လှန်ပေးခဲ့ကြတယ်။) ဒီဆုံးဖြတ်ချက်ရဲ့ စိတ်ဓာတ်ပျက်ပြားစေသော သက်ရောက်မှုကြီးကြောင့် တန်ပြန် တော်လှန်ရေးဘက်ကို အလေးသာ သွားစေခဲ့တယ်။ အဲဒီအခါ တန်ပြန်တော်လှန်ရေးကို RSF လူမျိုးစု လက်ရုံးတပ် အကြီးအကဲဖြစ်တဲ့ အင်မတန် ဖောက်ပြန်သော ဗိုလ်ချုပ် Mohamed Hamdan Dagalo (Hemeti လို့လည်း လူသိများ) က ဦးဆောင်ခဲ့တယ်။ Hemeti ရဲ့ ကွပ်ကဲမှုအောက်ကနေ RSF တပ်ဖွဲ့က ထိုင်သပိတ်တွေကို ဇွန် ၃ မှာ တိုက်ခိုက်ခဲ့တယ်။ Khartoum မြို့တော်မှာ အကြမ်းဖက် လှိုင်းကြီး ဖုံးလွှမ်းသွားခဲ့တယ်၊ ဆန္ဒပြပြည်သူ ၁၀၀ ကျော် အသတ်ခံခဲ့ရပြီး နောက်ထပ် ရာပေါင်းများစွာ ရက်ရက်စက်စက် နှိပ်ကွပ်ခံခဲ့ရတယ်။

ဒီရက်စက်မှုတွေဟာ လူထုကို ကြောက်ရွံ့သွားစေမယ့်အစား ရှေ့ဆက်တိုက်ဖို့ တွန်းအားပေးခဲ့တယ်။ ဇွန် ၉ မှာ အထွေထွေသပိတ်တခု ထပ်ခေါ်ဖို့ လူထုက SPA ကို ဖိအားပေးခဲ့တယ်၊ ဇွန် ၉ အထွေထွေသပိတ်ကြီးကြောင့် စစ်ကောင်စီ ပြိုကျခါနီးနေပြီ။ ဒါပေမယ့် ဒီတချီမှာလည်း စစ်ကောင်စီအပေါ် 'စိတ်စေတနာ မှန်ကန်ကြောင်း' ပြသတဲ့အနေနဲ့ SPA က သပိတ်ကို လှန်ပေးလိုက်ပြန်တယ်။ စစ်ကောင်စီနဲ့ စေ့စပ်ဆွေးနွေးရေး ပြန်လုပ်ပြီး နောက်ဆုံး ဇူလိုင် ၄ မှာ အာဏာခွဲဝေရေး သဘောတူညီချက် ရသွားခဲ့တယ်။ ဆူဒန်နိုင်ငံရဲ့ "ဒီမိုကရေစီ ကူးပြောင်းရေး"ကို ကြီးကြပ်ဖို့ စစ်ဖက်-အရပ်ဖက် အကူးအပြောင်းကာလ ပူးတွဲအစိုးရတရပ်ကို ထူထောင်ခဲ့တယ် အဲဒီအစိုးရချုပ်ကြီးချောင်က Sovereign Council ဖြစ်တယ်။ ဒီကောင်စီမှာ စစ်ခေါင်းဆောင်ကြီးတွေနဲ့ တော်လှန်ရေးရဲ့ အရပ်သား ကိုယ်စားလှယ်ကြီးတွေ အချိုးကျ ပါဝင်ကြတယ်။

အဲဒီ 'အပေးအယူ' စီမံကိန်းကို သစ္စာဖောက်လုပ်ရပ်ပဲလို့ မှန်မှန်ကန်ကန် မြင်ခဲ့ကြတယ်၊ အုပ်ချုပ်ရေးစနစ်ဟောင်း တစုံလုံးကို ဖြိုချပစ်ဖို့ လူထု အင်အားကို အားမကိုးဘဲ တော်လှန်ရေးရဲ့ လူသတ်သမားတွေကို အစိုးရအဖွဲ့ထဲ ခေါ်သွင်းတဲ့အထိ သစ္စာဖောက်ခဲ့တယ်။ လက်ရှိ အာဏာသိမ်း စစ်ခေါင်းဆောင် Burhan ဟာ တကယ်တမ်းကျ သူကိုယ်တိုင် ဖျက်သိမ်းလိုက်တဲ့ Sovereign Council ရဲ့ ဥက္ကဋ္ဌဖြစ်တယ်။ Burhan ဟာ ဆူဒန်လူထု သွေးနဲ့ရင်းပြီး ဖြိုချခဲ့ရတဲ့ ပုပ်သိုးနေသော Bashir စစ်အာဏာရှင်စနစ်ဟောင်းရဲ့ မရှိမဖြစ် အစိတ်အပိုင်း ဖြစ်တယ်။ အဲဒီ အကူးအပြောင်းကာလ အစိုးရအဖွဲ့ထဲ ပါဝင်ဖို့ ဖိတ်ခေါ်ခံခဲ့ရတဲ့ Hemeti လည်း အတူတူပဲ။

အဲဒီဖောက်ပြန်ရေးသမားတွေနဲ့အတူတူ အစိုးရအဖွဲ့ထဲ ဝင်ပါခဲ့တဲ့ လစ်ဘရယ် SPA ခေါင်းဆောင်တွေဟာ ဒီကနေ့ ကျနော်တို့ မြင်တွေ့နေရတဲ့ အခြေအနေတွေ ပေါ်ထွန်းလာအောင် လမ်းခင်းပေးခဲ့တာပဲ။ အခွင့်တိုင်းမှာ လူထု အင်အားကို အားပြုရမယ့်အစား ဆူဒန် တော်လှန်ရေး ခေါင်းဆောင်တွေဟာ ဖောက်ပြန်ရေး အင်အားစုတွေနဲ့ အတူလက်တွဲဖို့ ဘုံတူညီချက်ကိုသာ ရှာဖွေခဲ့ကြတယ်။

## စစ်အာဏာသိမ်းပွဲ

ဒီအခြေခံပေါ်ကနေ ထွက်ပေါ်လာတဲ့ နောက်ဆုံး စစ်အာဏာသိမ်းပွဲကို ဘယ်သူမှ မအံ့သြတော့ဘူး။ ဆိုးပြီးရင်း ဆိုးလာတဲ့ အကြပ်အတည်းက စစ်အာဏာသိမ်းဖို့ ပြင်ဆင်ပေးထားခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါကပ် မဖြစ်ခင်ကတည်းက အင်မတန် ပြင်းထန်တဲ့ စီးပွားပျက်ကပ်ဒဏ်ကို ဆူဒန် နိုင်ငံ အလူးအလဲ ခံနေခဲ့ရတယ်။ ဆူဒန်နိုင်ငံ လူဦးရေရဲ့ ၂၃% ရှိသော လူပေါင်း ၉.၃%ဟာ လူသားချင်းစာနာမှု အကူအညီတွေ လက်ငင်း လိုအပ်နေတယ်လို့ ၂၀၂၀ ခုနှစ် အစပိုင်းမှာ ကုလသမဂ္ဂက ခန့်မှန်းထားခဲ့တယ်။ ရောဂါကပ်ဒဏ်၊ မိုးခေါင်ခြင်း ရေကြီးခြင်း သံသရာလည်နေတဲ့ ဒဏ်၊ သီးနှံဖျက် ကျိုင်းအုပ်တွေ စုပြုံကျတဲ့ဒဏ် အားလုံးပေါင်းခံလာရတဲ့ အခြေအနေမှာ လူသားချင်းစာနာမှု အကူအညီ လက်ငင်းလိုအပ်နေတဲ့ လူဦးရေ အချိုးအစားဟာ တိုးပြီးရင်း တိုးလာခဲ့တယ်။

ဆူဒန်မှာ အမေရိကန် ဒေါ်လာ ၆၀ ဘီလျံ အကြွေးတင်နေတယ်၊ ဒီအကြွေးပမာဏဟာ ဆူဒန်နိုင်ငံ ဂျီဒီပီရဲ့ ၂၀၀% နဲ့ညီမျှတယ်။ အမေရိကန်က ၂၀၂၀ တနှစ်တည်းမှာတင် ဒေါ်လာ ၃၇၇ သန်း အကူအညီ ပေးခဲ့တယ်။ IMF က သုံးနှစ်အတွင်း ဆူဒန်ရဲ့ ပြည်ပ ကြွေးမြီ ဒေါ်လာ ၅၀ ဘီလျံကျော် လျှော်ပေးမယ်လို့ သဘောတူခဲ့တယ်။ အဲဒီ အရင်းရှင်နယ်ချဲ့ "အကူအညီ"ဟာ နောင်ကြိုးတွေ ချည်တုပ်ပြီး ပေးထားတာ။ အကူးအပြောင်းကာလ အစိုးရကို အတင်းအကြပ် ခြိုးခြံချွေတာရေး လုပ်ငန်းစဉ် (ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အမတော်ကြေး၊ ပင်စင်လစာ အစရှိတဲ့ အများပြည်သူ သာယာဝပြောရေး ကဏ္ဍတွေမှာ အစိုးရ အသုံးစရိတ်တွေ လျှော့ချ/ ဖြတ်တောက်တဲ့ လုပ်ငန်းစဉ်) အကောင်အထည်ဖော်ဖို့ ဖိအားပေးခဲ့တယ်။ အစိုးရက စိုက်ထုတ်ပေးတဲ့ လောင်စာဆီ အမတော်ကြေးတွေ ဖြတ်တောက်ပစ်ခဲ့တယ်။ ဒီအချက်ဟာ ၂၀၁၉ တော်လှန်ရေး ဖြစ်ပေါ်လာရခြင်းရဲ့ အဓိက အချက်တွေထဲက တချက်ဖြစ်တယ်၊ ဒါနဲ့အတူ အခြေခံ စားသောက်ကုန် အမတော်ကြေး ဖယ်ရှားပစ်လိုက်ခြင်း (အခုလည်း ဒီလို ဖယ်ရှားပစ်ဖို့ စဉ်းစားနေပြီ)၊ ငွေကြေး ဖောင်းပွမှု တဟုန်ထိုး မြင့်တက်လာခြင်းတွေ (၂၀၂၁ ဧပြီမှာ ၃၆၃.၁၀% အထိ စံချိန်တင် မြင့်တက်ခဲ့တယ်) အကုန်ပေါင်းပြီး တော်လှန်ရေး ဖြစ်ခဲ့တယ်။ ခပ်တိုတိုပြောရရင် အရင်ပြဿနာအဟောင်းတွေအားလုံး ဒုံရင်းအတိုင်းပဲ ရှိသေးတယ် အကူးအပြောင်းကာလ အစိုးရအပေါ် နာကျည်းချက်တွေ တိုးပြီးရင်း တိုးလာခဲ့တယ်။

ကနဦးကတည်းက တော်လှန်ရေးရဲ့ တပ်ဦးကို တွန်းတင်ခံလိုက်ရသော ဝန်ကြီးချုပ် Hamdok လို လစ်ဘရယ်တွေဟာ အဲဒီလုပ်ရပ်တွေ (အတင်းအကြပ်



ခြိုးခြံချွေတာရေး အစီအမံတွေ)ကို ဝေဖန်ဖို့ ပျက်ကွက်ခဲ့ရုံ မကဘူး၊ ဒီလုပ်ရပ်တွေအတွက် တာဝန်ယူခဲ့ကြတယ်၊ အစိုးရအဖွဲ့ထဲ ဝင်ပါပြီး ဒီလုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်ပေးခဲ့ကြတယ်။ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို အာဏာ လွှဲပေးပါမယ်ဆိုတဲ့ စစ်တပ်ရဲ့ 'ကတိကဝတ်'နဲ့ လစ်ဘရယ် ခေါင်းဆောင်တွေ အိပ်မွေ့ချခံခဲ့ရတယ်၊ အလုပ်သမားတွေ၊ ဆင်းရဲသားတွေအပေါ် ထိုးနှက်တိုက်ခိုက်နေလည်း အသာတကြည် ခွင့်ပြုပေးခဲ့တယ်။

ဒါပေမယ့် စစ်တပ်မှာ အာဏာစွန့်လွှတ်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဘူး။ ၂၀၁၉ ကတည်းက အကူးအပြောင်း ကာလ အစိုးရအဖွဲ့အတွင်း ပဋိပက္ခတွေ ဖြစ်ထွန်းလာတယ်၊ ဥပဒေပြုရေးမှာ သဘောတူညီချက်ရဖို့ ကြိုးစားလဲ အကြိမ်ကြိမ် အရေးနိမ့်ခဲ့ရတယ်။ မကြာသေးခင်က စစ်သုံးစရိတ် လျှော့ချဖို့ ကြိုးပမ်းချက်ဟာလည်း စစ်ခေါင်းဆောင်တွေဆီက ဆန့်ကျင်တုံ့ပြန်မှုကိုသာ ရရှိစေခဲ့တယ်၊ အရပ်သားခေါင်းဆောင်တွေနဲ့ ပူးတွဲအစည်းဝေးမှာ စစ်ခေါင်းဆောင်တွေ မတက်တော့ဘူး။ ၂၀၁၉ တော်လှန်ရေးကို ရက်ရက်စက်စက် အကြမ်းဖက် နှိပ်ကွပ်ခဲ့ခြင်းအပေါ် စုံစမ်းစစ်ဆေးဖို့ စီစဉ်ထားပေမယ့် စစ်ဖက် အရပ်ဖက် စေ့စပ်ရေးတွေက အချိန်ဆွဲထားခဲ့တယ်၊ ဒါလည်း မထူးဆန်းဘူး၊ ဒီအကြမ်းဖက်မှုတွေအတွက် တာဝန်ရှိသူတွေဟာ အဲဒီကတည်းက သမ္မတ အိမ်တော်ထဲ ထိုင်နေခဲ့တာ။

အဲဒီလို အကြပ်ရိုက်နေလို့ အကူးအပြောင်းကာလ အစိုးရက ကျင်းပပေးပါမယ်လို့ ကတိပြုထားတဲ့ အရပ်သား အစိုးရ ဖွဲ့စည်းရေး ရွေးကောက်ပွဲတွေကို ၂၀၂၃ အထိ အချိန်ရွှေ့ထားခဲ့တယ်။ ၂၀၂၀ တနှစ်လုံး အောက်ခြေအဆင့် ခုခံကာကွယ်ရေး ကော်မတီတွေက ဆန္ဒပြပွဲတွေ ဦးဆောင်လုပ်ခဲ့ကြတယ်။ စီးပွားရေး၊ နိုင်ငံရေး ပြုပြင်မှုတွေ ခပ်မြန်မြန် လုပ်ဖို့ ဒီကော်မတီတွေက အစိုးရကို ဖိအားပေးခဲ့တယ်။ ဒီနောက် စက်တင်ဘာမှာ အာဏာသိမ်းဖို့ ကြိုးပမ်းခဲ့ပေမယ့် အထမမြောက်ခဲ့ဘူး၊ အရပ်ဖက် ခေါင်းဆောင်တွေနဲ့ စစ်ခေါင်းဆောင်တွေ အပြန်အလှန် စွပ်စွဲခဲ့ကြတာပဲ ရှိတယ်။

စစ်တပ်က စီးပွားရေး၊ နိုင်ငံရေး အကြပ်အတည်းကို အချိန်ဆွဲထားပြီး အရပ်သား နိုင်ငံရေးသမားတွေကို လူတွေ အကြိုက်နည်းလာတဲ့အထိ စောင့်နေခဲ့မှန်း အထင်အရှားပဲ၊ ဒါမှ စစ်တပ်က ဝင်ပြီး အာဏာသိမ်းလိုက်နိုင်မှာ။ မြို့ကြီး ပြကြီးတွေရဲ့ အပြင်ဘက်မှာ စစ်ဗိုလ်ချုပ်ကြီးတွေက လူမျိုးစု ခေါင်းဆောင် အီလစ်တွေကို မြိုးမြိုးမြက်မြက်လေး ပေးပြီး ထောက်ခံမှုရဖို့ လုံးပမ်းနေခဲ့တယ်။ အဲဒီ လူမျိုးစုခေါင်းဆောင် အီလစ်တွေဆိုတာ စစ်အာဏာရှင်ဟောင်း al-Bashir အစိုးရရဲ့ သူကောင်းပြုမှုနဲ့ ကောင်းစားလာခဲ့သူတွေ။ ခြစားနေတဲ့ ခေတ်နောက်ပြန်ဆွဲ အဲဒီပါရာဆိုက်တွေဟာ အမျိုးသမီး အခွင့်အရေး၊ ဒီမိုကရေစီ အခွင့်အရေးတွေ တောင်းဆို တိုက်ပွဲဝင်နေတဲ့ ဆူဒန် တော်လှန်ရေးကို သူတို့အခွင့်ထူးတွေ ခြိမ်းခြောက်နေတဲ့ အရာလို့ မြင်ကြတယ်။ လူမျိုးစု အကြီးအကဲတဦးက ဆူဒန်ရဲ့ အကြီးဆုံး ပင်လယ်နီ ဆိပ်ကမ်းကို ဦးဆောင် ပိတ်ဆို့ခဲ့တယ်။ သူ့နောက်မှာ စစ်တပ် ထောက်ခံမှု ရှိတယ်၊ ဒီလို ပိတ်ဆို့လိုက်တဲ့အခါ ဆူဒန် ပြည်သူတွေ အစားအသောက်၊ လောင်စာဆီနဲ့ ငွေကြေး ရရှိဖို့ အင်မတန် ခက်ခဲသွားတယ်။

အာဏာမသိမ်းခင် ရှေ့သတင်းပတ်တွေမှာ "ဆာလောင်မွတ်သိပ်စေသော အစိုးရ"ဆီကနေ စစ်တပ်က အာဏာ သိမ်းယူဖို့ တောင်းဆိုနေတဲ့ လူအုပ်ကြီးက Khartoum မြို့တော်၊ သမ္မတ အိမ်ဝန်း အပြင်ဘက်မှာ ထိုင်သပိတ်တွေ ပြုလုပ်ခဲ့ကြတယ်။ ဒီဆန္ဒပြသူတွေကို စစ်တပ်က စုရုံးပေးခဲ့တယ်၊ တော်တော်များများကို စစ်တပ် ဘတ်(စ်)တွေနဲ့ ကြိုပို့ပေးခဲ့တယ်။ ဒါပေမယ့် ဒီစစ်တပ် ထောက်ခံပွဲတွေကို အဆမတန် အင်အားပိုကြီးတဲ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေနဲ့ တုံ့ပြန်ခဲ့တယ်။ လူထုရဲ့ စိတ်အခြေအနေ အမှန်ကို ထုတ်ပြခဲ့တယ်။ အကြပ်ဆိုက်နေတဲ့ အကူးအပြောင်းကာလ အစိုးရကို စိတ်ပျက်ကြပေမယ့် စစ်အာဏာရှင်စနစ်ဆီ တကျော့ပြန်သွားခြင်းကို လူထုကြီး လုံးဝ သည်းခံနိုင်မှာ မဟုတ်ဘူး။

တော်လှန်သော လူထုဆီက တန်ပြန် ဆန့်ကျင်လာမှာကို ကြောက်လို့သာ ဒီအချိန်ထိ စစ်တပ်က အပြည့်အဝ အာဏာမသိမ်းဘဲ နေလာခဲ့တာ။ ဒါပေမယ့် သူတို့အတွက် အချိန်မရှိတော့မှန်း စစ်ဗိုလ်ချုပ်ကြီးတွေ ခံစားမိလာတယ်။ ဒီမိုကရေစီအရေး ဆန္ဒပြပွဲတွေ ကြီးထွားလာတာ မြင်တွေ့နေရတဲ့အခါ 'အခုအာဏာသိမ်းရင်သိမ်း မဟုတ်ရင် ဘယ်တော့မှ စစ်အာဏာ မတည်နိုင်တော့ဘူး'လို့ သဘောပေါက်ပြီး အခုလို ဆုံးဖြတ်လိုက်ပုံရတယ်။

'နိုင်ငံတကာ အသိုင်းအဝိုင်း' ဆိုတဲ့အရာတွေက (ဆူဒန်မှာ အကျိုးစီးပွားတွေ ရှိနေတဲ့ အရင်းရှင်နယ်ချဲ့သမား အသီးသီးကို ဆိုလို) အခုလို အာဏာမသိမ်းခင်ကတည်းက ဘာဖြစ်တော့မယ်ဆိုတာ ကြိုသိနေခဲ့ပြီးသား။ အာဏာမသိမ်းခင် ၃ ရက်အလိုမှာ အမေရိကန် အထူး ကိုယ်စားလှယ်တယောက် ဆူဒန်ကို လာသွားတယ်၊ အရပ်သား အုပ်ချုပ်ရေးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကူးပြောင်းဖို့ တိုက်တွန်းရင်း အဆင်ပြေပြေ ဖြစ်ဖို့ ကြိုးပမ်းခဲ့လည်း အရာမထင်ခဲ့ဘူး။ အာဏာသိမ်းတော့မှာမှန်း သူတို့ကိုယ်တိုင် သိနေတဲ့ စစ်အာဏာသိမ်းပွဲကို အရင်းရှင်နယ်ချဲ့တွေက ကြောင်သူတော်တွေပီပီ ရှုတ်ချကြောင်း စာလေးတွေတော့ ထုတ်ပြန်ပေးခဲ့တယ်။ ပြီးခဲ့တဲ့ ၂နှစ်က ကျနော်တို့ မြင်တွေ့ခဲ့ရတဲ့ တော်လှန်ရေး လှုပ်ရှားမှုကို အားသစ်လောင်းပေးတာမျိုး သူတို့ မလိုလားဘူး။ ဒါပေမယ့် အခုဆိုရင် စစ်တပ်ကလည်း လှုပ်ရှားလာခဲ့ပြီ၊ လူထုကလည်း တုံ့ပြန်လိုက်ပြီ။

## ရှေ့ဆက်ချီတက်ရမယ့်လမ်း

၂၀၁၉ မေလ၊ ပထမ အထွေထွေ သပိတ်ကြီး ဆင်နွှဲပြီးချိန်မှာ လူထုလက်ထဲ အာဏာ ရှိနေခဲ့တယ်ဆိုတာ ကျနော်တို့ ပြောရမယ်။ စစ်တပ်၊ စနစ်ဟောင်းရဲ့ လက်ကျန်တွေကို သူတို့အာဏာ ဆက်ထိန်းနိုင်ခွင့်ပေးခဲ့တာ SPA ရဲ့ အပေးအယူ မဟာဗျူဟာပဲ ဖြစ်တယ်။

၂၀၁၉ ဇူလိုင်မှာ ကျနော်တို့ အခုလို ရေးခဲ့တယ် - "အကူးအပြောင်းကာလ စစ်ကောင်စီ [TMC - အကူးအပြောင်းကာလ အစိုးရအဖွဲ့ရဲ့ စစ်ဖက် တောင်ပံ] ဟာ အုပ်ချုပ်ရေးစနစ်ဟောင်းရဲ့ တိုက်ရိုက် ပေါက်ဖွားလာသူဖြစ်တယ်။ အချိုးအကွေ့တိုင်းမှာ အုပ်စိုးသူ လူတန်းစားရဲ့ အနေအထားကို ခြိမ်းခြောက်လာတယ်လို့ သူတို့မြင်ထားတဲ့ တော်လှန်သော လူထုနဲ့ သူတို့ ဘယ်တော့မှ အပေးအယူ လုပ်မှာမဟုတ်ကြောင်း သံသယဝင်စရာမလိုအောင် သက်သေပြခဲ့ပြီ။ ဂျန်ဂျဝိ(ဒ်) လူမျိုးစု တိုက်ခိုက်ရေး တပ်ဖွဲ့တွေ ဦးဆောင်ပြီး တော်လှန်ရေး ကာလတလျှောက်လုံး လူထု ကြောက်သွားအောင် အကြမ်းဖက်နေခဲ့တယ်။ အဆင့်တိုင်းမှာ သူတို့ရည်ရွယ်ချက်က လူထုလှုပ်ရှားမှု လမ်းပျောက်ပြီး ပွဲပန်းသွားအောင် အချိန်ဆွဲထားမယ်၊ ဒီလိုနည်းနဲ့ တန်ပြန် တိုက်ခိုက်ရေးတွေ စတင်နိုင်ဖို့ ဖြစ်တယ်။ အခု သဘောတူညီချက် (SPA လစ်ဘရယ် ခေါင်းဆောင်တွေနဲ့ စစ်တပ် ထိပ်သီးတွေကြားက အာဏာခွဲဝေရေး သဘောတူညီချက်ကို ဆိုလို) က အဲဒီနည်းလမ်းတွေကို ဆက်သုံးခြင်းတမျိုးပဲ။ ဒီသဘောတူညီချက်က စစ်ကောင်စီရဲ့ အာဏာကို ဘာမှ တို့ထိမထားဘူး၊ အုပ်ချုပ်ရေးစနစ်ဟောင်းဟာ နဂိုအတိုင်း ဆက်ရှိနေဆဲဖြစ်တယ်။ ဒါပေမယ့် ဒီသဘောတူညီချက် အရေခြုံထားပြီး စစ်ကောင်စီက လူထု လှုပ်ရှားမှု အားချိသွားအောင် ကြိုးစားလိမ့်မယ်၊ 'တရားဥပဒေ ပြန်လည်စိုးမိုးရေး' အခြေအနေတွေ ဖန်တီးလိမ့်မယ် - လူထုကို စစ်အာဏာရှင်စနစ်အောက် အလုံးစုံ ခေါင်းလျှိုဝင်ခိုင်းမယ်လို့ ဆိုလိုတဲ့သဘောပဲ။" (Sudan: No to a rotten compromise! Finish the revolution!)

ဒီသတိပေးစကားတွေအတိုင်း အခုလက်တွေ့ဖြစ်လာခဲ့ပြီ။ အခုကစလို့ အပေးအယူ ထပ်လုပ်ဖို့ မဖြစ်နိုင်တော့ဘူး။ SPA ရဲ့ တိုက်ပွဲခေါ်သံကို လူထုက တခဲနက် တုံ့ပြန်ခဲ့တယ်၊ ဒါပေမယ့် ဦးတည်ချက်မရှိသော ဆန္ဒပြပွဲတွေ ဘယ်လောက်ပဲလုပ်လုပ် စစ်ခေါင်းဆောင်တွေက နောက်ပြန်လှည့်မှာ မဟုတ်ဘူး။ ၂၀၁၉ အုံကြွမှုကာလမှာ ရှင်းလင်းတဲ့ လုပ်ငန်းစဉ် မရှိခဲ့လို့ တော်လှန်ရေး အီလည်လည် ဖြစ်ခဲ့ရတယ်။

ကွန်မြူနစ်ပါတီက အထွေထွေ သပိတ်ကြီးမှောက်ကြဖို့ ဆော်ဩထားတယ်။ ဒါဟာ ရှေ့ဆက်ချီတက်ရမယ့် လမ်းပဲ။ အထွေထွေ သပိတ်ကြီး မှောက်ရမယ်၊ တခွင်တပြင်လုံး အတိုင်းအတာနဲ့ စနစ်တကျ ချိတ်ဆက် စုစည်းထားရမယ်၊ ယေဘုယျ လွှမ်းခြုံနိုင်ရမယ်။ ၂၀၁၉ လူထု အုံကြွမှုအတွင်း ဖွဲ့စည်းထားတဲ့ ရပ်/ကျေး ကော်မတီတွေကို သူတို့ဘာသာ ပြန်လည်အသက်သွင်းထားကြပြီ။ စစ်အစိုးရကို အလဲထိုးပစ်ဖို့ ဒီအဖွဲ့အစည်းတွေက ချိတ်ဆက်စုစည်းထားသော တော်လှန်ရေး တိုက်ပွဲရဲ့ အခြေခံ အုတ်မြစ် ဖြစ်လာရမယ်။ ရပ်/ကျေး ကော်မတီတွေ နဲ့ သပိတ်ကော်မတီတွေက အောက်ခြေ စစ်သားတွေကို တော်လှန်ရေးဘက် ပူးပေါင်းလာအောင် လှုံ့ဆော်ရမယ်၊ စစ်တပ်ကို လူတန်းစား အခြေခံ ဖြိုခွဲပစ်ရမယ်၊ Burhan နဲ့ စစ်ဗိုလ်ချုပ်ကြီးတွေကို အဆုံးသတ် အလဲထိုးပစ်နိုင်အောင် တော်လှန်ရေးကို အားဖြည့်ထားရမယ်။

စစ်ကောင်စီက ရင်ကြားစေ့လို့ မရနိုင်တဲ့ တန်ပြန်တော်လှန်ရေး အေးဂျန့်ဖြစ်တယ်ဆိုတာ အကြိမ်ကြိမ် ပြခဲ့ပြီးပြီ။ စေ့စပ်ညှိနှိုင်းလို့ မရနိုင်ဘူး၊ ဖြုတ်ချမှပဲ ရမယ်၊ ဆူဒန် လူထုကိုယ်တိုင် ကိုယ့်အားကိုယ်ကိုးပြီး ဖြိုချမှပဲ ပြိုကျမယ်။ စစ်အာဏာသိမ်းပွဲကို ဖယ်ရှားပစ်ပြီး စစ်အစိုးရကို အလဲထိုးပြီးတာနဲ့ စစ်မှန်သော ဒီမိုကရေစီ ထူထောင်ဖို့ တိုင်းပြု ပြည်ပြုလွှတ်တော်တရပ် ကျင်းပရမယ်။ ဖောက်ပြန်ရေးသမား

စစ်ပိုလ်တွေ လုံး၀ မပါစေရဘူး။ စစ်တပ် အကြီးအကဲတွေ ပိုင်ဆိုင်ထားသမျှ ဓနဥစ္စာတွေ ပြည်သူပိုင်သိမ်းပြီး တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရမယ်။

ဆူဒန် လူထုအပေါ် သက်ရောက်နေသော ဆိုးဆိုးရွားရွား ပြဿနာတွေကို အရင်းရှင်စနစ်က ဖြေရှင်းမပေးနိုင်တာ အထင်အရှားပဲ။ သတ္တုချလိုက်ရင် အလုပ်သမား၊ လယ်သမားတို့ရဲ့ ဆိုရှယ်လစ် အစိုးရတရပ်ကသာ ပြည်ပ ကြွေးမြီတွေ ပယ်ဖျက်ပစ်ဖို့၊ နယ်ချဲ့စနစ်အောက်က ရုန်းထွက်ဖို့၊ တိုင်းပြည်ရဲ့ စီးပွားရေးဘ၀ကို ဒီမိုကရေစီ နည်းကျ စီမံခန့်ခွဲဖို့ လိုအပ်တဲ့ ခြေလှမ်းတွေ လှမ်းနိုင်စွမ်းရှိမှာ။ ဆူဒန် လူထုက အတိတ်မှာ အံ့မခန်း ရဲစွမ်း သတ္တိတွေ၊ ဖွဲ့နပဲတွေ ပြခဲ့ပြီးပြီ၊ အခုလည်း ဖွဲ့သတ္တိရှိရှိ တိုက်ပွဲ၀င်ကြရဦးမယ်၊ ၂၀၁၉ တော်လှန်ရေး အစပြုခဲ့တဲ့ လုပ်ငန်းဆောင်တာတွေကို အဆုံးသတ်ရဦးမယ်။



# SUDAN: THE FINAL WARNING

## ဆူဒန် တော်လှန်ရေးအတွက် နောက်ဆုံး သတိပေး ခေါင်းလောင်းသံ

Joe Attard

အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ် Abdel Fattah al-Burhan က အချုပ်အခြာ အာဏာပိုင် ကောင်စီအသစ်ဖွဲ့စည်းထားပြီးပြီလို့ လွန်ခဲ့တဲ့ တပတ်က ကြေညာခဲ့တယ်။ ဗိုလ်ချုပ် Burhan နဲ့ ဗိုလ်ချုပ် Hemeti တို့က အဲဒီ ကောင်စီရဲ့ ထိပ်ပိုင်းနေရာတွေကို ယူထားတယ်။ ဗိုလ်ချုပ် Hemeti ဆိုတာ တန်ပြန် တော်လှန်ရေး အကြမ်းဖက် နှိပ်ကွပ်မှုတွေကို အဓိက လုပ်ဆောင်နေတဲ့ ဂျန်ဂျဝိ(ဒ်) လူမျိုးစု လက်ရုံးတပ်ဖွဲ့ RSF (Rapid Support Forces) ရဲ့ စစ်ဦးစီး ဖြစ်တယ်။

စစ်ဗိုလ်ချုပ် ဘူ(ရ်)ဟာန်းက အာဏာသိမ်းခဲ့တာ မဟုတ်ဘူး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို 'တည့်မတ်ပေးဖို့' ကြားဝင်ခဲ့ရုံပါလို့ ပြောထားပေမယ့် အခုလို ဖြစ်နေတယ်။ အရပ်သား အစိုးရ ပေါ်ပေါက်လာအောင် ကူညီပေးဖို့ပဲ ပိုင်းဖြတ်ထားတယ်၊ အစိုးရအဖွဲ့ထဲကို သူကိုယ်တိုင် ဝင်မပါဘူးလို့ ပြောထားပေမယ့် အခုတော့ အမြင့်ဆုံး နေရာ ယူထားတယ်။

ဘူ(ရ်)ဟာန်းရဲ့ မျက်နှာပြောင်တိုက် လုပ်ရပ်တွေဟာ လူထုကို ဒေါသပုန်ထစေခဲ့တယ်၊ စနစ်တကျ ပြင်ဆင်ထားတဲ့ ပြည်လုံးကျွတ် လူထု ချီတက်ပွဲကြီးမှာ လူထုတရပ်လုံးက သူတို့ရပ်တည်ချက် သဘောထားကို ပြတ်ပြတ်သားသား ဖော်ထုတ်ခဲ့တယ် - အာဏာသိမ်းသူတွေနဲ့ ဘယ်တော့မှ မစေ့စပ်ရ၊ အာဏာခွဲဝေရေး အစီအမံတွေ လက်မခံရ၊ စစ်ဗိုလ်ချုပ်တွေနဲ့ အပေးအယူ မလုပ်ရ၊ ဒင်ပြည့်ကျပ်ပြည့် အရပ်သား အစိုးရတရပ်ကိုသာ အလိုရှိတယ်။

ဒုတိယအကြိမ် 'သန်းချီစုဝေး ချီတက်ပွဲကြီး'ကို အကြမ်းဖက် ဖြိုခွဲခဲ့တယ်၊ မျက်ရည်ယိုဗုံးတွေ ကျည်အစစ်တွေနဲ့ ပစ်ခတ်ခဲ့လို့ လူတွေ အများကြီး သေခဲ့ရတယ်။

### နိုဝင်ဘာ ၁၇ လူသတ်ပွဲကြီး

ဒီလို အကြမ်းဖက် သတ်ဖြတ်ခြင်း နဲ့ တရားရုံးက အင်တာနက် ပြန်ဖွင့်ပေးဖို့ ဆုံးဖြတ်ခဲ့တာတောင် အာဏာသိမ်း စစ်အစိုးရက အင်တာနက် ဆက်ဖြတ်ထားခြင်းကို တုံ့ပြန်ဖို့ရာ ဆူဒန် ပရော်ဖက်ရှင်နယ်များ အသင်းနဲ့ ခုခံ တော်လှန်ရေး ကော်မတီတွေက နိုဝင်ဘာ ၁၇ ရက်နေ့မှာ တတိယအကြိမ် ပြည်လုံးကျွတ် ချီတက်ပွဲကြီး လုပ်ကြဖို့ ဆော်ဩခဲ့တယ်။

ဒီရက်စွဲက အင်မတန် အရေးကြီးတယ်။ အာဏာသိမ်း စစ်ခေါင်းဆောင် မဖျက်သိမ်းခင်က စစ်တပ် ထိန်းချုပ်မှု အောက်ရှိနေတဲ့ အချုပ်အခြာ အာဏာပိုင် ကောင်စီကို နိုဝင်ဘာ ၁၇ ရက်နေ့မှာ အရပ်သား အစိုးရဆီ လွှဲပြောင်း ပေးရမယ်လို့ ကနဦး ရာထားခဲ့တယ်။ ဘူ(ရ်)ဟာန်းက ဒီမတိုင်ခင် အောက်တိုဘာ ၂၅ ရက်နေ့မှာ အာဏာသိမ်းခဲ့ပြီး အချုပ်အခြာ အာဏာပိုင် ကောင်စီကို ဖျက်သိမ်းပစ်ခဲ့တယ်။

တလနီးပါး တရစပ် ဖိနှိပ်မှုတွေ (ရိုက်နှက်ဖြိုခွဲခြင်း၊ ကျည်နဲ့ပစ်ခြင်း၊ တွေ့ကရာ ဖမ်းစီးခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်းတွေ အားလုံးနီးပါး ဖြတ်တောက်ပစ်ခြင်း) ခံနေရပေမယ့် ခုခံတော်လှန်ရေး ကော်မတီတွေကတဆင့် ပြည်လုံးကျွတ် လူထု ဆန္ဒပြပွဲကြီးတခု ထပ်မံ စုစည်းနိုင်ခဲ့ကြတယ်။

အင်တာနက် ဖြတ်တောက်ခံထားရတော့ ပုံတွေ၊ ရုပ်သံဖိုင်တွေကတော့ ကွက်တိကွက်ကြားပဲ။ ဒါပေမယ့် မြို့ကြီး မြို့ငယ်ပေါင်း ၁၆ မြို့ထက် မနည်းတာ သေချာတယ်။ လူတွေ သိန်းပေါင်းများစွာ လမ်းမတွေပေါ် ချီတက်ခဲ့တယ်။

ဒါပေမယ့် ဒီတချီမှာ စစ်တပ်၊ ရဲတပ်က အချိန်ဖြုန်းမနေခဲ့ဘူး။ အင်တာနက်လိုင်းတွေပဲ ဖြတ်ပစ်တာ မဟုတ်ဘူး။ ဖုန်းလိုင်းတွေလည်း ဖြတ်ပစ်တယ်။ လူထုကို သီးခြားစီဖြစ်သွားအောင် လုပ်လိုက်ပြီး လူထု ချီတက်ပွဲအတွက် ပြင် ထားတဲ့ စုရပ်နေရာတွေဆီ လက်နက်ကိုင်တပ်တွေ ပို့ခဲ့တယ်။

ဆန္ဒပြလူထုကို လက်နက်ကိုင်တပ်တွေက အကြမ်းဖက် သတ်ဖြတ်ခဲ့တယ်။ အဆိုးဆုံးကတော့ မြို့တော် ခါတွန်းမှာပဲ။

ဒေသန္တရ ခုခံတော်လှန်ရေး ကော်မတီ အထူးအားကောင်းတဲ့ မြောက်ပိုင်းက အမွှာမြို့တော် Bahri ကို စိတ်ကြိုက် အကြမ်းဖက် နှိပ်ကွပ်ဖို့ သီးခြားခွဲထုတ်ပစ်ခဲ့တယ်။ ရပ်ကွက်တွေကို စစ်တပ်နဲ့ ဝင်စီးထားပြီး လျှပ်စစ်ဓာတ်အား ဖြတ်တောက်ပစ်ခဲ့တယ်။ စစ်တပ်က လမ်းတွေထဲအထိ မျက်ရည်ယိုဗုံးတွေ ပစ်သွင်းတယ်၊ လူတွေကို အိမ်တွေထဲ ပိတ်မိသွားအောင် လုပ်ပစ်လိုက်တယ်။ လွတ်အောင်မပြေးနိုင်သူတွေကို စစ်တပ်က အမဲလိုက် ဖမ်းဆီးတယ်။

အစိုးရစစ်တပ်က ဆေးရုံတွေထဲကို မျက်ရည်ယိုဗုံးတွေ ပစ်သွင်းခဲ့တယ်လို့ အစီရင်ခံစာတွေမှာ ဖော်ပြကြတယ်။ ဆေးရုံတွေမှာ ဒဏ်ရာရသူတွေ အပြည့်ဖြစ်နေတယ်။

ဆန္ဒပြသူ ၁၅ ဦးထက်မနည်း အသတ်ခံခဲ့ရတယ်။ စုစုပေါင်း အသတ်ခံခဲ့ရသူ ၃၉ ယောက်ရှိနေပြီ။ အဲဒီအထဲမှာ အသက်အကြီးဆုံးက ၇၀ အရွယ်။ ရှမ်းဘတ်မြို့က စျေးဆိုင်ပိုင်ရှင်တဦးလည်း အသတ်ခံခဲ့ရတယ်။ သူက ဆန္ဒပြပွဲ တွေမှာ မပါခဲ့ဘူး။ စစ်သားတွေက သူ့ဆိုင်ထဲ ဝင်လာပြီး အထဲမှာ ပုန်းနေသူတွေ ထုတ်ပေးဖို့ ပြောတယ်၊ ပုန်းနေ သူ တယောက်မှ မရှိပါဘူးလို့ ပြောတော့ သူ့ကို ပစ်သတ်သွားကြတယ်။



" နိုဝင်ဘာ ၁၇ ရက်နေ့ဟာ စစ်အာဏာသိမ်းပြီးကတည်းက ဆူဒန်မှာ သွေးမြေအကျဆုံး နေ့ပဲ။ ပြည်လုံးကျွတ် လူထုချီတက်ပွဲကြီးကို လုံခြုံရေး အင်အားစုတွေက အရက်စက်ဆုံး အကြမ်းဖက် နှိပ်ကွပ်ခဲ့တယ်။ အဲဒီအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးဟာ လူထုအတွက် နောက်ဆုံး သတိပေး ခေါင်းလောင်းသံ ဖြစ်ရမယ် - လူထုအနေနဲ့ နည်းပေါင်းစုံသုံးပြီး လက်နက်စွဲကိုင် ခုခံတိုက်ပွဲဝင်မှသာ ဆူဒန် တော်လှန်ရေး အောင်ပွဲခံနိုင်မယ်လို့ နောက်ဆုံး သတိပေးလိုက်တာပဲ။ "

ရာပေါင်းများစွာ ဒဏ်ရာရခဲ့တယ်။ ဆေးရုံတွေမှာ ခေါင်း ကျည်မှန်ထားသူတွေ၊ ကိုယ်ထည်ပိုင်း ကျည်မှန်ထားသူ လူနာတွေနဲ့ ပြည့်လျှံနေတယ်။ တန်ပြန် တော်လှန်ရေး တပ်ဖွဲ့တွေမှာ ပစ်သတ်ဖို့ အမိန့်တွေ ရထားပုံပဲ

ရာပေါင်းများစွာ ဒဏ်ရာရခဲ့တယ်။ ဆေးရုံတွေမှာ ခေါင်း ကျည်မှန်ထားသူတွေ၊ ကိုယ်ထည်ပိုင်း ကျည်မှန်ထားသူ လူနာတွေနဲ့ ပြည့်လျှံနေတယ်။ တန်ပြန် တော်လှန်ရေး တပ်ဖွဲ့တွေမှာ ပစ်သတ်ဖို့ အမိန့်တွေ ရထားပုံပဲ။

သေနှုန်းက အခုသိရတာထက် အဆပေါင်းများစွာ ပိုနေလိမ့်မယ်၊ ဒဏ်ရာရထားသူ အတော်များများကလည်း သေ မလား ရှင်မလား ပြောမရနိုင်တဲ့ အခြေအနေ။ ဆက်သွယ်ရေး လမ်းကြောင်းတွေ ဖြတ်တောက်ခံထားရတော့ အတိအကျ ခန့်မှန်းဖို့ မဖြစ်နိုင်ဘူး။

အခုချိန်ထိ ဆန္ဒပြပြည်သူတွေကို အကြမ်းမဖက်ပါဘူးလို့ တွင်တွင်ငြင်းနေသေးတဲ့ အာဏာသိမ်း စစ်အစိုးရက ရယ်စရာကောင်းလှတဲ့ ထုတ်ပြန်ချက်တခုထဲမှာ အစိုးရရဲ ၃၀ မျက်ရည်ယိုဗုံးတွေကြောင့် အသက်ရှူမရ ဖြစ်နေပါတယ်လို့ ညည်းညူထားတယ်။

## နည်းပေါင်းစုံသုံးပြီး လက်နက်တပ်ဆင်ထားရမယ်

ဒီမနက်မှာ လူထုအဖို့ တထိတ်ထိတ် တလန့်လန့်နဲ့ နိုးထလာရတယ်။ ဒီစာ ရေးနေချိန်အထိ စစ်တပ်က အကြမ်းဖက် နှိပ်ကွပ်မှုတွေ မရပ်သေးဘူး။ ခါတွန်းနဲ့ ဘာရီ မြို့တွေမှာ တွေ့တဲ့လူ ဖမ်းနှိပ်စက်နေဆဲ၊ ပတ်ကင်း လှည့်နေဆဲ ဖြစ်တယ်။ ခုခံတော်လှန်ရေး ကော်မတီတွေထဲ ပါနေတဲ့ နာမည်ကြီး အဖွဲ့ဝင်တွေကို အပူတပြင်း လိုက်ဖမ်းနေတယ်။

စစ်အာဏာသိမ်းသူတွေဘက်က အခုလိုတွေ ရက်ရက်စက်စက် အကြမ်းဖက်လေ လူထုက ပိုပြီး ဆန့်ကျင်လေပဲ။ ခုခံတော်လှန်ရေး ကော်မတီတွေက စစ်တပ် အလွယ်တကူ ဝင်လာလို့မရအောင် ရပ်ကွက်လမ်းတွေကို ဘယ်ရီ ဂိတ်တွေနဲ့ ပိတ်ချလိုက်တယ်။ ဆူဒန် ပရော်ဖက်ရှင်နယ်များ အသင်းက အကြမ်းဖက်မှုကို ရှုတ်ချထားတယ်။ စေ့စပ်ရေး မလုပ်ဘူး၊ စစ်တပ်နဲ့ အပေးအယူ မလုပ်ဘူးလို့လည်း သူတို့ရပ်တည်ချက်ကို ထုတ်ပြောထားတယ်။ ခုခံတော်လှန်ရေး ကော်မတီတွေက တရက်တာ စစ်အာဏာဖီဆန်ရေး လုပ်ဖို့ ဆော်ဩထားတယ်။ ဆူဒန် တပြည်လုံးနီးပါး သပိတ်တိုက်ပွဲကြောင့် သွက်ချာပါဒ လိုက်နေဆဲဖြစ်တယ်။

ဆက်သွယ်ရေးလိုင်းတွေ ဖြတ်တောက်ထားလို့ လူထုရဲ့ စိတ်အခြေအနေကို မှန်းဆရ ခက်ပါတယ်။ ဒါပေမယ့် လူမှုကွန်ယက်ကနေ တစွန်းတစတွေ့လာရတဲ့ မှတ်ချက်တွေကို အခြေခံပြောရရင် အနည်းဆုံးတော့ လူထုထဲက တစိတ်တပိုင်းဟာ လက်နက်အပြည့် တပ်ဆင်ထားပြီး အကြမ်းဖက်နေတဲ့ တန်ပြန် တော်လှန်ရေးကို 'ငြိမ်းငြိမ်းချမ်းချမ်း' နည်းတွေနဲ့ပဲ ရင်ဆိုင်နေရတာ စိတ်ပျက်လာကြပြီ။

ကျနော်တို့ ထပ်တလဲလဲ ပြောခဲ့သလိုပဲ အောင်ပွဲရဖို့ တခုတည်းသော လမ်းဟာ လူထုကိုယ်တိုင် ခုခံကာကွယ်ရေး ကော်မတီတွေ စုစည်းပြီး တန်ပြန်တော်လှန်ရေးကို လက်နက်ကိုင် တုံ့ပြန်ဖို့ပဲ။ အဆုံးမတော့ လက်နက်ကိုင် တပ် ထဲက စာနာမှုရှိသူတွေကို တော်လှန်ရေးဘက်ပါလာအောင် လုပ်ဖို့ လိုအပ်လိမ့်မယ်။ ဒါပေမယ့် လတ်တလောမှာ လူထုကိုယ်တိုင် ရနိုင်သမျှ နည်းပေါင်းစုံသုံးပြီး လက်နက်စွဲကိုင် တိုက်ပွဲဝင်ဖို့ ပြင်ဆင်ထားရမယ်။

၁၉၀၅ တော်လှန်ရေးတုန်းက Black Hundreds ဖက်ဆစ်တွေကို ဆန့်ကျင်ဖို့ရာ အလုပ်သမားလယ်သမားတွေ ကိုယ်တိုင် ခုခံတော်လှန်ရေး



ကော်မတီတွေ ဖွဲ့စည်းကြဖို့ လီနင် ရေးခဲ့သလိုပဲ -

"သူတို့ကိုယ်တိုင် ရနိုင်သမျှ အကောင်းဆုံး လက်နက်တပ်ဆင်ထားရမယ်၊ (ရိုင်ဖယ်တွေ၊ ပစ္စတိုတွေ၊ ဗုံးတွေ၊ ဓားတွေ၊ သံလက်သီးစွပ်တွေ၊ တုတ်တွေ၊ မီးတင်ရှို့ဖို့ ရေနံဆီစွတ်ထားတဲ့ အဝတ်စုတ်တွေ၊ သံစူးကြိုးတွေ၊ [မြင်း တပ်] ကို ဒုက္ခပေးဖို့ သံမှိုတွေ၊ စသဖြင့်) ရနိုင်သမျှ လက်နက်တွေ လူထုကိုယ်တိုင် တပ်ဆင်ထားရမယ်။ ဘယ်လို အခြေအနေမှာမှ ပြင်ပကနေ၊ အထက်ကနေ အကူအညီရလာဖို့ မမျှော်လင့်ကောင်းဘူး။ လူထုကိုယ်တိုင် လက်နက်တွေ ရလာအောင် လုပ်ကြရမယ်။"

ဆူဒန် လူထုက လက်နက်ကိုင် တပ်ဖွဲ့တွေကို ကျောက်ခဲတွေနဲ့ ခုခံခဲ့တာရှိသလို လက်ဗလာနဲ့ ခုခံခဲ့တာလည်း ရှိတယ်။

လူထုထက် စစ်တပ်က လက်နက်အင်အားပိုတောင့်တယ် ဒါပေမယ့် စစ်တပ်ထက် လူထုက အရေအတွက် အဆမတန် ပိုအားကောင်းတယ်။ လူထုသာ စနစ်တကျ စုစည်းထားပြီး တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေရင် လက်နက်တွေ အလွန်အကျွံ တပ်ဆင်ထားတဲ့ တန်ပြန် တော်လှန်ရေးကို လူထုက သုတ်သင်နိုင်ပါတယ်။ စစ်တပ်ထဲက အစိတ်အပိုင်းတခုကို တော်လှန်ရေးဘက်ပါလာအောင် လုပ်နိုင်တဲ့အထိ လူထုကိုယ်တိုင် တိုက်ဖို့ အသင့် ပြင်ထားရမယ်။ လူထုကြီးက ဆူဒန် ပရော်ဖက်ရှင်နယ်များ အသင်းနဲ့ ခုခံတော်လှန်ရေး ကော်မတီတွေ ဖော်ထားတဲ့ သဘောကြောင်းကြံ ပေါ်လစီအတိုင်း စစ်တပ်ရှေ့ လက်ဗလာနဲ့ လျှောက်သွားလို့ လုံးဝမဖြစ်ဘူး။

"သူတို့ကိုယ်တိုင် ရနိုင်သမျှ အကောင်းဆုံး လက်နက်တပ်ဆင်ထားရမယ်၊ (ရိုင်ဖယ်တွေ၊ ပစ္စတိုတွေ၊ ဗုံးတွေ၊ ဓားတွေ၊ သံလက်သီးစွပ်တွေ၊ တုတ်တွေ၊ မီးတင်ရှို့ဖို့ ရေနံဆီစွတ်ထားတဲ့ အဝတ်စုတ်တွေ၊ သံစူးကြိုးတွေ၊ [မြင်း တပ်] ကို ဒုက္ခပေးဖို့ သံမှိုတွေ၊ စသဖြင့်) ရနိုင်သမျှ လက်နက်တွေ လူထုကိုယ်တိုင် တပ်ဆင်ထားရမယ်။ ဘယ်လို အခြေအနေမှာမှ ပြင်ပကနေ၊ အထက်ကနေ အကူအညီရလာဖို့ မမျှော်လင့်ကောင်းဘူး။ လူထုကိုယ်တိုင် လက်နက်တွေ ရလာအောင် လုပ်ကြရမယ်။"

## မစေ့စပ်ရ၊ အပေးအယူ မလုပ်ရ၊ စစ်တပ်နဲ့မပူးပေါင်းရ

ဆူဒန် ပရော်ဖက်ရှင်နယ်များ အသင်းနဲ့ ခုခံတော်လှန်ရေး ကော်မတီတွေ ဆော်ဩထားသလို ငြိမ်းငြိမ်းချမ်းချမ်း အာဏာဖီဆန်ရေး နည်းတွေကို အောက်ခြေလူထုက ပြတ်ပြတ်သားသား ငြင်းဆန်ရမယ်။ ဒီနည်းလမ်းတွေဟာ တန်ပြန် တော်လှန်ရေးကို ယုံကြည်ချက် ပိုရှိစေတယ်၊ လူထုကြီးကို သွေးပင်လယ်ဝေစေတယ်။

တော်လှန်ရေး ခေါင်းဆောင်တွေဟာ လူထုကို လက်နက်စွဲကိုင် ပြန်တိုက်စေရမယ်။ ဒီလို တိုက်နိုင်အောင် စုစည်း ပေးရမယ်၊ စစ်တပ်ထဲက ယိမ်းယိုင်နေတဲ့ အစိတ်အပိုင်းတွေကို တပ်တွင်းအာဏာဖီဆန်ပြီး လူတန်းစား ညီအစ်ကို မောင်နှမတွေနဲ့အတူ လက်တွဲ တိုက်ပွဲဝင်ကြဖို့ ဖိတ်ခေါ်ရမယ်။ တော်လှန်ရေး ခေါင်းဆောင်တွေက ဒါတွေ မလုပ် ချင်ဘူးဆိုရင် ဘေးဖယ်ပေးပြီး လုပ်လိုသူတွေကို ခေါင်းဆောင်နေရာ ပေးရမယ်။

ပြည်ပရောက် ဆူဒန် အသိုင်းအဝိုင်းရဲ့ ပက်တီးဘူဇွာ အစိတ်အပိုင်းတွေက အရပ်သား အစိုးရ အာဏာပြန်ရ လာအောင် ကုလသမဂ္ဂကို ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့တွေ စေလွှတ်ပေးဖို့ တောင်းဆိုနေကြတယ်။ ဒါဟာ သုံးစားမရတဲ့ အယူအဆပဲလို့ ကျနော်တို့ ပြောရမယ်။

ဟေတီ ဒါမှမဟုတ် ယုဂန္ဓာ ဒါမှမဟုတ် 'ငြိမ်းချမ်းရေး' နဲ့ 'ဒီမိုကရေစီရေး' အလံထူပြီး ယူအန် တပ်တွေ ဝင်ခဲ့တဲ့ တခြားဘယ်နေရာမဆို ကြည့်လိုက်ပါ။ အဲဒီမြင့်မြတ်သော စံနှုန်းတွေကို အရင်းရှင်နယ်ချဲ့စနစ်ရဲ့ တပ်ဖွဲ့တွေ ဘယ့်လောက် အောင်အောင်မြင်မြင် စောင့်ရှောက်ကာကွယ်ပေးခဲ့သလဲ တွေ့ရလိမ့်မယ်။

ဒါ့အပြင် ဆူဒန်နိုင်ငံဆိုင်ရာ ကုလ အထူးကိုယ်စားလှယ် Volker Perthes က ကာလကာနောက်ကွယ်မှာ အာဏာ သိမ်း စစ်ခေါင်းဆောင် ဘူ(ရ်)ဟန်း တို့ ဟေးမက်တီတို့နဲ့ စေ့စပ်ညှိနှိုင်းနေတယ်၊ စစ်ဖက်-အရပ်ဖက် အာဏာခွဲဝေ ရေးကို ပြန်သွားဖို့ စေ့စပ်နေတယ်။ အရပ်သား အစိုးရတရပ် ပေါ်ထွန်းရေး တောင်းဆိုဖို့ ဝေးစွ၊ ယူအန်က ဒီသား သတ်သမားတွေကို အာဏာဆက်ပေးထားချင်တယ်။

အရင်းရှင်နယ်ချဲ့ နိုင်ငံကြီးတွေ ထိန်းချုပ်ထားသော အဖွဲ့အစည်းတခုဖြစ်တဲ့ ယူအန် ကြောက်တာ ဆူဒန် အာဏာ သိမ်း စစ်အစိုးရကို ပြည်သူတွေ တော်လှန်ဖြုတ်ချမှာကိုပါ။ ဒီလို တော်လှန်ဖြုံချလိုက်ရင် ဒေသတွင်းတခုလုံး ဒိုမီနို သက်ရောက်မှု ရှိသွားမယ်၊ ဒေသတွင်း တခြားနိုင်ငံတွေမှာလည်း လူထုကြီးက ဆူဒန်မှာလို အလားတူ အခြေ အနေတွေ ရင်ဆိုင်နေရတယ်။ စေ့စပ်ညှိနှိုင်းပြီး ပေးစားဖို့ ကြိုးစားတဲ့ သူတို့လုပ်ရပ်တွေဟာ လူထုကြီး မျက်စိထဲ သဲနဲ့ပက်လိုက်သလိုပဲ။ တော်လှန်ရေး အကျိုးစီးပွားနဲ့ တန်ပြန် တော်လှန်ရေး အကျိုးစီးပွားကို တနည်းနည်းနဲ့ ရင်ကြားစေ့ပေးနိုင်တယ်လို့ ထင်ယောင်ထင်းမှား ဖြစ်သွားစေတယ်။

ဒါပေမယ့် တော်လှန်သော လူထုရော စစ်တပ်ရောက ဒီလို ရင်ကြားစေ့ အစီအမံ လုပ်လို့ မဖြစ်မှန်း နားလည်နေ ကြပြီ။ ဘယ်ဘက်ကမှ တခြားတဘက် လက်ထဲ အာဏာရှိနေတာကို ဆက်သည်းမခံနိုင်တော့ဘူး။ တော်လှန်ရေး နဲ့ တန်ပြန် တော်လှန်ရေးကြားမှာရင်ကြားစေ့လို့ မရနိုင်ဘူး။ တဘက်ဘက်က အပြည့်အဝ အောင်နိုင်ရေးပဲ ရှိနိုင်တယ်။

စပိန် တော်လှန်ရေး အင်အားစုတွေ ဖရန်ကိုရဲ့ ဖက်ဆစ် တပ်တွေနဲ့ အပြင်းအထန် တိုက်ပွဲဖြစ်နေချိန် ထရော့စကီး က အခုလို သတိပေးစကား ပြောခဲ့တယ် -

"တော်လှန်ရေးတွေဟာ သမိုင်းကို မောင်းနှင်နေတဲ့ စက်ကြီးတွေဖြစ်တယ်။ နောက်ကျကျန်နေခဲ့သူမှန်သမျှ ဒီစက် ကြီးရဲ့ ဘီးတွေအောက် ရောက်သွားမယ်၊ အကျိုးဆက်ကတော့ (ဒီအကျိုးဆက်က အဓိက အန္တရာယ် ဖြစ်တယ်) စက်ကြီးကိုယ်တိုင် မကြာခဏဆိုသလို ဖျက်စီးခံရတယ်။"

"တော်လှန်ရေးရဲ့ ပြဿနာကို အဆုံးထိ စဉ်းစားတွေးတောဖို့ လိုတယ်၊ တော်လှန်ရေးရဲ့ နောက်ဆုံး အခိုင်အမာ နိဂုံးချုပ်ချက်တွေအထိ စဉ်းစားတွေးခေါ်ကြည့်ဖို့ လိုတယ်။ ပေါ်လစီကို တော်လှန်ရေးရဲ့ အခြေခံ နိယာမတွေနဲ့ ကိုက်ညီအောင် ထိန်းညှိဖို့ လိုအပ်တယ်၊ သဘောက ဆန့်ကျင်တိုက်ပွဲဝင်နေကြတဲ့ လူတန်းစားတွေရဲ့ လှုပ်ရှားမှုနဲ့ သဟဇာတဖြစ်အောင် ထိန်းညှိဖို့ လိုတယ်။ တော်လှန်ရေးကာလမှာ ခုခံတွန်းလှန်ရေး အနည်းဆုံး လိုင်းက အပျက် အစီး အဆုံးအရှုံး အများဆုံး လိုင်း ဖြစ်တယ်။"

ဆူဒန် တော်လှန်ရေးဟာ အင်မတန် ကြီးမားတဲ့ စွမ်းပကားနဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကို ပြသခဲ့ပြီးပြီ။ ရဲစွမ်းသတ္တိရှိရုံနဲ့ အောင်နိုင်တယ်ဆိုရင် ဆူဒန် လူထုက ဆယ်ခါမက အောင်ပွဲခံနိုင်ပြီ။ ဆက်ပြီးလည်း အောင်ပွဲဆင်နိုင်သေးတယ်။

ဒါပေမယ့် တော်လှန်ရေးဆိုတာ လက်တွေ့ အရှိတရားတွေရဲ့ ကိစ္စ။ ဆူဒန် လူထုကသာ ရနိုင်သမျှ လက်နက်တွေ ဆွဲကိုင် တိုက်ပွဲမဝင်ဘဲ လက်ဗလာနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ချီတက်နေဦးမယ်ဆိုရင် လက်မရွံ့လူသတ်နေတဲ့ တန်ပြန် တော်လှန်ရေးက ရက်ရက်စက်စက် သတ်ဖြတ် ချေမှုန်းသွားလိမ့်မယ်။

တန်ပြန် တော်လှန်ရေးကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့ တခြားဘယ်သူ့ကိုမှ အားကိုးနေလို့ မရဘူး ဆူဒန်လူထုကိုယ်တိုင် တိုက်မှရမယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းဆိုတာတွေရဲ့ မိကျောင်းမျက်ရည်တွေ၊ အနှစ်မပါ ဗလာချည် ထုတ်ပြန် ချက်တွေနဲ့ ယူအန်လို နယ်ချဲ့ နိုင်ငံကြီးတွေ လေပေါ်ရာ ဌာနတွေက ဆူဒန်ကို အာဏာရှင်စနစ်အောက်ကနေ ကယ်တင်ပေးမှာ မဟုတ်ဘူး။ လူထုရဲ့ အမှီအခိုကင်း လွတ်လပ်သော လူတန်းစား

တိုက်ပွဲကသာ အာဏာရှင်စနစ် ကို အမြစ်ဖြတ်နိုင်မယ်။

ဘာရှားစစ်အုပ်ချုပ်ရေး စနစ်ဟောင်းနဲ့ အပေးအယူလုပ်ဖို့ ကြိုးပမ်းချက်မှန်သမျှ ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့ ပြင်ဆင်ထားရမယ်။ တန်ပြန် တော်လှန်ရေးသမားတွေကို လူထုကိုယ်တိုင် ချေမှုန်းပစ်ရမယ်။ သူတို့ရဲ့ ခနဉစ္စာတွေ လူထုကိုယ်တိုင် ပြန်သိမ်းယူရမယ်၊ စစ်မှန်သော အလုပ်သမား ဒီမိုကရေစီစနစ်ပေါ် အခြေခံပြီး အလုပ်သမား လယ်သမား အစိုးရ ဦးဆောင်မှုနဲ့ ဆူဒန် နိုင်ငံကို ပြန်ထူထောင်ရမယ်။

တော်လှန်ရေးရဲ့ သိုမှီးထားသော အင်အားတွေဟာ ထုနဲ့ထည်နဲ့ ရှိနေပါတယ်။ ဒါပေမယ့် အဆုံးအစမဲ့ မဟုတ်ဘူး။ သုံးစားမရတဲ့ ရွှေပြည်အေးလမ်းလိုက်ပြီး ဒီအင်အားတွေကို ဖြုန်းတီးပစ်လို့ မဖြစ်ဘူး။ ရွှေပြည်အေးလမ်း ဆက်လျှောက်နေရင် ကျဆုံးသွားတဲ့ အာဇာနည်တွေကို စော်ကားရာရောက်တယ်။ ဘူ(ရ်)ဟန်း နဲ့ ဗိုလ်ချုပ်ကြီးတွေကို လူထုအပေါ် သူတို့ပြသခဲ့တဲ့ ကရုဏာမျိုးပဲ ထားရှိရမယ်။

လူထုကို လက်နက်တပ်ဆင်ကြ
စစ်အာဏာသိမ်းပွဲကို ချေမှုန်းကြ
ဆူဒန်တော်လှန်ရေး အောင်ရမယ်

ကိုတင်ဦး (ဘာသာပြန်သည်)

[မူရင်းဆောင်းပါးကို နိုဝင်ဘာ ၁၈ ရက်နေ့က Marxist.com မှာ ဖော်ပြခဲ့ပါတယ်။ အခု နိုဝင်ဘာ ၂၁ ရက်နေ့မှာ အာဏာသိမ်းစစ်ခေါင်းဆောင် ဘူ(ရ်)ဟန်းက သူဖြုတ်ချခဲ့တဲ့ အရပ်သားဝန်ကြီးချုပ် Abdalla Hamdok ကိုပြန်တင်ပေးမယ်၊ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ စီစဉ်နေတယ်လို့ ရိုက်တာသတင်းအရ သိရပါတယ်။ လမ်းမထက်က လူထုတိုက်ပွဲတွေ ငြိမ်သက်သွားအောင် ဒီလိုအပေးအယူ လုပ်လာတဲ့သဘောဖြစ်ပါတယ်။]



# ရောင်စုံ ဒုက္ခတွေကြားက မြန်မာရွှေ့ပြောင်းအလုပ်သမားများ

အောင်မြတ်

ယခုလအတွင်းမှာ နယ်စပ်ဖြတ်ကျော်ကာ ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ဖို့ ကြိုးပမ်းနေတဲ့ မြန်မာ ရွှေ့ပြောင်း အလုပ်သမားများ ဆက်တိုက်ဖမ်းဆီးခံနေရကြောင်း ထိုင်းနိုင်ငံအခြေစိုက် သတင်းမီဒီယာတွေ နဲ့ မြန်မာ သတင်းမီဒီယာတွေမှာ ခပ်စိပ်စိပ်တွေ့လာရပါတယ်။

နိုဝင်ဘာလ ၁၈ ရက်နေ့ တစ်ရက်တည်းမှာပဲ ထိုင်းမြန်မာ နယ်စပ်နေရာ ငါးခုမှာ မြန်မာအလုပ်သမား တစ်ရာကျော် ဖမ်းဆီးခံခဲ့ရတယ်လို့ သိရှိရပါတယ်။

ထိုင်း နဲ့ မွန်ပြည်နယ် နယ်စပ်ဖြစ်တဲ့ ကန်ချနဘူရီပြည်နယ်၊ နောက်စံခနဘူရီခရိုင်ထဲမှာ ၃နေရာခန့် ၊ ကရင်ပြည်နယ်နဲ့ထိစပ်နေတဲ့ မဲဆောက်ခရိုင်အတွင်း ၃နေရာခန့်၊ တနင်္သာရီတိုင်းနဲ့ထိစပ်နေတဲ့ ပရာကျွတ်ခီရီခန်၊ ရနောင်းနဲ့ ချွန်ဖွန်ခရိုင်တွေထဲမှာ ၃နေရာခန့် ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့စပ်နေတဲ့ ချင်းရိုင်ခရိုင်နဲ့ ကယား ပြည်နယ်နဲ့ထိစပ်နေတဲ့မယ်ဟောင်ဆောင်ဒေသတွေမှာ တစ်ရက်ထဲဖမ်းဆီးခံကြရတာဖြစ်ပါတယ်။

ဖမ်းဆီးခံရသူတွေဟာ အသက် ၁၈ နှစ်နဲ့ ၃၀ နှစ်အောက်တွေပိုများပြီး ပြည်တွင်းမှာ အကြောင်း ပြချက်မျိုးစုံနဲ့ဖမ်းဆီးခံရမှုတွေ၊ နောက် အလုပ်အကိုင်ရှားပါးမှုနဲ့ တရားဝင်သွားဖို့ စောင့်ဆိုင်းနေရ တာကြာမြင့်လာတာတွေကြောင့် တရားမဝင်လမ်းကြောင်းကို အသုံးပြုဝင်ရောက်ဖို့ ကြိုးစားလာဖြစ်ပါတယ်။

ယခု နိုဝင်ဘာ ၁ရက်ကနေ နိုဝင်ဘာ ၁၈ရက်အတွင်း အခုလို အထောက်အထားမဲ့ ဖမ်းဆီးခံရတဲ့ မြန်မာလုပ်သား ၆၀၀၀ခန့် ရှိနေတယ်လို့ သိရှိရပြီး ထိုင်းစစ်တပ်က ထိန်းသိမ်းထားကာ စစ်ဆေးမှုတွေပြီးစီးရင် မြန်မာ နိုင်ငံဘက်ပြန်လည် လွှဲပြောင်းပေးမယ်လို့ သိရှိရပါတယ်။

မြန်မာ နိုင်ငံမှာ ဖေဖော်ဝါရီလ တစ်ရက်နေ့က ဗိုလ်မင်းအောင်လှိုင် ဦးဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းယူပြီး တဲ့နောက်ပိုင်း အခုလို အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်တာတွေ ပိုမိုပြုလုပ်လာတာ ဖြစ်တယ်လို့လည်း သိရှိရပါတယ်။

မြန်မာ နိုင်ငံမှာ မဆလ အစိုးရကိုဖြိုချခဲ့တဲ့ ရှစ်လေးလုံး လူထုအရေးတော်ပုံအပြီး စစ်အာဏာသိမ်းယူမှု ဖြစ်ပေါ်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်လွန်ကာလတွေမှာ အလုပ်အကိုင်ရှားပါးခြင်း၊ စီးပွားရေး မပြေလည်မှု၊ ပြည်တွင်းမှာ စစ်အုပ်စုရဲ့ ရက်စက်မှုတွေကြောင့် မြန်မာလူငယ် အလုပ်သမားတွေဟာ ထိုင်းနိုင်ငံကို နယ်စပ်ဖြတ်ကျော် တရားမဝင် လမ်းကြောင်းကို အသုံးပြုကာ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ရပါတယ်။

၉၀ ပြည့်နှစ်လွန် အချိန်တွေတုန်းက မြန်မာ အလုပ်သမားတွေဟာ ထိုင်းနိုင်ငံ နဲ့ နယ်နိမိတ် ထိစပ်နေတဲ့ နေရာ ပေါင်းစုံကနေ ပွဲစားတွေကို အားကိုးပြီး ထိုင်းနိုင်ငံကို ဝင်ရောက်ခဲ့ကြပါတယ်။

မြန်မာ အလုပ်သမားတွေဟာ ထိုင်းနယ်စပ်တွေဖြစ်တဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်တို့မှ ထိုင်းနိုင်ငံသို့ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေဖို့ ပွဲစားတွေ ချိတ်ဆက်ပေးတဲ့ ကားလမ်း၊ ခြေလျင်လမ်းကြောင်း အသီးသီးကနေ ဝင်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

ယခင်စစ်အာဏာရှင် ဗိုလ်သန်းရွှေရဲ့ နအဖ အစိုးရ အုပ်ချုပ်ခဲ့တဲ့ ၁၉၉၀ ကနေ ၂၀၁၀ ခုနှစ်တွေထိ နှစ်ပေါင်း နှစ်ဆယ်နီးပါး မြန်မာ အလုပ်သမားတွေဟာ ထိုင်းနိုင်ငံကို တရားမဝင် လမ်းကြောင်းတွေကတဆင့် ဝင်ရောက်ခဲ့ရပြီး ဒုက္ခမျိုးစုံကို ခါးစီးခံခဲ့ရပါတယ်။

အဲ့ဒီလို ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ရာမှာတော့ တရားမဝင် ဝင်ရောက်လာသူတွေကို အလုပ်ရှင်တွေက အထောက်အထား မရှိတဲ့အတွက်ကြောင့် လစာအပြည့်မပေးဘဲ ခေါင်းပုံဖြတ်တာတွေကိုလည်း မြန်မာနိုင်ငံက အလုပ်သမားတွေ ကြုံတွေ့ခံစားခဲ့ရပါတယ်။

ဒါ့အပြင် တရားမဝင် ဝင်ရောက်လာသူတွေဟာ ကျန်းမာရေး စောင့်ရှောက်မှု မရတဲ့ ပြဿနာတွေကိုလည်း ရင်ဆိုင်ခဲ့ဖူးပါတယ်။

အဲ့ဒီကာလတွေတုန်းက မြန်မာရွှေ့ပြောင်း အလုပ်သမားတွေဟာ ထိုင်းနိုင်ငံရဲ့ အလုပ်သမား အခွင့်အရေး မရှိဘဲ အလုပ်လုပ်ခဲ့ရတဲ့ အပြင် မြန်မာ စစ်အာဏာရှင်တွေရဲ့ ပြည်ပမထွက်နိုင်အောင် ဖမ်းဆီးဖိနှိပ်မှု၊ စစ်အုပ်စု ရဲ့ လက်ကိုင်တုတ် ဇျူရိုကရေစီ ယန္တရား ကိုလာဘ်ငွေပေးရမှုတွေလည်း ကြုံတွေ့ခဲ့ရပါတယ်။

မြန်မာ ရွှေ့ပြောင်း အလုပ်သမားတွေ ၂၀၁၃ ခုနှစ်လောက်က စပြီး ထိုင်းအစိုးရ နဲ့ ချုပ်ဆိုထားတဲ့ နားလည်မှု စာချွန်လွှာ MOU အရ တရားဝင်သွားရောက် အလုပ်လုပ်ကိုင် ခွင့်ရခဲ့ပြီး၊ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်သူတွေကိုလည်း တရားဝင်နေထိုင်ခွင့် အလုပ်လုပ်ကိုင်ခွင့် ပေးခဲ့ပါတယ်။

ဒီတရားဝင်ခေါ်ယူမှုတွေကလည်း ၂၀၂၀ ခုနှစ် ကိုဗစ် ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှာတော့ ရပ်ဆိုင်းသွားရပါတော့တယ်။

ယခု မြန်မာ စစ်အာဏာရှင် လက်သစ် ဗိုလ်မင်းအောင်လှိုင် ဦးဆောင်ပြီး အာဏာသိမ်းယူလိုက်ပြီး နောက်ပိုင်း မှာတော့ နိုင်ငံတွင်း အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလာမှု၊ ပြည်တွင်းမှာ အကြောင်းပြချက်မျိုးစုံနဲ့ ဖမ်းဆီးခံရမှုတွေကြောင့် ထိုင်းနိုင်ငံကို တကျော့ပြန် တရားမဝင် လမ်းကြောင်းတွေကတဆင့် ပြန်လည် ဝင်ရောက်လာတာ ဖြစ်ပါတယ်။

လက်ရှိ အချိန်မှာလည်း မြန်မာ ရွှေ့ပြောင်းအလုပ်သမားတွေဟာ ပြည်တွင်းမှာ စစ်အုပ်စုရဲ့ ဗိုလ်ကျအနိုင်ကျင့်မှုကြောင့် မလွဲသာမရှောင်သာ ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် သွားရောက် အလုပ်လုပ်ကိုင် ရန် ကြိုးပမ်းနေသော်လည်း ထိုင်းအစိုးရ နဲ့ မြန်မာ စစ်တပ်ရဲ့ဖမ်းဆီးမှုကို နေ့စဉ် ခံနေရတာ ဖြစ်ပါတယ်။

အကြမ်းဖက်စစ်အုပ်စု ခေါင်းဆောင် မင်းအောင်လှိုင် အာဏာသိမ်းယူလိုက်တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့က နေပြီး ယခု နိုဝင်ဘာလ အထိ ထိုင်းနိုင်ငံသို့ အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်သူ သုံးသောင်း ကျော်အထိ ဖမ်းဆီးခံထားရတယ်လို့ မြန်မာရွှေ့ပြောင်း အလုပ်သမား ကူညီရေးအဖွဲ့အစည်းတွေက ပြောပါတယ်။

"တစ်ရက်ကို အယောက် ၁၀၀ကနေ ၃၀၀ကြား တောက်လျှောက်ဝင်လာနေပြီး အဲ့ဒီလို ဝင်လာတဲ့အထဲ က လွတ်ခဲ့တဲ့ သူတွေလည်း ရှိသလို ဖမ်းမိသွားတဲ့ သူတွေလည်း ရှိပါတယ်" လို့ မြန်မာရွှေ့ပြောင်း အလုပ်သမား အကူအညီပေးရေး ဆောင်ရွက်နေသူတစ်ဦးက ပြောပါတယ်။

မြန်မာရွှေ့ပြောင်း အလုပ်သမားတွေဟာ ထိုင်းနိုင်ငံကို တရားမဝင် လမ်းကြောင်းတွေကနေ နေ့စဉ် ဝင်ရောက်နေကြတာ ဖြစ်ပြီး တရားမဝင် လမ်းကြောင်းက ဝင်ရောက်လာတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသမီးတွေဟာ အမျိုးသားတွေထက် အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသမီးတွေဟာ တောတောင်ထဲမှာ ၂ ပတ်လောက် ခိုအောင်းပြီးမှ လာရတဲ့အတွက်ကြောင့် ပွဲစားတွေနဲ့ အမျိုးသားတချို့ရဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေကို ရင်ဆိုင်နေရတယ်လို့ အလုပ်သမားအရေး ကူညီပေးနေသူ တစ်ဦးက ပြောပါတယ်။

တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာတဲ့ အလုပ်သမားတွေတွေဟာ ထိုင်းနိုင်ငံထဲကို စံ ၂မျိုး ၃မျိုးလောက်နဲ့ ရွှေ့ပြောင်းဝင်ရောက်လာတာ ဖြစ်တယ်လို့လည်း သိရှိရပါတယ်။

"ဒါကတော့ ဝင်ရောက်လာတဲ့ လမ်းခရီးကို မော်တော်ယာဉ်တွေနဲ့ဘဲ တောက်လျှောက်သွား ရမယ်ဆိုတဲ့ ခရီးမျိုးရှိမယ်၊ နောက်တစ်ခါ အခြေအနေအရ တောတွေတောင်တွေကို လမ်းလျှောက်ပြီး ဖြတ်ကျော်ရမယ့် အခြေအနေမျိုးရှိမယ်"လို့ ရွှေ့ပြောင်း အလုပ်သမားအရေး ဆောင်ရွက်နေသူ ဦးအောင်ကျော်က ပြောပါတယ်။

ဒီလိုအခြေအနေတွေပေါ် မူတည်ပြီး ဝင်ရောက်လာမယ့် ရွှေ့ပြောင်းလုပ်သားတွေဟာ ကြားပွဲစားတွေကို ပွဲစားခအဖြစ်နဲ့ ထိုင်းဘတ်ငွေ အနည်းဆုံး ၂သောင်း ကနေ ၂၇၀၀၀ လောက်အထိ ပေးနေရတယ်လို့လည်း သိရှိရပါတယ်။

ဒီပမာဏဟာ မြန်မာကျပ်ငွေ ဆယ်သိန်းကနေ ၁၄ သိန်းထိ ပေးနေရပြီး ဖမ်းဆီးခံရပါက ပွဲစားတွေက တာဝန်ယူတာမရှိဘဲ စရိတ်ငွေ ဆုံးရှုံးနေရတယ်လို့ သိရှိရပါတယ်။

ဒီလိုဖမ်းဆီးတဲ့နေရာ ထိုင်းနိုင်ငံထဲ ဝင်ရောက်ပြီးမှ ဖမ်းဆီးခံရတာရှိသလို မြန်မာပြည်နယ်စပ်မှာပဲ စစ်ကောင်စီတပ်တွေက ဖမ်းဆီးထားတာတွေလည်း ရှိပါတယ်။

တနင်္သာရီတိုင်းကတဆင့် ထိုင်းနိုင်ကို သွားရောက်မယ့် မြန်မာရွှေ့ပြောင်း အလုပ်သမားတချို့ကို စစ်ကောင်စီ တပ်တွေက ဖမ်းဆီးတာမျိုးတွေ ပြုလုပ်နေတယ်လို့ သိရှိရပါတယ်။

စစ်ကောင်စီကဖမ်းဆီးထားတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ ဘယ်လောက်ရှိတယ်ဆိုတာတော့ အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော ရွှေ့ပြောင်း လုပ်သားအရေအတွက် များလာတာဟာ ထိုင်းနိုင်ငံတွင်း ကိုဗစ် ၁၉ ကူးစက်မှု ပြန်လည်ဖြစ်ပေါ်နိုင်တာကြောင့် အဲ့ဒီအခြေအနေတွေကို စိုးရိမ်တယ်လို့ ထိုင်းနိုင်ငံရဲ့ စစ်တပိုင်းအစိုးရ ဝန်ကြီးချုပ် ပရာယွတ် ချိန်အိုချာ ကလည်း ပြောဆိုထားပါတယ်။

ထိုင်းစစ်အာဏာရှင်တပိုင်း အစိုးရဟာ သူတို့ကိုယ်တိုင် မဖြေရှင်းနိုင်တဲ့ ကိုဗစ်ကပ်ရောဂါဘေး ကြုံတွေ့နေရတဲ့ ပြဿနာကို မြန်မာ အလုပ်သမားတွေအပေါ် လွှဲချဖို့ အမြဲတမ်း အသင့်ဖြစ်နေတာကိုလည်း သူတို့ရဲ့ စကားတွေ ကတဆင့် ကြားသိနေရပါတယ်။

ထိုင်းနိုင်ငံထဲကို နည်းလမ်းအမျိုးမျိုး ဝင်ရောက်ဖို့ ကြိုးပမ်းနေသူတွေဟာ မြန်မာနိုင်ငံ အာဏာသိမ်း စစ်အုပ်စုရဲ့ ဖိနှိပ်မှု၊ စီးပွားရေး မပြေလည်မှု၊ အလုပ်အကိုင်ရှားပါးမှု ဖြစ်စဉ်တွေကြောင့် နေစဉ်မပြတ် သွားလာနေကြတာပဲ ဖြစ်ပါတယ်။

"ရွှေ့ပြောင်းလာသူတွေထဲက တစ်ချို့ဟာ အာဏာသိမ်း စစ်ကောင်စီကိုဆန့်ကျင်တဲ့ နွေဦးတော်လှန်ရေးမှာ ပါဝင်လှုပ်ရှားခဲ့ကြပြီး သူတို့ရဲ့ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေလည်း ရက်ရက်စက်စက် သတ်ဖြတ် ဖမ်းဆီးနှိပ်စက်တာတွေ ခံနေကြရတဲ့အတွက် သူတို့ကိုယ်တိုင်လည်း တစ်ချိန်မဟုတ်တစ်ချိန် ဒီလို အခြေအနေမျိုးကို ရောက်ရှိလိမ့်မယ်ဆိုတာ သိရှိတဲ့အတွက်ကြောင့် ထွက်လာကြတယ် ဆိုတာတွေလည်း အများအားဖြင့် သိရပါတယ်" လို့ ရွှေ့ပြောင်း အလုပ်သမားအရေး ဆောင်ရွက်နေသူ ဦးအောင်ကျော်က ပြောပါတယ်။

အောင်မြတ်






# Bolshevism: The Road To Revolution

## အပိုင်း (၁) ရုပ်ရှား မာ့(က်စ်)ဝါဒ မွေးဖွားလာခြင်း

### သက်ဦးဆံပိုင် ဘုရင်တပါး အသတ်ခံရခြင်း

[ဒီကဏ္ဍမှာALANWOODS ရေးသားပြုစုတဲ့BOLSHEVISM: THE ROAD TO REVOLUTION စာအုပ်ကိုအခန်းဆက်ဘာသာပြန် ဖော်ပြသွားပါမယ်။ဒီစာအုပ်ရဲ့ အဖွင့်စာတမ်းကိုဘာသာပြန် ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ အောက်ပါ လင့်(ခ်)ကနေဒေါင်းလုတ်ဆွဲ ဖတ်နိုင်ပါတယ်။ LINK -https://www.mediafire.com/file/mz8goxh-jhiqvbot/bolshevik_revolution.pdf/file

BOLSHEVISM စာအုပ် ဘာသာပြန်ကို အခုလကစပြီး ဖော်ပြလိုက်ပါတယ်။]




၁၈၈၁ ခုနှစ်၊ မတ်လ (၁)ရက်နေ့မှာ ဇာဘုရင် အလက်ဇန်းဒါး(၂)ရဲ့ ဝေါယာဥ်ဟာ စိန့် ပီတာစဘတ်မြို့တော်က ကတ်သရင်း တူးမြောင်းတလျှောက် သွားနေတယ်၊ ဒီအချိန်မှာပဲ လူငယ်တယောက်က နှင်းခဲဘောလုံးလို ပစ္စည်းတခုနဲ့ ရုတ်တရက် လှမ်းပေါက်လိုက်တယ်။ ပေါက်ကွဲသံကြီး ထွက်လာပေမယ့် ပစ်မှတ်ကို မထိခဲ့ဘူး၊ ဇာဘုရင်မှာ ဘာဒဏ်ရာမှ ရမသွားဘူး၊ ဒဏ်ရာရ ကော့ဆက်(က်)စ်သားတွေကို စကားပြောဖို့ ဝေါယာဥ်ပေါ်က ဆင်းလာခဲ့တယ်။ အဲဒီအချိန်မှာပဲ ဒုတိယမြောက် အကြမ်းဖက် လုပ်ကြံရေးသမား Grinevetsky ပြေးဝင်လာပြီး 'ဘုရားသခင်ကို ကျေးဇူးတင်ဖို့ စောသေးတယ်'လို့ ကြုံးဝါးရင်း ဇာဘုရင့် ခြေထောက်ဆီ နောက်ဗုံးတလုံး ပစ်သွင်းလိုက်တယ်။ နောက်တစ်နာရီခွဲအကြာမှာ ရုပ်ရှားတပြည်လုံးရဲ့ ဧကရာဇ်ဘုရင် သေဆုံးသွားခဲ့တယ်။ ဒီလုပ်ရပ်ဟာ တော်လှန်ရေး သမိုင်းတလျှောက် အံ့သြမှင်သက်ဖွယ် အကောင်းဆုံး ကာလတခုရဲ့ အမြင့်ဆုံး မှတ်တိုင်တခုဖြစ်ခဲ့တယ်၊ ဒီကာလမှာ ပိုင်းဖြတ်ချက် ခိုင်မာတဲ့ လူငယ် သူရဲကောင်း လက်တဆုပ်စာက အင်မတန် အင်အားကြီးမားလှတဲ့ ဇာဘုရင့်နိုင်ငံတော်ကို အံတုရင်ဆိုင်ခဲ့ကြတယ်။ ဘုရင်စနစ်ရဲ့ အမြင့်ဆုံး အာဏာပိုင်ကို ရှင်းပစ်နိုင်ခဲ့တဲ့ အကြမ်းဖက် လုပ်ကြံရေးသမားတွေရဲ့ အောင်မြင်မှုဟာ ဒီလုပ်ကြံမှုကို ဖော်ဆောင်ခဲ့တဲ့ 'ပြည်သူ့ဆန္ဒပါတီ'ကိုလည်း သေဆုံးသွားစေခဲ့တယ်။

ရုပ်ရှား နရော့နစ်(ခ်)တွေ (ပေါ့ပြူလစ်တွေ) ပေါ်ထွန်းခဲ့တဲ့ ဖြစ်ရပ်ဟာ ရုပ်ရှားအရင်းရှင်စနစ် အလွန့်အလွန် နောက်ကျမှပေါ်ထွန်းလာခြင်းရဲ့ အကျိုးဆက်တခုပဲ။ ပဒေသရာဇ် လူ့အဖွဲ့အစည်း ယိုယွင်းပျက်စီးမှုဟာ ဘူဇွာ လူတန်းစား ဖြစ်ပေါ်မှုထက် အရှိန်ပိုမြန်ခဲ့တယ်။ ဒီအခြေအနေတွေအောက်မှာ ပညာတတ် အစိတ်အပိုင်းတွေ အထူးသဖြင့် လူငယ်တွေဟာ ပဒေသရာဇ် လူတန်းစား၊ ဗျူရိုကရေစီ၊ ဘာသာရေးအာဏာပိုင်တို့နဲ့ လမ်းခွဲထွက်လာပြီး လူ့အဖွဲ့အစည်း အကြပ်အတည်းကနေ လွတ်မြောက်ရာလမ်းကို စတင်ရှာဖွေလာကြတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းအတွင်း အားထားလောက်စရာ အင်အားစုတခုကို ရှာဖွေကြည့်တဲ့အခါ ခေတ်နောက်ကျပြီး ဒင်ပြည့်ကျပ်ပြည့် မဖွံ့ဖြိုးသေးတဲ့ ဘူဇွာလူတန်းစားကိုလည်း သူတို့အထင်မကြီးဘူး။ ဒီအချိန်မှာ ပစ္စည်းမဲ့လူတန်းစားကလည်း ပေါ်ထွန်းစသာရှိသေးတယ်၊ မစုစည်းမိသေးဘူး၊ နိုင်ငံရေးနဲ့ အစိမ်းသက်သက် ရှိသေးတယ်၊ အရေအတွက်ကလည်း နည်းသေးတယ်၊ အထူးသဖြင့် ရုပ်ရှား လူ့အဖွဲ့အစည်းရဲ့ အထုအထောင်း အနိမ့်ခံ အများတကာ့ အများစုကြီးဖြစ်တဲ့ သန်းပေါင်းများစွာသော လယ်သမားထုကြီးနဲ့ နှိုင်းစာ လိုက်ရင် ပစ္စည်းမဲ့လူတန်းစား အရေအတွက်ဟာ ဘာမှမပြောပလောက်သေးဘူး။

ဒါ့ကြောင့် တော်လှန်သော ပညာတတ်တွေ လယ်သမား'လူထု'ကို လူ့အဖွဲ့အစည်းအတွင်းက အဓိက တော်လှန်ရေး အင်အားစုအဖြစ် မြင်ခဲ့ကြတာ နားလည်နိုင်ပါတယ်။ ဒီလှုပ်ရှားမှုဟာ ၁၈၆၁ ခုနှစ်က ရုပ်ရှား တော်လှန်ရေးသမိုင်းရဲ့ ကြီးမားသော အချိုးအကွေ့ကာလမှာ မြစ်ဖျားခံခဲ့တယ်။ အဲဒီနှစ်ထဲ မြေကျွန်တွေ လွတ်မြောက်ခဲ့ခြင်းဟာ မကြာခဏ ပြောတတ်ကြသလို အလက်ဇန်းဒါး (၂)ရဲ့ သဘောမနော ကောင်းမှုကြောင့် လုံးဝမဟုတ်ပါဘူး။ ၁၈၅၃-၅၆ ခုနှစ် ခရိုင်းမီးယားစစ်ပွဲမှာ မရှုမလှ အရေးနိမ့်ခဲ့ရတဲ့ ရုပ်ရှားပြည်မှာ လူထု အုံကြွမှုကြီး ပေါက်ကွဲထွက်လာမှာကြောက်လို့ အခုလို လိုက်လျောပေးခဲ့ရခြင်း ဖြစ်တယ်။ နောင်ဖြစ်လာမယ့် ဂျပန်စစ်ပွဲလိုပဲ ခရိုင်းမီးယားစစ်ပွဲဟာလည်း ဇာဘုရင်စနစ်ရဲ့ မျက်နှာဖုံးကို ရက်ရက်စက်စက် ဆွဲခွာပြသွားခဲ့တယ်။ စစ်ရေး ရှုံးနိမ့်မှုက သက်ဦးဆံပိုင် ဘုရင်စနစ်ရဲ့ ပုပ်သိုးဆွေးမြေ့မှုကို လစ်ဟာပြခဲ့တာ ဒါ ပထမဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ပါဘူး။ ဒီလို ဖွင့်ပြလိုက်တဲ့အခါ လူ့အဖွဲ့အစည်း အပြောင်းအလဲ ဖော်ဆောင်ရေးကို ကြီးမားတဲ့ တွန်းအားတွေ ပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဇာဘုရင်ရဲ့ လွတ်မြောက်ကြောင်း အမိန့်ထုတ်ပြန်ချက်ဟာ ဘယ်ပြဿနာကိုမှ မဖြေရှင်းနိုင်ခဲ့ဘူး၊ လယ်သမားထုရဲ့ ဘဝအခြေအနေကို ပိုဆိုးစေခဲ့တယ်။ ထုံးစံအတိုင်း မြေရှင်ကြီးတွေက ကောင်းပေ့ဆိုတဲ့ မြေကွက်တွေ ယူထားပြီး လယ်သမားတွေအတွက်ကျ အညံ့စား မြေကွက်တွေပဲ ချန်ထားခဲ့တယ်။ ရေ နဲ့ ကြိတ်ခွဲစက်တွေလို အချက်အချာကျတာတွေအားလုံး မြေရှင်ကြီးတွေ လက်ထဲမှာပဲ ရှိနေတယ်၊ လယ်သမားထုက ငှားရမ်းခပေးပြီး

သုံးကြရတယ်။ ပိုဆိုးတာက 'လွတ်လပ်ပြီဆိုတဲ့' လယ်သမားတွေကို mir လို့ခေါ်တဲ့ ကျေးရွာဘုံအဖွဲ့နဲ့ ဥပဒေအရ ချည်တုပ်ထားတယ်။ ကျေးရွာဘုံအဖွဲ့ဝင်အားလုံး အခွန်ဆောင်နိုင်မှ အဖွဲ့ဝင် လယ်သမားတဦးချင်းစီရဲ့ တာဝန် ကျေတယ်လို့ ချည်တုပ်ထားတယ်။ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မရှိဘဲ ဘယ်လယ်သမားမှ ကျေးရွာ ဘုံအဖွဲ့ကနေ ထွက်ခွာလို့မရဘူး။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ဒေသတွင်း ပတ်စပို့စနစ်နဲ့ တားမြစ်ထား တယ်။ တကယ်တော့ ကျေးရွာ ဘုံအဖွဲ့ကို "ဒေသန္တရ ပုလိပ်အုပ်ချုပ်ရေးရဲ့ အောက်ဆုံး လေကားထစ်"အဖြစ် ပြောင်းလဲထားခြင်း ဖြစ်တယ်။ (ကြည့်ပါ၊ Bernard Pares, A History of Russia, p. 404.)

ဒီထက်ပိုဆိုးတာက မြေယာစနစ် ပြုပြင်ရေးလုပ်တော့ နဂို လယ်သမားတွေ ထွန်ယက်စိုက်ပျိုးလာတဲ့ မြေတွေထဲက ငါးပုံတပုံ (တချို့နေရာတွေမှာ ငါးပုံနှစ်ပုံ)ကို မြေရှင်ကြီးတွေက ဖြတ်ယူထားနိုင်ခွင့် ရှိနေတာပဲ။ ထုံးစံအတိုင်း မြေရှင်ကြီးတွေက ကောင်းပေ့၊ ဖြစ်ထွန်းပေ့ဆိုတဲ့ မြေကွက်တွေ (သစ်တောတွေ၊ စားကျက်မြေတွေ၊ ရေထွက်ကောင်းတဲ့ နေရာတွေ၊ မြက်ခင်းပြင်တွေ၊ ကြိတ်ခွဲစက်တွေ၊ စသဖြင့်)ကို ရွေးယူကြတယ်။ ဒီလိုတွေ ရွေးယူထားတော့ 'လွတ်မြောက်သွားတဲ့' လယ်သမားတွေရဲ့ ဘဝကို လည်မြိုညှစ်သွေးစုပ်နိုင်တယ်။ ဒီလို ဗိုလ်ကျ ခြယ်လှယ်မှုရဲ့ အကျိုးဆက်ကတော့ တနှစ်ပြီးတနှစ် လယ်သမား အမြောက်အမြား အကြွေးနွံနစ်ပြီး ဆင်းရဲတွင်း နက်ကုန်တယ်။

မြေကျွန်တွေကို လွတ်လပ်ခွင့်ပေးခြင်းဟာ အောက်ခြေလူထု အုံကြွမလာအောင် ထိပ်ပိုင်းအုပ်စိုးသူတွေဘက်က ပြုပြင်ရေး ဖော်ဆောင်ဖို့ ကြိုးပမ်းချက်တခုပဲ ဖြစ်တယ်။ အရေးကြီးတဲ့ ပြုပြင်မှုအားလုံးလိုပဲ ဒီပြုပြင်ရေးဟာလဲ တော်လှန်ရေးရဲ့ ဘေးထွက်ရလဒ်တမျိုးသာဖြစ်တယ်။ ရုပ်ရှား ကျေးလက်ဒေသတွေကို လယ်သမား အုံကြွမှုတွေက ကိုင်လှုပ်ပစ်ခဲ့တယ်။ နစ်ကလပ်စ်(၁)အုပ်စိုးခဲ့တဲ့ နောက်ဆုံး ဆယ်စုနှစ်အတွင်းမှာ လယ်သမား သူပုန်ထမှုပေါင်း ၄၀၀ ရှိခဲ့တယ်၊ ဒီနောက် ၆နှစ်တာ (၁၈၅၅-၆၀) ကာလအတွင်းမှာလည်း လယ်သမား အုံကြွမှု ၄၀၀ ရှိခဲ့တယ်။ (၁၈၃၅-၅၄) နှစ်ပေါင်း(၂၀)ကာလအတွင်း မြေရှင်ကြီးနဲ့ အကြွေးသိမ်းအရာရှိပေါင်း ၂၃၀ ဦး အသတ်ခံခဲ့ရတယ်။ ၁၈၆၁ မတိုင်ခင် သုံးနှစ်အတွင်း နောက်ထပ် ၅၃ ဦး အသတ်ခံခဲ့ရသေးတယ်။ မြေကျွန်တွေ လွတ်မြောက်ကြောင်း ကြေညာလိုက်တဲ့အခါ နောက်ထပ် အုံကြွမှု၊ ကစင့်ကလျားဖြစ်မှု လှိုင်းလုံးကြီး ထပ်ပေါ်လာ သေးတယ်၊ ဒီတချီလည်း ရက်ရက်စက်စက် နှိပ်ကွပ်ခံခဲ့ရတယ်။ ပြုပြင်ပြောင်းလဲရေး အယူအဆတွေအပေါ် ထားရှိခဲ့တဲ့ တိုးတက်သော အတွေးအခေါ်ရှင် မျိုးဆက်တခုလုံးရဲ့ မျှော်လင့်ချက်တွေကို 'မြေကျွန်များ လွတ်မြောက်ရေး' ပြုပြင်မှု ရလဒ်တွေက သစ္စာဖောက်သွားခဲ့တယ်။ ဒါဟာ ရောမ မသမာမှုကြီး ဖြစ်ခဲ့တယ်။ ငါတို့ပိုင်တဲ့ မြေယာတွေပဲလို့ ယုံကြည်ထားခဲ့ကြတဲ့ လယ်သမားတွေကို နည်းပေါင်းစုံနဲ့ လှည့်ဖြားပစ်ခဲ့တယ်။ (မြေရှင်ကြီးတွေနဲ့ သဘောတူညီချက်ယူပြီးမှ) ပြဌာန်းခဲ့တဲ့ ဥပဒေအရ ချပေးလိုက်တဲ့ လုပ်ကွက်တွေကိုသာ လယ်သမားတွေ လက်ခံခဲ့ရတယ်၊ ဒီလုပ်ကွက်တွေအတွက် ၆%အတိုးနှုန်းအတိုင်း ၄၉နှစ်ကြာ လျော်ကြေး ပေးကြရမယ်။ ရလဒ်ကတော့ မြေရှင်ကြီးတွေက မြေအကျယ်အဝန်း ၇၁,၅၀၀,၀၀၀ dessiatines ပိုင်ဆိုင်ခဲ့တယ် (၁ ဒက်ဆီယာတင်း = ၂.၇၀ ဧက = ၁.၀၉ ဟက်တာ)။ လူ့အဖွဲ့အစည်းရဲ့ အများတကာ့ အများစုကြီးဖြစ်သော လယ်သမားတွေကတော့ မြေအကျယ်အဝန်း ၃၃,၇၀၀,၀၀၀ ဒက်ဆီယာတင်းသာ ပိုင်ဆိုင်ခဲ့ကြတယ်။

၁၈၆၁ နောက်ပိုင်း နှစ်တွေမှာ 'မဖြစ်စလောက် မြေကွက်လေးတွေ'ပဲ လုပ်ကိုင်ခွင့်ပေးထားတဲ့ ဖိနှိပ်ရေး ဥပဒေနဲ့ နှိပ်ကွပ်ခံထားရပြီး အကြွေးနွံနစ်နေတဲ့ လယ်သမားထုဟာ ဒေသအလိုက် အုံကြွမှုတွေ တောက်လျှောက် လုပ်ခဲ့တယ်။ ဒါပေမယ့် လယ်သမားထုက သမိုင်းတလျှောက်မှာ ဘယ်တုန်းကမှ သူ့ချည်းသက်သက် လွတ်လွတ် လပ်လပ် ရပ်တည်နိုင်စွမ်း မရှိခဲ့ဘူး။ ကြီးမားလှတဲ့ တော်လှန်ရေး သတ္တိတွေ၊ စွန့်လွှတ်မှုတွေ ပြနိုင်စွမ်းရှိတဲ့ လယ်သမားထုဟာ ဖိနှိပ်အုပ်စိုးမှုကို ဖယ်ရှားပစ်ဖို့ ကြိုးစားတိုင်း မြို့ပြမှာ အခြေခံတဲ့ ပိုပြီးအားကောင်းသော၊ ပိုပြီးတသားတည်းဖြစ်သော လူတန်းစားတရပ်ရပ်က တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ယူသွားခြင်းနဲ့ အဆုံးသတ်ခဲ့တယ်။ ဒီလို တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ယူနိုင်စွမ်းရှိတဲ့ မြို့ပြလူတန်းစားတရပ် မရှိခဲ့ရင် အလယ်ခေတ်ကစလို့ လယ်သမား 'သူပုန်ထမှုတွေ'ဟာ ရက်ရက်စက်စက် ချေမှုန်းခံခဲ့ရတာချည်းပဲ ('jacqueries' အလယ်ခေတ် နှောင်းပိုင်း၊ ပြင်သစ်မှာ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့တဲ့ လယ်သမား ပုန်ကန်မှုတွေကို ရည်ညွှန်း ခြင်းဖြစ်ပါတယ်)။ လယ်သမားထုရဲ့ သဘာဝက နေရာအနှံ့အပြားမှာ ပြန့်ကျဲနေတယ်၊ လယ်သမားထုအတွင်း တပြေးတည်း တသားတည်း ဖြစ်မနေဘူး (အလွှာမျိုးစုံ ကွဲနေတယ်)၊ ဘုံလယ်သမား လူတန်းစား အသိစိတ် မရှိဘူး။ ဒါတွေရဲ့ အကျိုးဆက်အနေနဲ့ မရှုမလှ အရေးနိမ့်ခဲ့ရခြင်း ဖြစ်တယ်။

အရင်းရှင် ကုန်ထုတ်စနစ်က သန္ဓေသားအဆင့်ပဲ ရှိနေသေးတဲ့ ရုပ်ရှားမှာ လယ်သမားထုကို ဦးဆောင်နိုင်တဲ့ မြို့ပြ တော်လှန်ရေး လူတန်းစား မရှိသေးဘူး။ ဒါပေမယ့်လည်း ဆင်းဆင်းရဲရဲ ကျောင်းသားတွေနဲ့ ပညာတတ်တွေ၊ ရာထူးမရှိတဲ့ ပညာတတ်တွေ (သို့) 'ပညာတတ် ပစ္စည်းမဲ့တွေ' အများစုပါဝင်နေတဲ့ လူတန်းစားတရပ် (သို့) ပိုပြီး တိတိကျကျဆိုရရင် အလွှာတခုက ရုပ်ရှား လူမှုဘဝအတွင်း နက်နက်ရှိုင်းရှိုင်း ကိန်းအောင်းနေတဲ့ မကျေမချမ်း ခံစားချက်တွေကို တခြားအလွှာတွေထက်ထူးပြီး ပိုခံစားသိမြင်ခဲ့ကြတယ်။ နောင်နှစ်တွေကြာတဲ့အခါ အကြမ်းဖက် လုပ်ကြံရေးသမား Myshkin က တရားခွင်မှာ အခုလို ကြေညာခဲ့တယ် "ပညာတတ်တွေရဲ့ လှုပ်ရှားမှုဟာ အတင်းလုပ်ယူ ဖန်တီးထားတဲ့အရာ မဟုတ်ဘူး၊ အများပြည်သူကြား မတည်မငြိမ်ဖြစ်နေခြင်းကို ထင်ဟပ်ခဲ့ခြင်းဖြစ်တယ်" (လီယွန် ထရော့စကီးရေး The Young Lenin, p. 29 မှာ ကိုးကားဖော်ပြထား)။ ဖြစ်နေကျအတိုင်းပဲ၊ ပညာတတ်အလွှာက သီးခြား လွတ်လပ်သော လူမှုအင်အားစုတခုအဖြစ် ပါဝင်နိုင်စွမ်းဟာ လယ်သမားထုထက် မပိုခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအလွှာဟာ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေတဲ့ တင်းအားတွေ၊ ခံစားချက်တွေကို မှန်မှန်ကန်ကန် ထင်ဟပ်ဖော်ပြနိုင်တဲ့ ဘယ်ရိုမီတာတခုနဲ့ အတော်တူတယ်။

မြေကျွန်တွေကို လွတ်လပ်ခွင့်ပေးလိုက်တဲ့ ၁၈၆၁ ခုနှစ်မှာ ရုပ်ရှား ဒီမိုကရက်တစ် စာရေးဆရာကြီး Alexander Herzen က လန်ဒန်မှာ ခိုလှုံနေရင်း သူ့ဂျာနယ် Kolokol (ခေါင်းလောင်း) ကနေ ရုပ်ရှားလူငယ်ထုကို အခုလို ဆော်ဩလိုက်တယ်၊ "လူထုဆီ သွားကြ"။ Chernyshevsky (သူ့အရေးအသားတွေမှာ မာ့က်စ်က လွှမ်းမိုးခဲ့တယ်၊ သူ့စာတွေက လီနင်တို့ မျိုးဆက်အပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိခဲ့တယ်) နဲ့ Dimitri Pisarev လို နာမည်ကျော် စာရေးဆရာတွေ အဖမ်းခံလိုက်ရခြင်းဟာ ငြိမ်းငြိမ်းချမ်းချမ်းနည်းနဲ့ လစ်ဘရယ် ပြုပြင်ရေးလုပ်ဖို့ မဖြစ်နိုင်တော့ကြောင်း ထုတ်ပြခဲ့တယ်။ ဒီလိုနဲ့ ၁၈၆၀ ခုနှစ်များအကုန်မှာ ပေါ်ပြူလစ် လူငယ်တွေရဲ့ လူထု တော်လှန်ရေး လှုပ်ရှားမှု ပေါ်ထွက်လာစေဖို့ ရေခံမြေခံ ချပေးခဲ့ပြီး ဖြစ်တယ်။

(၁၈၆၁ခုနှစ် မြေယာစနစ်) ပြုပြင်ရေးအလွန်ကာလ၊ ရုပ်ရှား လူထုရဲ့ အင်မတန် စုတ်ပြတ်နံ့ချာလှတဲ့ ဘဝ အခြေအနေတွေဟာ ပညာတတ်တွေထဲက ရှေ့တန်းအရောက်ဆုံး အစိတ်အပိုင်းတွေကို ခံပြင်း ဒေါသထွက်စေခဲ့တယ်။ ဒီမိုကရေစီ အင်အားစုတွေထဲမှာ ရယ်ဒီကယ်အဆန်ဆုံးသူတွေ (Pisarev နဲ့ Chernyshevsky) အဖမ်းခံလိုက်ရခြင်းဟာ ပညာတတ်တွေရဲ့ အေလယန်နေးရှင်းကို ပိုနက်ရှိုင်းစေပြီး လက်ဝဲဘက်ကိုသာ ပိုပြီးရောက်သွားစေခဲ့တယ်။ လစ်ဘရယ် မျိုးဆက်ဟောင်းက ဖောက်ပြန်ရေး အင်အားစုတွေနဲ့ ပလဲနံသင့်နေချိန်မှာ တက္ကသိုလ်တွေထဲ ရယ်ဒီကယ် လူငယ်မျိုးဆက်သစ်တခု ပေါ်ထွက်လာတယ်၊ ဒီရယ်ဒီကယ် လူငယ်မျိုးဆက်သစ်ကို တူဂေးညက်ရဲ့ ဝတ္ထု 'ဖအေများနဲ့ သားများ'ထဲမှာ Bazarov ဇတ်ကောင်အဖြစ် ဖန်တီးပြီး ထာဝရရှင်သန်စေခဲ့တယ်။ ဒီမျိုးဆက်သစ်ရဲ့ အထင်ရှားဆုံး ဝိသေသက လစ်ဘရယ်တွေရဲ့ တွေဝေယိမ်းယိုင်မှုကို စိတ်မရှည်ကြတာပဲ။ လစ်ဘရယ်တွေကို

မျိုးဆက်သစ်တွေက နည်းနည်းလေးမှ အထင်မကြီးကြဘူး။ ရယ်ဒီကယ် လူငယ်မျိုးဆက်သစ်က အလုံးစုံ တော်လှန်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတခုလုံး ရယ်ဒီကယ်ကျကျ ပြန်လည်တည်ဆောက်ရေး အယူအဆတွေကို ရိုးရိုးသားသားနဲ့ ပြင်းပြင်းထန်ထန် ယုံကြည်ခဲ့ကြတယ်။

(မြေကျွန်တွေကို) လွတ်မြောက်ခွင့်ပေးလိုက်တဲ့ ၁၂လအတွင်းမှာပဲ 'ပြုပြင်ရေးသမား ဇာဘုရင်'ဟာ ဖောက်ပြန်ရေးဆီ ချီတက်သွားခဲ့ပြီ။ ပညာတတ်တွေကို နှိပ်ကွပ်လာခဲ့တယ်။ တက္ကသိုလ်တွေကို ဖောက်ပြန်သော ပညာရေးဝန်ကြီး Count Dimitri Tolstoy ရဲ့ မျက်စိဒေါက်ထောက် စောင့်ကြည့် နှိပ်ကွပ်မှုအောက် ထားခဲ့တယ်။ ဒီမီထရီ တော်(လ်)စတွိုင်းဟာ လွတ်လပ်သော စိတ်ဓာတ်တွေကို ချိုးဖျက်ပစ်ပြီး စိတ်ကူးဉာဏ် ကွန့်မြူးမှုနဲ့ တီထွင်ဖန်တီးမှုကို သင်းကွပ်ပစ်ဖို့ ရည်ရွယ်ထားတဲ့ ပညာရေးစနစ်ကို သွတ်သွင်းခဲ့သူဖြစ်တယ်။ ကျောင်းတွေမှာ တပတ်ကို ၄၇နာရီ လတ်တင်ဘာသာ သင်ခိုင်းတယ်၊ တပတ်ကို ၃၆နာရီ ဂရိဘာသာ သင်ခိုင်းတယ်၊ သဒ္ဒါပိုင်းကို အလွန်အမင်း ဖောင်းပေးသင်စေတယ်။ သဘာဝသိပ္ပံနဲ့ သမိုင်းဘာသာရပ်တွေကို ပုန်ကန်မှုအားပေးနိုင်စွမ်းရှိတဲ့ ဘာသာရေးတွေအဖြစ် သတ်မှတ်ပြီး သင်ရိုးထဲကနေ ဖယ်ရှားပစ်ခဲ့တယ်၊ လွတ်လွတ်လပ်လပ် မတွေးခေါ်ရဲအောင် စိတ်ကို ကွပ်ညှပ်ထားတဲ့ စနစ်ကို ကျောင်းအင်စပက်တာရဲ့ ခြိမ်းခြောက်အကြပ်ကိုင်မှုအောက်မှာ တင်းတင်းကြပ်ကြပ် အကောင်အထည် ဖော်ခဲ့တယ်။ 'ပြုပြင်ရေး' ဆိုသော စိတ်ရွှင်လန်းစရာ နေ့ရက်တွေကနေ ပုလိပ် ထောက်လှမ်းရေးနဲ့ မှောင်ပျပျ ပုံတူမွေးထုတ်ခြင်းဆိုသော စိတ်ညစ်ညူးစရာ နှစ်ကာလတွေဆီ ရောက်သွားခဲ့ပြီ။ ၁၈၆၃ ခုနှစ် ပိုးလစ်(ရှ်) အုံကြွမှု အရေးနိမ့်အပြီးမှာ ဖောက်ပြန်ရေးဘက် ရွေ့လျားမှု ပိုသည်းထန်လာခဲ့တယ်။ တော်လှန်ရေးဟာ သွေးအိုင်ထွန်း ရှုံးနိမ့်ခဲ့တယ်။ ပိုး(လ်) လူမျိုးစု ထောင်ပေါင်းများစွာ အသတ်ခံခဲ့ရတယ်။ ဒီနောက် ဖိနှိပ်မှုတွေလုပ်လာတဲ့အခါ ရာနဲ့ချီပြီး ကြိုးပေးခံခဲ့ရတယ်။ ရက်စက်ကြမ်းကြုတ်လှတဲ့ မြို့စားကြီး Muravyov ကိုယ်တိုင် ပိုး(လ်) လူမျိုးစုဝင် ၁၂၈ ဦးကို ကြိုးပေးသတ်ခဲ့တယ်၊ လူပေါင်း ၉၄၂၃ ဦးကို နယ်နှင်ဒဏ်ပေးခဲ့တယ်။ ရပ်ရှားဆီ ခိုလှုံလာတဲ့ စုစုပေါင်း အရေအတွက်က အဲဒီပမာဏထက် နှစ်ဆပိုများခဲ့တယ်။ နောင်မှာ အန်းနခစ်(စ်) သီအိုရီသမားဖြစ်လာမယ့် Peter Kropotkin ဟာ ဆိုက်ဘေးရီးယားဆီ ခိုလှုံလာကြတဲ့ ပိုး(လ်)တွေရဲ့ ဒုက္ခအထွေထွေကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတယ်။ ဒီတုန်းက ကရိုပေါ့ကင်ဟာ အင်ပီရီယယ်(လ်) ဂါ့(ဒ်)တပ်ဖွဲ့ရဲ့ ကပ္ပတိန် ပေါက်စအဖြစ် ဆိုက်ဘေးရီးယားကို ရောက်နေချိန်ဖြစ်တယ် -

'တချို့ကို တဲစုတ်လေးတလုံးထဲမှာ ကိုယ်အပေါ်ပိုင်း ဗလာကျင်းနဲ့ မတ်တပ်ရပ်သား တွေ့ခဲ့ရတယ်၊ ဆားငန်ရည်တွေ ပွက်ပွက်ဆူနေတဲ့ ရေမမိုးပြဲဒယ်ကြီး ဘေးပတ်ပတ်လည်မှာ ရပ်နေကြတာ၊ ငရဲမီးတမျှ အပူရှိန်မှာ ပွက်ပွက်ဆူနေတဲ့ ဆားငန်ရည် ပြစ်ပြစ်တွေကို ဂေါ်ကြီးတွေနဲ့ ထိုးမွှေနေကြတယ်၊ တဲပုတ်လေးရဲ့ ဂိတ်ပေါက်ကတော့ ရေခဲတမျှအေးစက်လှတဲ့ လေစီးကြောင်း ခပ်ကြမ်းကြမ်းဝင်သာအောင် ဟင်းလင်းပွင့်နေလေရဲ့။ ဒီလိုအလုပ်မျိုး ၂နှစ်လောက်လုပ်ပြီးတဲ့အခါ အဲဒီအာဇာနည်ကြီးတွေ ငတ်ပြတ်မှုဒဏ်နဲ့ သေကုန်ကြတာပဲ။' (P. Kropotkin, Memoirs of a Revolutionary, vol. 1, p. 253.)

ဒါပေမယ့်လည်း ဖောက်ပြန်ရေး မြေသားပြင်အောက်မှာ တော်လှန်ရေး မျိုးစေ့အသစ်တွေ မြန်မြန်ဆန်ဆန် အစို့ထွက်လာနေတယ်။ အိမ်ရှေ့မင်းသား ကရိုပေါ့ကင်ရဲ့ ဖြစ်ရပ်ဟာ 'အပင်မြင့်တွေရဲ့ အဖျားပိုင်းကို ဘယ်လိုဘယ်ပုံ လေတိုက်သွားသလဲ' အထင်အရှား ပြလိုက်တဲ့ နမူနာတခုပဲ (ဆိုလိုတဲ့သဘောက -ပုပ်သိုးဆွေးမြေ့နေတဲ့ လူ့အဖွဲ့အစည်းတခုဟာ နဂိုရှိရင်းစွဲစနစ်အတိုင်း ဘယ်လိုမှ ရှေ့ဆက်သွားလို့မရတဲ့ အခြေအနေဆိုက်လာတဲ့အခါ လူ့အဖွဲ့အစည်း ထိပ်ပိုင်းမှာရှိနေတဲ့ အုပ်စိုးသူ လူတန်းစား အဖွဲ့ဝင်တွေကြားမှာ အပြောင်းအလဲ လုပ်မှဖြစ်တော့မယ်လို့ စတင်သိမြင်လာကြတယ်)။ မင်းမျိုးစိုးနွယ် မိသားစုမှာ ပေါက်ဖွားလာပြီး တခါက အင်ပါယာ ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ဝင်ဖြစ်ခဲ့ဖူးသူ ကရိုပေါ့ကင်ကိုလည်း သူနဲ့ခေတ်ပြိုင်အများစုလိုပဲ လူထုရဲ့ သည်းထန်လှသော ဒုက္ခတွေက လွှမ်းမိုးသက်ရောက်ခဲ့တယ်၊ တော်လှန်ရေးဆန်တဲ့ နိဂုံးချုပ်ချက်တွေ ဆွဲယူဖြစ်အောင် ကရိုပေါ့ကင်ကို တွန်းဆော်ပေးခဲ့တယ်။ အင်မတန် စိတ်အားထက်သန်သော သိပ္ပံပညာရှင် တဦးဖြစ်တဲ့ ကရိုပေါ့ကင်ဟာ မျိုးဆက်တခုလုံးရဲ့ နိုင်ငံရေး အသိအမြင် ဆင့်ကဲဖြစ်ပေါ်လာပုံကို ကိုယ်တိုင်ရေး မှတ်တမ်းတွေထဲမှာ ကွက်ကွက်ကွင်းကွင်း ရေးသားဖော်ပြထားတယ် - 'အများပြည်သူ လူထုတရပ်လုံး အတိဒုက္ခ ရောက်နေပြီး မှိုတက်နေတဲ့ ပေါင်မုန့်လေးတချပ်ရဖို့ကို အသည်းအသန် ရုန်းကန်နေရချိန် အဲဒီဆီဦးထောပတ်တွေ စံစားဖို့ ငါ့မှာ အဘယ် အခွင့်အရေး ရှိနေသလဲ။ အဲသလို သာယာယစ်မူးဖွယ် ဇိမ်ခံလောကမှာ နေထိုင်နိုင်ဖို့ ငါသုံးဖြုန်းလိုက်တိုင်း ဂျုံတွေကိုယ်တိုင် စိုက်ပျိုးခဲ့ပြီး ကိုယ့်သားသမီးကိုမှ ပေါင်မုန့် ဝဝလင်လင် မကျွေးနိုင် သူတွေရဲ့ ပါးစပ်ပေါက်ကနေ သူတို့လိုအပ်နေတဲ့အရာတွေကို ငါလုယူနေရမှာပဲ၊ ဒီအခြေအနေမှာ အဲဒီဆီဦးထောပတ်တွေကို စံစားဖို့ ငါ့မှာ အဘယ်အခွင့်အရေး ရှိနေသလဲ" လို့ ကရိုပေါ့ကင်က သူ့ကိုယ်သူ မေးခွန်းထုတ်ခဲ့တယ်။

ပိုး(လ်)လူမျိုးစုတွေကို သွေးအေးအေးနဲ့ ရက်စက်မှုတွေဟာ 'ပြုပြင်ရေးသမား ဇာဘုရင်'ရဲ့ တခြားမျက်နှာစာကို ဖွင့်ပြခဲ့တယ်။ ကရိုပေါ့ကင်ရဲ့ စကားအတိုင်းဆိုရရင် 'အဖောက်ပြန်ဆုံး အမိန့်တွေကို ရှေ့နောက်မဆင်ခြင်ဘဲ လက်မှတ်ထိုး ထုတ်ပြန်ခဲ့ပြီးမှ ဝမ်းနည်းပြတတ်သူ"ဖြစ်တယ်။ (ယင်း၊ အတွဲ(၂)၊ စာ ၂၀၊ စာ ၂၅)။ ပျက်စီးယိုယွင်းနေတဲ့ သက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်၊ ဗျူရိုကရေစီရဲ့ အသက်မရှိသော လက်တွေ၊ ဘာသာရေး ယုံကြည်မှုနဲ့ ဆင်ခြင်နားလည်ခြင်း ကင်းမဲ့မှုတွေဟာ လူ့အဖွဲ့အစည်းရဲ့ ရှင်သန်နေသော အင်အားစုအားလုံးကို ရုန်းကြွပုန်ကန်လာအောင် လှုပ်နှိုးပေးခဲ့တယ်။ ကဗျာဆရာ Nekrasov ကရေးခဲ့တယ် "သိပ်ကိုခါးတယ်၊ ပေါင်မုန့်ကို ကျေးကျွန်တွေက ဖန်တီးပေးခဲ့တာ"။ ကျွန်စနစ်ကို ဆန့်ကျင်ပုန်ကန်မှုဟာ တော်လှန်သော ကျောင်းသား လူငယ်တွေကို ထွက်ရပ်လမ်းတခု ရှာဖွေဖို့ တွန်းအားပေးခဲ့တယ်။ စာရေးဆရာကြီး ဟာဇင်ရဲ့ ဆော်ဩသံကို ပဲ့တင်ထပ်ပြီး "V Narod!" (လူထုဆီချီတက်ကြ) ဆိုတဲ့စကားဟာ သူတို့ရဲ့ ဆောင်ပုဒ်တခု ဖြစ်ခဲ့တယ်။ ပိုင်းဖြတ်ချက်ခိုင်မာတဲ့ သတ္တိခဲ လူငယ်တွေအဖို့ ဟာဇင် မြွက်ကြားခဲ့တဲ့ စကားတွေဟာ ဖျောက်ဖျက်လို့မရအောင် စွဲကျန်ခဲ့တယ် "လူထုဆီချီတက်ကြ၊ လူထုကြား ငါတို့နေရမယ်၊ ငါတို့အထဲကနေ ဗျူရိုကရက်လက်သစ်တွေ ထွက်လာမှာမဟုတ်ဘူး ... ရပ်ရှား လူထုရဲ့ စစ်သည်တွေပဲ ထွက်လာမှာဖြစ်ကြောင်း လက်တွေ့ပြကြ" (Quoted in S.H. Baron, Plekhanov - The Father of Russian Marxism, Spanish edition, p. 21.)

## လူထုဆီချီတက်ကြ

အထက်တန်းစား လူငယ်အများစုပါဝင်တဲ့ ဒီလှုပ်ရှားမှုဟာ သိပ်ကိုရိုးအလွန်းသလို ရှုပ်ထွေးမှုလည်း ရှိနေတယ်၊ ဒါပေမယ့် ဒီလူငယ်တွေဟာ ရဲစွမ်းသတ္တိပြည့်ဝပြီး ကိုယ်ကျိုးစွန့်မှုကြီးမားလှသူတွေ ဖြစ်တယ်၊ အနာဂတ်အတွက် အဖိုးမဖြတ်နိုင်သော အမွေအနှစ်တခု ချန်ထားရစ်ခဲ့တယ်။ လီနင်က ဒီလှုပ်ရှားမှုရဲ့ ပရိုဂရမ် ယူတိုးပီးယန်း ဆန်နေတာကို ဝေဖန်ခဲ့ပေမယ့် ကနဦး နရော့နစ်(ခ်)တွေရဲ့ တော်လှန်ရေး ရဲစွမ်းသတ္တိကြီးမားမှုကို တလေးတစား အသိအမှတ်ပြုခဲ့တယ်။ (V Narod = 'လူထုဆီချီတက်ကြ'လို့ ဟစ်ကြွေးပြီး တော်လှန်သော ပညာတတ် လူငယ်တွေ

ကျေးလက်က လယ်သမားထုဆီ ဦးတည်လှုပ်ရှားခဲ့လို့ နရော့နစ်ခ်တွေလို့ ခေါ်ခြင်းဖြစ်ပါတယ်)။ ရုပ်ရှား မာ့(က်စ်)ဝါဒလှုပ်ရှားမှုကို ဒီသူရဲကောင်းကြီးတွေ (နရော့နစ်ခ် လူငယ်တွေကို ရည်ညွှန်း)ရဲ့ အရိုးတွေ အပေါ်ကနေ မြှင့်တင်ပေးခဲ့မှန်း လီနင် နားလည်တယ်။ နရော့နစ်(ခ်) လူငယ်တွေဟာ ပိုကောင်းတဲ့ ကမ္ဘာ တခုအတွက် တိုက်ပွဲဝင်ဖို့ စည်းစိမ်ချမ်းသာကို ပျော်ပျော်ကြီး စွန့်ပြီး အကျဉ်းထောင်၊ နယ်နှင်ဒဏ်နဲ့ သေခြင်းတရားကို ရဲရဲကြီး ရင်ဆိုင်ခဲ့သူတွေ ဖြစ်တယ်။ ပေါ်ထွန်းစ လှုပ်ရှားမှုတခုမှာ သီအိုရီရေးရာ ရှုပ်ထွေးမှုတွေ ရှိနေဦးမှာပဲ။ အားကောင်းလှတဲ့ အလုပ်သမား လူတန်းစားတရပ် မရှိသေးဘူး၊ ရှင်းလင်းပြတ်သားတဲ့ တော်လှန်ရေး အစဉ်အလာတွေ (သို့) တော်လှန်ရေး လမ်းခရီးကို အလင်းဆောင်ပြပေးမယ့် အတိတ်က နမူနာ တခုမှ မရှိသေးဘူး၊ မာ့(က်စ်)ရဲ့ အရေးအသားတွေကို လက်လှမ်းမမီအောင် တားဆီးပိတ်ပင်ထားတဲ့ ဆင်ဆာစနစ်အမှောင်ညတွေ၊ ဒီအချက်တွေအားလုံးဟာ လူ့အဖွဲ့အစည်းအတွင်း သက်ဝင်လှုပ်ရှားနေတဲ့ ဖြစ်စဉ်တွေရဲ့ သဘော သဘာဝ အစစ်အမှန်ကို ရုပ်ရှား လူငယ် တော်လှန်ရေးသမားတွေ နားလည်နိုင်ဖို့ အခွင့်အလမ်း မပေးခဲ့ဘူး။

လူငယ်အများစုက မာ့(က်စ်)ကို 'ဘောဂဗေဒပညာရှင်တယောက်အဖြစ်ပဲ' မြင်ထားကြတယ်၊ ဘာကူနင်ရဲ့ 'တရံမလပ် ဖျက်စီးရေး' သင်ကြားချက်နဲ့ 'တိုက်ရိုက်လုပ်ဆောင်ရေး' နှိုးဆော်ချက်တွေဟာ စကားလုံးတွေကို ညည်းငွေ့လာပြီး ရလဒ်ထွက်ဖို့ပဲ စိတ်မရှည်ဖြစ်နေတဲ့ မျိုးဆက်တခုရဲ့ စိတ်အခြေအနေနဲ့ ပိုပြီးစည်းဝါးကိုက် သယောင်ထင်ခဲ့ကြတယ်။ Pavel Axelrod ကိုယ်တိုင်ရေး မှတ်တမ်းတွေထဲမှာ ဘာကူနင်ရဲ့ သီအိုရီတွေက ရယ်ဒီကယ်ဆန်လာတဲ့ လူငယ်တွေရဲ့ စိတ်ကို ဘယ်လို သိမ်းပိုက်နိုင်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်း ပြန်ရေးပြထားတယ်။ (P.B. Axelrod, Perezhitoe i Peredumannoe, p. 111-2.) ဘာကူနင်ရဲ့ အလိုအရ 'လူထု' ဟာ ပင်ကိုဗီဇအရကို တော်လှန်ကြတယ်၊ ဆိုရှယ်လစ်တွေဖြစ်တယ်၊ ဒီအချက်ကို (အလယ်ခေတ်ကာလတွေကို ရည်ညွှန်းပြီး) လယ်သမား သူပုန်ထမှုတွေ၊ Pugachev အုံကြွမှုတွေ၊ သူခိုးဓားပြတွေက အထင်အရှား ပြခဲ့တယ်။ ဘာကူနင် အလိုအရ သူခိုးဓားပြတွေဟာလည်း အတုယူထိုက်တဲ့ တော်လှန်ပုန်ကန်သူတွေ ဖြစ်တယ်။ (ဘာကူနင် အလိုအရ) တခွင်တပြင်လုံး အုံကြွမှုဖြစ်လာအောင် မီးညှိပေးဖို့လိုအပ်တဲ့အရာက ကျောင်းသားတွေ ကျေးလက်ဒေသတွေဆီသွားပြီး တော်လှန်ရေး စံချိန် မြှင့်တင်ပေးဖို့ပဲ။ ဒေသန္တရ အုံကြွမှုတွေကနေ အထွေထွေ အုံကြွမှုကြီး တခုကို မကြာခင် မွေးဖွားပေးလိမ့်မယ်၊ ဒီကနေ တည်ဆဲစနစ်တခုလုံးကို ဖြိုချသွားလိမ့်မယ်။


ရှေ့သွားလမ်းထွင်ခဲ့သူ ဒီလူငယ်တွေရဲ့ စိတ်ဓာတ်ကို ထရော့စကီးက အခုလို အပီအပြင် ရေးခြယ်ပြခဲ့တယ် -

"လူငယ် အမျိုးသား၊ အမျိုးသမီးတွေ။ အများစုက ကျောင်းသားဟောင်းတွေ။ စုစုပေါင်း တထောင်လောက် ရှိမယ်။ ဒီလူငယ်တွေ တိုင်းပြည်ရဲ့ ဒေသအသီးသီးမှာ ဆိုရှယ်လစ်ဝါဒဖြန့်ချိရေး လုပ်ခဲ့ကြတယ်၊ အထူးသဖြင့် ဗော်(လ်)ဂါမြစ်ဝှမ်းဒေသတွေဆီ သွားရောက် ဝါဒဖြန့်ခဲ့ကြတယ်။ ဒီဒေသမှာ Pugachev နဲ့ Razin တို့ရဲ့ အမွေကို တူးဆွရှာဖွေခဲ့ကြတယ်။[2] လှုပ်ရှားမှု အတိုင်းအတာ ကျယ်ပြောခြင်းနဲ့ နပျိုသစ်လွင်တဲ့ စိတ်ဝါဒတို့ကြောင့် အံ့သြဘနန်း ဖြစ်ရတဲ့ ဒီလှုပ်ရှားမှုဟာ ရုပ်ရှား တော်လှန်ရေး ကနဦး အစပြုရာ 'ပုခက်တွင်း'စစ်စစ် ဖြစ်ခဲ့တယ်။ ကနဦးအစပြုရခြင်းတို့ရဲ့ ထုံးစံအတိုင်း ဒီလှုပ်ရှားမှုကို အလွန့်အလွန် ရိုးအခြင်းနဲ့ အမှတ်သညာပြုပေးထားတယ်။ ဝါဒဖြန့်ချိရေးသမားတွေမှာ လမ်းညွှန် အဖွဲ့အစည်းလည်း မရှိသလို ရှင်းလင်းပြတ်သားတဲ့ လုပ်ငန်းစဉ်လည်း မရှိခဲ့ဘူး။ ဒီလူငယ်တွေမှာ လျှို့ဝှက်ကြံစည်လုပ်ဆောင်ရေး အတွေ့အကြုံလည်း မရှိသေးဘူး။ သူတို့မှာ ဘယ်လိုလုပ် ရှိဦးမလဲ။ သူတို့မိသားစုတွေ၊ ကျောင်းတွေနဲ့ လမ်းခွဲထွက်လာကြတဲ့ ဒီလူငယ်တွေမှာ သက်မွေး အလုပ်အကိုင်၊ ပါဆင်နယ်လတီ (သို့) ပုဂ္ဂိုလ်ရေး တာဝန်တွေ မရှိသေးသလို ကမ္ဘာပေါ်က (သို့) ကောင်းကင်ဘုံက အဘယ်အာဏာပိုင်ကိုမှ ကြောက်ရွံ့ခြင်းလည်း မရှိကြဘူး။ အဲဒီလူငယ်တွေဟာ သူတို့ကိုယ်သူတို့ လူထု အုံကြွမှု တခု သက်ဝင်ကိန်းအောင်းရာလို့ ထင်ခဲ့ကြတယ်။ အခြေခံဖွဲ့စည်းပုံတခုလား၊ ပါလီမန်စနစ်လား၊ နိုင်ငံရေး လွတ်လပ်ခွင့်လား။ တခုမှ မဟုတ်ဘူး။ အနောက်ကလာတဲ့ အဲဒီငါးစာတွေကြောင့် သူတို့လျှောက်နေတဲ့ လမ်းကနေ သွေဖည်သွားမှာ မဟုတ်ဘူး။ ဒီလူငယ်တွေ အလိုရှိခဲ့တာ အလုံးစုံ တော်လှန်ရေးပဲ၊ ကြားအဆင့်တွေ (သို့) အတိုချုံ့ထားတာတွေ မပါတဲ့ အလုံးစုံ တော်လှန်ရေး။ (L. Trotsky, The Young Lenin, p. 28.)

၁၈၇၄ နွေကာလမှာ ရာနဲ့ချီတဲ့ လူလတ်တန်းစား (သို့) အထက်တန်းစား လူငယ်တွေ ကျေးလက်ဒေသကို ချီတက်ခဲ့ကြတယ်၊ လယ်သမားထုကို တော်လှန် အုံကြွလာအောင် နှိုးဆော်ကြမယ်ဆိုတဲ့ အယူအဆကို မြဲမြဲမြံမြံ ဆုပ်ကိုင်ရင်း ချီတက်ခဲ့ကြတယ်။ နောင်မှာ ရုပ်ရှား မာ့(က်စ်)ဝါဒစတင်အုတ်မြစ်ချသူတဦးဖြစ်လာမယ့် Pavel Axelrod က အဲဒီလူငယ် တော်လှန်ရေးသမားတွေ သူတို့ပေါက်ဖွားခဲ့ရာ လူတန်းစားနဲ့ ပြတ်ပြတ်သားသား လမ်းခွဲထွက်လာပုံကို အခုလို ပြန်လည် ဖော်ထုတ်ရေးသားခဲ့တယ် -

လူထုကို အလုပ်အကျွေးပြုလိုသူတိုင်း တက္ကသိုလ်ကို ကျောခိုင်းခဲ့ရတယ်၊ သူတို့ဘဝရဲ့ အခွင့်ထူးခံ အခြေအနေနဲ့ သူတို့မိသားစုကို ကျောခိုင်းစွန့်လွှတ်ခဲ့ရတယ်၊ သိပ္ပံနဲ့ ဝိဇ္ဇာပညာရပ်တွေကိုတောင် ကျောခိုင်းခဲ့ရတယ်။ အမြင့်ဆုံး လူတန်းစားဘဝနဲ့ ချိတ်တွယ်ထားတဲ့ နောင်ကြိုးမှန်သမျှကို သူတို့ ဖြတ်တောက်ခဲ့ရတယ်၊ သူတို့နောက်ကနေ အမျှင်တန်း လိုက်လာမယ့် ကြိုးတံတားတွေကို မီးရှို့ပစ်ခဲ့ရတယ်။ တလုံးတည်းဆိုရရင် ဘုရင့်နောင် ဖောင်ဖျက် လမ်းကို စိတ်လိုလက်ရ လျှောက်ခဲ့ကြတယ်။ ပြောရရင် ဝါဒဖြန့်ချိရေးသမားတယောက်ဟာ အောက်ခြေ လူထုနဲ့ တသားတည်း ခံစားတတ်လာအောင် သူ့အတွင်းအစ္ဈတ္တကို အမြစ်လှန် ပြောင်းလဲပစ်ခဲ့ရတယ်။ အတွေးအခေါ် အရပဲ အောက်ခြေလူထုနဲ့ တသားတည်း ဖြစ်အောင်လုပ်ရတာ မဟုတ်၊ နေ့တရူဝ အမူအကျင့်ပိုင်းမှာပါ အောက်ခြေ လူထုနဲ့ တသားတည်းဖြစ်အောင် နေထိုင်သွားရတယ်။ (P.B. Axelrod, The Working Class and the Revolutionary Movement in Russia, quoted in S.H. Baron, Plekhanov, p. 25.)

ရဲစွမ်းသတ္တိပြည့်ဝလှတဲ့ အဲဒီလူငယ် အမျိုးသား၊ အမျိုးသမီးတွေမှာ 'လူထုဆီ ချီတက်ကြ' ဆိုတာကလွဲလို့ တိကျခိုင်မာတဲ့ လုပ်ငန်းစဉ် မရှိခဲ့ဘူး။ ဈေးထဲက ဘောထုပ်ဆိုင်ကနေ ဝယ်လာတဲ့ တပတ်နွမ်း အဝတ်အစားတွ ဝတ်ပြီး ပတ်စပို့အတုကို ကျစ်ကျစ်ပါအောင် ကိုင်ထားရင်း တောရွာတွေဆီ သူတို့သွားခဲ့ကြတယ်၊



ကျေးလက် လူထုကြားမှာ (အစိုးရ စပိုင်တွေ) သတိမထားမိအောင် နေထိုင်ရင်း အလုပ်လုပ်သွားနိုင်ဖို့ ကုန်သည်အတတ်ကို သင်ယူကြမယ်လို့ စိတ်ကူးခဲ့ကြတယ်။ လယ်သမားတွေနဲ့ တူအောင် လိုက်ဝတ်စားတာဟာ မသိရင် ပြဇာတ်ဆန်ဆန် သောက်ပိုတွေပါလို့ ထင်နိုင်တယ်၊ အဲလို မဟုတ်ကြောင်း ကရိုပေါ့ကင်က ထောက်ပြတယ် -

ရပ်ရှားမှာ ပညာတတ်အလွှာနဲ့ လယ်သမားထုကြား ကွာဟချက်ဟာ အင်မတန် ကြီးမားပါတယ်။ သူတို့တတွေကြား ကူးလူးဆက်ဆံမှုဟာလည်း အတော်ရှားတယ်၊ ဒါ့ကြောင့် ရွာတရွာမှာ မြို့ပြလူတန်းစားအဆောင်အယောင်တွေ တန်ဆာဆင်ထားတဲ့ လူတယောက်ရောက်နေရင် လူတကာ ဝိုင်းကြည့်တာ ခံရရုံတင် မကဘူး၊ အစိုးရရဲ့တွေရဲ့ သံသယကိုပါ တခါတည်း လှုပ်နိုးပြီးသား ဖြစ်သွားတယ်။ မြို့ပေါ်မှာဆိုရင်လည်း ပြောဟန်ဆိုဟန်၊ ဝတ်စားဟန်က အလုပ်သမား တယောက်မဟုတ်မှန်း ထင်ရှားနေသူတယောက် အလုပ်သမားတွေနဲ့ သွားလာလှုပ်ရှားနေတာတွေ့ရင် အစိုးရရဲ့တွေက ချက်ချင်း သတိထားမိကြတယ်။ (P. Kropotkin, Memoirs of a Revolutionary, vol. 2, p. 119.)

ကံမကောင်းစွာပဲ ဒီလို ကြီးကျယ်မြင့်မြတ်တဲ့ တော်လှန်ရေး စိတ်ဓာတ်ကို အခြေမခိုင်တဲ့ သီအိုရီတွေအပေါ် အားပြုထားခဲ့တယ်။ ပဒေသရာဇ် ဘာဘရစ်ဇင်ခေတ်ကနေ အရင်းရှင်စနစ်ကို မဖြတ်သန်းဘဲ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဆီ ခုန်ကူးလို့ရနိုင်တယ်ဆိုတဲ့ 'ဆိုရှယ်လစ်စနစ်ဆီ ချီတက်သော အထူးစပယ်ရှယ် ရပ်ရှားလမ်း' စိတ်ကူးယဉ် အတွေးအခေါ်ဟာ မဆုံးနိုင်သော အမှားတွေ၊ အဖြစ်ဆိုးတွေ တသီကြီးထွက်ပေါ်လာစေတဲ့ ရေသောက်မြစ်ဖြစ်ခဲ့တယ်။ မှားယွင်းသော သီအိုရီတခုဟာ လက်တွေ့ပိုင်းမှာ ပျက်ကိန်းဆိုက်စေခဲ့တယ်။ ပိုင်းဖြတ်ချက် ခိုင်မာသော အမျိုးသား၊ အမျိုးသမီး အဖွဲ့ငယ်တခုရဲ့ သံမဏိ စိတ်ဓာတ်နဲ့ ရဲရင့်ပြတ်သားမှုတွေက တော်လှန်ရေး အောင်မြင်မှုကို အာမခံပေးနိုင်တယ်ဆိုတဲ့ အယူအဆ (တနည်း) တော်လှန်ရေး ဖော်လံတရစ်ဇင်က နရော့နစ်(ခ်) လူငယ်တွေကို နိုးကြားတက်ကြွစေခဲ့တယ်။ ဟုတ်ပါတယ်၊ လူ့သမိုင်းမှာ အတ္တဘာဝ အကြောင်းအချက်[3]က အခရာကျပါတယ်။ လူတွေက သူတို့သမိုင်းကို သူတို့ကိုယ်တိုင် ဖန်တီးကြတယ်လို့ ကား(လ်)မာ့(က်စ်) ရှင်းပြခဲ့တယ်၊ ဒါပေမယ့် သူက ထပ်ပြောခဲ့သေးတယ်၊ လူတွေဟာ သူတို့ရဲ့ စိတ်ဆန္ဒအပေါ် မှီခိုမနေဘဲ အခိုင်အမာတည်ရှိနေတဲ့ လူမှုစီးပွား ဆက်ဆံရေးတွေရဲ့ အပြင်ကနေ သမိုင်းကို မဖန်တီးနိုင်ဘူး။

ရပ်ရှားအတွက် အနောက်ဥရောပ သွားခဲ့သော လမ်းကြောင်းနဲ့ ကွဲပြားတဲ့ 'သမိုင်းဆိုင်ရာ အထူး လမ်းကြောင်း' တခု ဖောက်လုပ်ဖို့ နရော့နစ်(ခ်) သီအိုရီသမားတွေရဲ့ ကြိုးပမ်းချက်တွေဟာ အဘိဓမ္မာဆိုင်ရာ စိတ်ဝါဒလမ်းကိုပဲ မလွဲမသွေ ဦးတည်သွားခဲ့တယ်၊ လယ်သမားထုအပေါ် စိတ်ကူးယဉ်ဆန်ဆန် ရှုမြင်တဲ့ လမ်းကိုပဲ လျှောက်မိစေခဲ့ တယ်။ ဘာကူနင်ရဲ့ သီအိုရီဆိုင်ရာ ရှုပ်ထွေးမှုဟာ နရော့နစ်(ခ်)တွေကြား ရေပန်းစားခဲ့တယ်၊ အဲဒီအချိန်မှာ နရော့နစ်(ခ်) လူငယ်တွေက သူတို့ရဲ့ ပြင်းပြလှသော တော်လှန်ရေး ဆန္ဒတွေကို တရားထူထောင်ပေးနိုင်မယ့် သဘောတရားတွေကို ရှာဖွေနေကြတယ်။ ဘာကူနင်ရဲ့ အယူအဆတွေကို နရော့နစ်(ခ်) လူငယ်တွေ သဘောခွေ့ ခဲ့တယ်ဆိုတာကလည်း ရပ်ရှား လူ့အဖွဲ့အစည်းအတွင်း လူတန်းစား ဆက်ဆံရေးတွေ ဖွံ့ဖြိုးမှု နောက်ကျနေပြီး ပေါ်ထွန်းစပဲ ရှိသေးတဲ့ အခြေအနေကို ထင်ဟပ်နေခြင်း ဖြစ်တယ်။

အရှိတရားကို ဖောက်ထိုးမိုးမျှော် လုပ်ပစ်လိုက်တဲ့ ဘာကူနင်ဟာ mir 'ကျေးလက်ဘုံအဖွဲ့'ကို နိုင်ငံတော်ရဲ့ ရန်သူအဖြစ် ပုံဖော်ခဲ့တယ်၊ အမှန်က 'ကျေးလက်ဘုံအဖွဲ့' ဟာ ဇာဘုရင် အုပ်ချုပ်ရေးစနစ်ရဲ့ အခြေခံယူနစ် ဖြစ်တယ်။ လိုနေတာက တော်လှန်ရေးသမားတွေ ကျေးလက်ကိုသွားပြီး 'ပင်ကိုဗီဇအရ တော်လှန်ရေးဆန်တဲ့' ရပ်ရှား လယ်သမားထုကို နိုင်ငံတော် ပုန်ကန်လာအောင် လှုပ်နိုးပေးဖို့ပဲ၊ အဲလိုသာ လုပ်လိုက်ရင် ပြဿနာတွေ ပြေလည်သွားမယ်၊ 'နိုင်ငံရေး' လုပ်စရာမလိုဘူး (သို့) ဘယ်လိုပါတီအဖွဲ့အစည်းမျိုးမှ ထူထောင်နေစရာလည်း မလိုဘူး။ ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေစရာလည်း မလိုဘူး (ဒီမိုကရေစီဆိုတာ နိုင်ငံတော်ရဲ့ ပုံစံတမျိုးသာ ဖြစ်လို့ အာဏာရှင်အုပ်စိုးမှုကို တခြားတနည်းနဲ့ ထင်ဟပ်ဖော်ထုတ်ထားခြင်းသာ ဖြစ်တယ်)၊ တကယ်လုပ်ရမယ့် အလုပ်က နိုင်ငံတော် 'မှန်သမျှ'ကို ဖြိုဖျက်ပစ်ဖို့ပဲ၊ နိုင်ငံတော်နေရာမှာ ဖောက်ပြန်သော လက္ခဏာတွေ ရှင်းထုတ်ထားတဲ့ 'ကျေးလက်ဘုံအဖွဲ့'အခြေခံ ဒေသန္တရ ရပ်ရွာအဖွဲ့အစည်းတွေ ကိုယ်တိုင်ကိုယ်ကျ စုစည်းထားသော ဖက်ဒရေးရှင်းတခုနဲ့ အစားထိုးရမယ်။

နရော့နစ်(ခ်) လူငယ်တွေ လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားတဲ့အခါ အဲဒီသီအိုရီရဲ့ ဝိရောဓိဆန်သော အစိတ်အပိုင်းတွေ ဖွားကနဲ ပေါ်ထွက်လာခဲ့တယ်။ ကျောင်းသားလူငယ်တွေရဲ့ အပြင်းအထန် တော်လှန်ရေး နှိုးဆော်မှုတွေဟာ လယ်သမားထုရဲ့ မှုန်တေတေ သံသယတွေနဲ့ပဲ ရင်ဆိုင်တိုးခဲ့ရတယ် (သို့) ဖြောင်ကျကျ ရန်လိုမှုနဲ့ပဲ ကြုံခဲ့ရတယ်၊ မြို့ပေါ်က ရောက်လာတဲ့ ကျောင်းသားလူငယ်တွေကို လယ်သမားတွေက အာဏာပိုင်တွေလက်ထဲ မကြာခဏ လွှဲပေးခဲ့ကြတယ်။

နောင်မှာ 'လူထုဆန္ဒ' (Narodnaya Volya)ပါတီရဲ့ ခေါင်းဆောင်တဦးဖြစ်လာမယ့် Zhelyabov က နရော့နစ်(ခ်) လူငယ်တွေ လယ်သမားထုကို စည်းရုံးဖို့ အသည်းအသန် အားထုတ်ခဲ့ပုံကို အခုလို ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့တယ် - "သူ့ရဲ့ဦးခေါင်းကို ရေခဲပြင်မှာ အကြိမ်ကြိမ် ရိုက်ခွဲနေတဲ့ ငါးလိုပဲ"။ D. Foot(man, Red Prelude, p. 86.) ပြင်းပြင်းထန်ထန် အဖိနှိပ်ခံ၊ သွေးစုပ်ခံနေရပေမယ့် ရပ်ရှား လယ်သမားထုဟာ "ခန္ဓာကို ဇာဘုရင်က ပိုင်တယ်၊ စိတ်ဝိညာဉ်ကို ဘုရားသခင်က ပိုင်တယ်၊ ကျောပြင်ကို ပဒေသရာဇ်မြေရှင်ကြီးတွေက ပိုင်တယ်"လို့ ယုံကြည်ထားကြသူတွေဖြစ်တယ်။ အဲသလို ယုံကြည်ထားတဲ့ လယ်သမားထုဟာ နရော့နစ်(ခ်)တွေရဲ့ တော်လှန်ရေး အယူအဆတွေကို နားဝင်လက်ခံနိုင်ခြင်း မရှိခဲ့ဘူး။ ဒီလိုကြုံလိုက်ရတဲ့ ပညာတတ် လူငယ်တယောက် အထိတ်တလန့် ဖြစ်ပြီး စိတ်ပျက်သွားတဲ့အသံကို ဒီစာပိုဒ်မှာ ပဲ့တင်ထပ်နေတယ် -

"တော်လှန်ရေးကြီး နေ့ချင်းညချင်း ထဖြစ်တော့မယောင် ငါတို့မျက်ကန်း ယုံကြည်ခဲ့မိတယ်၊ ဒါ့ကြောင့်လည်း လယ်သမားတွေမှာ ငါတို့ရှိစေချင်သလောက် တော်လှန်ရေး စိတ်ဓာတ် ရှိမနေမှန်း ငါတို့ သတိမပြုနိုင်ခဲ့ဘူး။ လယ်သမားထုက လယ်ယာမြေတွေ ခွဲဝေလိုချင်ကြတာပဲ ငါတို့မြင်ခဲ့ကြတယ်။ အင်ပါယာအရှင်သခင်က အမိန့်တခုထုတ်ပြီး သူတို့ကို လယ်ယာမြေတွေ ခွဲဝေပေးမယ်လို့ပဲ လယ်သမားတွေ မျှော်လင့်ခဲ့ကြတယ်။ မြေရှင်ကြီးတွေနဲ့ အရာရှိတွေကသာ ကန့်လန့်ခံမနေခဲ့ရင် အင်ပါယာအရှင်က ဟိုးအရင်ကတည်းက မြေယာတွေ ဝေခြမ်းပေးခဲ့မှာပဲလို့ လယ်သမားအများစု ထင်နေခဲ့ကြတယ်။ မြေရှင်ကြီးတွေနဲ့ အရာရှိတွေဟာ အင်ပါယာအရှင်နဲ့ လယ်သမားထုရဲ့ အကြီးမားဆုံး ရန်သူကြီးနှစ်ဦးပဲ။"

လယ်သမားထုဆီ ချဉ်းကပ်ဖို့ အရိုးခံအတိုင်း ကြိုးပမ်းချက်ဟာ မကြာခဏဆိုသလို ငိုရမလို ရယ်ရမလို ဖြစ်ခဲ့ရတယ်၊ ဒီလှုပ်ရှားမှုမှာ ပါဝင်ခဲ့သူ တဦးဖြစ်တဲ့ Debogori-Mokrievich က အခုလို ပြန်ရေးပြခဲ့တယ် -

"လယ်သမားတွေက ကျနော်တို့ကို သူတို့တဲတွေထဲ ညအိပ်မတည်းစေချင်ကြဘူး။ ညစ်တီးညစ်ပတ် စုတ်တီးစုတ်ပြတ် ကျနော်တို့ အဝတ်အစားတွေကို သူတို့မကြိုက်တာတော့ အထင်အရှားပဲ။ လုပ်သားကြီးတွေလို ကျနော်တို့ ဝတ်စားထားရင် ဒါမျိုး အမြင်ခံရလိမ့်မယ်လို့ မထင်ခဲ့မိဘူး။" (Quoted in D. Footman, Red Prelude, p. 47 and p. 49)

ချမ်းအေးလှတဲ့ ဟင်းလင်းပြင်မှာ မောမောပန်းပန်း ဗိုက်ဟောင်းလောင်းနဲ့ အိပ်ပျော်သွားရတယ်၊ စုးပေါပေါ ဘွတ်ဖိနပ်တွေကို စီးပြီး တနေကုန် လမ်းလျှောက်ခဲ့ရလို့ သူတို့ခြေထောက်တွေကနေ သွေးထွက်လာခဲ့တယ်။ ဒီလို အခက်အခဲတွေ ရင်ဆိုင်လာရတဲ့ နရော့နစ်(ခ်) လူငယ်တွေရဲ့ စိတ်ဓာတ်ကို

လယ်သမားထုရဲ့ တုံဏှိဘာဝေ ကျောက်သားနံရံကြီးနဲ့ ပစ်ဆောင့်ခဲ့ကြတယ်။ အဖမ်းမခံရတဲ့ နရော့နစ်(ခ်) လူငယ်တွေဟာ တဖြည်းဖြည်းနဲ့ မလွှဲမရှောင်သာ နောက်ပြန်ခေါက်သွားခဲ့ကြတယ်၊ ယုံကြည်မှုပျက်ပြားပြီး ခြေကုန်လက်ပန်းကျကာ မြို့ပြဆီ ပြန်ဆုတ်သွားခဲ့တယ်။ 'လူထုဆီချီတက်ကြ' လှုပ်ရှားမှုဟာ လူဖမ်းလှိုင်းကြီးကြောင့် ချက်ချင်း ပြိုကွဲသွားခဲ့တယ်၊ ၁၈၇၄ တနှစ်တည်းမှာတင် နရော့နစ်(ခ်) လူငယ်ပေါင်း ၇၀၀ ကျော် အဖမ်းခံခဲ့ရတယ်။ ဆုံးရှုံးမှုကြီးမားလှတဲ့ အရှုံးတခု ဖြစ်ခဲ့တယ်။ ဒါပေမယ့် ဖမ်းစီးခံ တော်လှန်ရေးသမားတွေ တရားခွင်ကနေ ဟစ်ကြွေးလိုက်တဲ့ အားမာန် အပြည့်ပါသော သူရဲကောင်းဆန်လှတဲ့ မိန့်ခွန်းတွေဟာ နောက်မကြာခင်မှာ လှုပ်ရှားမှုအသစ် ဖြစ်ပေါ်လာအောင် မီးညှိပေးခဲ့တယ်။

နရော့နစ်(ခ်)တွေဟာ 'လူထု'ဆိုတဲ့စကားကို ပါးစပ်ဖျားက မချကြဘူး။ ဒါပေမယ့်လည်း သူတို့စံပြုထားတဲ့ လယ်သမား လူထုနဲ့ လုံးဝသီးခြား ဖြစ်နေခဲ့တယ်။ တကယ်တော့ ဒီလှုပ်ရှားမှုတခုလုံးဟာ ပညာတတ်တွေရဲ့ လက်ခုပ်ထဲမှာပဲ ရှိနေခဲ့တယ် -

"လယ်သမားနဲ့ သူ့ဘုံအဖွဲ့ကို ပေါ့ပြူလစ်တွေ (နရော့နစ်ခ်တွေကို ဆိုလို) ကိုးကွယ်ခြင်းဟာ 'ပညာတတ် ပစ္စည်းမဲ့တွေ'က သူတို့ကိုယ်သူတို့ တိုးတက်မှု ဖော်ဆောင်ရာမှာ အခရာကျသူတွေလို့ ဟန်တလုံးနဲ့ အထင်ကြီး လွန်းနေခြင်းကို ရောင်ပြန်ဟပ်နေခြင်းသာ ဖြစ်ပါတယ်။ ရပ်ရှား ပညာတတ်အလွှာရဲ့ သမိုင်းတခုလုံးဟာ မာနနဲ့ မိမိလိုအင်ဆန္ဒကိုချိုးနှိမ်ခြင်း ဆိုတဲ့ ဝင်ရိုးနှစ်ခုကြားကနေ ဖွံ့ဖြိုးလာခြင်း ဖြစ်တယ်၊ ဒီဝင်ရိုးစွန်းနှစ်ခုဟာ လူမှုဆိုင်ရာ အားပျော့ခြင်းရဲ့ အရိပ်တိုနဲ့ အရိပ်ရှည်တွေပဲ။" (L. Trotsky, The Young Lenin, p. 25)

ဒါပေမယ့် ပညာတတ်တွေရဲ့ အဲဒီလူမှုဆိုင်ရာ အားပျော့ချက်ဟာ ရပ်ရှား လူ့အဖွဲ့အစည်းအတွင်း လူတန်းစား ဆက်ဆံရေးတွေ ဖွံ့ဖြိုးမှု နောက်ကျနေခြင်းကို ထင်ဟပ်ထားခြင်းသာ ဖြစ်တယ်။ စက်မှုလုပ်ငန်းတွေ တဟုန်ထိုး ဖွံ့ဖြိုးလာခြင်းနဲ့ အားကြီးလှတဲ့ မြို့ပြ အလုပ်သမား လူတန်းစားတရပ် မွေးဖွားပေးခြင်းဟာ နိုင်ငံခြား အရင်းတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့ ၁၈၉၀ ခုနှစ်များမှာမှ ဖြစ်ခဲ့ရတာ။ နရော့နစ်(ခ်) လှုပ်ရှားမှုတွေ ဖြစ်နေတဲ့ ကာလတုန်းက ဒီအရာတွေဟာ အဝေးကြီးလို့ ထင်ရတဲ့ အနာဂတ်ရဲ့ ဂီတသံ ဖြစ်နေဆဲ။ သူတို့မှာရှိနေတဲ့ အရင်းအမြစ်တွေနဲ့ပဲ ရင်ဆိုင်ဖြေရှင်းဖို့ ဖြစ်လာတဲ့အခါ တော်လှန်သော ပညာတတ်လူငယ်တွေဟာ 'ဆိုရှယ်လစ် စနစ်ဆီ ချီတက်သော အထူးစပယ်ရှယ် ရပ်ရှား လမ်းကြောင်း' သီအိုရီမှာ ကယ်တင်ခြင်းကို ရှာတွေ့ခဲ့တယ်၊ ဒီသီအိုရီဟာ ('mir' လို့ခေါ်တဲ့ ရပ်ရှား) ကျေးလက်ဘုံအဖွဲ့မှာ ရှိနေတဲ့ ဘုံပိုင်ဆိုင်မှု အစိတ်အပိုင်းအပေါ် အခြေတည်ထားတယ်။

မကြာခင် ကာလတွေက အဝန်းအဝိုင်းတချို့ကြား ရေပန်းစားခဲ့တဲ့ ပြောက်ကျားစစ် နဲ့ တဦးချင်း လုပ်ကြံ သတ်ဖြတ်ရေး သဘောတရားတွေဟာ ရပ်ရှား နရော့နစ်(ခ်)တွေနဲ့ လုပ်ကြံသတ်ဖြတ်ရေးဝါဒီတွေရဲ့ ခေတ်ဟောင်း အယူအဆတွေကို ပုံစံတမျိုးနဲ့ မွမ်းမံဖော်ထုတ်ထားခြင်း ဖြစ်တယ်။ ရပ်ရှား နရော့နစ်(ခ်)တွေလိုပဲ ပြောက်ကျားစစ်နဲ့ တဦးချင်း လုပ်ကြံသတ်ဖြတ်ရေးဝါဒီတွေဟာ တတိယကမ္ဘာက လယ်သမားထုကြား၊ လန်ပန် ပစ္စည်းမဲ့ လူတန်းစားကြား အခြေခံဖို့ ကြိုးစားကြတယ်၊ တကယ်တော့ ပစ္စည်းမဲ့ လူတန်းစားကလွဲလို့ တခြား ဘယ်လူတန်းစားမဆို အခြေခံဖို့ သူတို့ ကြိုးစားကြတယ်။ ဒီလို အယူအဆတွေဟာ မာ့(က်စ်)ဝါဒနဲ့ လားလားမှ မဆိုင်ဘူး။ ဆိုရှယ်လစ် တော်လှန်ရေးကို ဖော်ဆောင်ပြီး ကျန်းမာသန်စွမ်းတဲ့ အလုပ်သမား နိုင်ငံတော်တခုကို ထူထောင်ကာ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဆီ ချီတက်နိုင်စွမ်းရှိတဲ့ တခုတည်းသော လူတန်းစားဟာ အလုပ်သမား လူတန်းစားပဲလို့ မာ့(က်စ်)နဲ့ အန်းဂယ်(စ်)တို့ ရှင်းပြခဲ့တယ်။ ဒီလို ပြောတာ အမှုမဲ့အမှတ်မဲ့ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းအတွင်း၊ ကုန်ထုတ်ဖြစ်စဉ်အတွင်း အထူးသဖြင့် ထုနဲ့ထည်နဲ့ လုပ်ကိုင်နေကြတဲ့ စက်မှု ကုန်ထုတ်ဖြစ်စဉ်အတွင်း ရောက်ရှိနေတဲ့ အနေအထားကြောင့် အလုပ်သမား လူတန်းစားမှာပဲ ဆိုရှယ်လစ် လူတန်းစား အသိစိတ် ပိုင်ဆိုင်ထားတယ်။ ပစ္စည်းမဲ့ လူတန်းစားရဲ့ စံတော်ဝင် တိုက်ပွဲဝင် နည်းနာတွေက အများနဲ့စုပေါင်းလုပ်ဆောင်ခြင်းအပေါ် အခြေခံထားသော သပိတ်တွေ၊ ဆန္ဒပြပွဲတွေ၊ သပိတ်တား ပိတ်ဆို့ခြင်းတွေ၊ အထွေထွေ သပိတ်တွေ ဖြစ်နေတာ အကြောင်းမဲ့ မဟုတ်ဘူး။

ဒါနဲ့ဆန့်ကျင်ဖက်ပဲ၊ တခြား လူတန်းစားတွေရဲ့ အခြေခံမှုက ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်သူ၊ လုပ်အား သွေးစုပ်သူရဲ့ တသီးပုဂ္ဂလိကဝါဒပဲ။ ဒီနေရာမှာ ပိုင်ဆိုင်မှု၊ သွေးစုပ်မှု အတိုင်းအတာ ကြီးသူရော၊ သေးသူရာ နှစ်မျိုးလုံး ပါတယ်။ သူ့ဖြစ်တည်မှုကို ကာကွယ်ဖို့ ဆိုရှယ်လစ်စနစ်ကို ရန်လိုမုန်းတီးရတဲ့ ဘူဇွာလူတန်းစားကို ဘေးဖယ်ထားလိုက်ဦး၊ လယ်သမားထုအပါအဝင် လူလတ်တန်းစား ရှိသေးတယ်။ လူလတ်တန်းစားဟာလည်း ဆိုရှယ်လစ် အသိစိတ် ရရှိဖို့ အလွန်ခဲယဉ်းတဲ့ လူတန်းစား ဖြစ်တယ်။ လူလတ်တန်းစား အပေါ်လွှာထဲမှာ ရှိသော ချမ်းသာ လယ်သမား၊ ရှေ့နေ၊ ဆရာဝန်၊ ပါလီမန်ဝါဒီတွေဟာ ဘူဇွာလူတန်းစားနဲ့ နီးစပ်သူတွေဖြစ်တယ်။ ရပ်ရှားမှာ မြေယာမဲ့ ဆင်းရဲ လယ်သမားတွေဟာ သမားရိုးကျကြည့်မယ်ဆိုရင် ကျေးလက် ပစ္စည်းမဲ့လူတန်းစားတရပ်ဖြစ်ပေမယ့်မြို့ပြကပစ္စည်းမဲ့လူတန်းစားရဲ့အသိစိတ်မျိုး မရှိကြဘူး။ မြေယာမဲ့ လယ်သမားရဲ့ လိုလားချက်တခုက မြေယာပိုင်ဆိုင်ဖို့ပဲ၊ ဆိုလိုတဲ့သဘောက အသေးစား ပုဂ္ဂလိက ပိုင်ဆိုင်သူအဖြစ် ပြောင်းလဲသွားဖို့ပဲ။ တဦးချင်း လုပ်ကြံသတ်ဖြတ်ရေး နဲ့ 'ပြောက်ကျားစစ်' နည်းလမ်းတွေဟာ ပုံစံတွေမျိုးစုံ ကွဲနေပေမယ့် ပက်တီးဘူဇွာလူတန်းစားရဲ့ နည်းလမ်းတွေပဲ ဖြစ်တယ်၊ အထူးသဖြင့် လယ်သမား လူတန်းစားရဲ့ နည်းလမ်းတွေပဲ၊ ကျောင်းသားတွေ၊ ပညာတတ်တွေနဲ့ လန်ပန်ပစ္စည်းမဲ့တွေလည်း ဒီနည်းတွေကို အသုံးပြုလေ့ရှိတယ်။ မှန်ပါတယ်၊ တချို့သော အခြေအနေတွေ (အထူးသဖြင့် ဒီကနေ့ခေတ်မှာ) ဆင်းရဲလယ်သမားထုကို စုပေါင်းပိုင်ဆိုင်မှု အယူအဆကို လက်ခံလာအောင် စည်းရုံးလို့ရနိုင်တယ်၊ ၁၉၃၆ စပိန်မှာ ဒါမျိုး လုပ်နိုင်ခဲ့တာ တွေ့ရတယ်။ ဒါပေမယ့် ဒီလိုမျိုး တိုးတက်လာဖို့ ကနဦး ရှိနှင့်ထားရမယ့် လိုအပ်ချက်ရှိနေတယ် - မြို့ပြက အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး လှုပ်ရှားမှု ကနဦး ရှိနှင့်ထားရမယ်။ ရပ်ရှားမှာ ဆင်းရဲလယ်သမားထုကို ဆော်ဩပြီး အလုပ်သမား လူတန်းစား အာဏာရခဲ့တယ်၊ ဒီဆင်းရဲလယ်သမားထုကို ဆော်ဩရာမှာ ဆိုရှယ်လစ် ကြွေးကြော်သံတွေကို အခြေခံခဲ့တာ မဟုတ်ဘူး၊ "လယ်လုပ်သူ လယ်ပိုင်ရေး" ကြွေးကြော်သံကို အခြေခံခဲ့တာ။ ဒီအချက်ကို ကြည့်ရုံနဲ့တင် ၁၉၁၇ ခုနှစ်မှာတောင် ရပ်ရှား လယ်သမားထုဟာ ဆိုရှယ်လစ် အသိစိတ်နဲ့ ဘယ်လောက် ဝေးကွာနေခဲ့သလဲ မြင်နိုင်တယ်။

ခိုင်မာသော သီအိုရီအခြေခံ ကင်းမဲ့နေပြီး၊ ရောကောသောကော လူတန်းစား ဆက်ဆံရေး အမြင် (တိကျ ရှင်းလင်းတဲ့ လူတန်းစား အမြင်မရှိဘဲ 'လူထု' ဆိုပြီး ရောကောသောကော ရှုမြင်ခြင်း)နဲ့ အစပြုခဲ့တဲ့ နရော့နစ်(ခ်) လူငယ်တွေအဖို့ မာ့(က်စ်)ဝါဒီတွေပြောတဲ့ ပစ္စည်းမဲ့ လူတန်းစားရဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍဆိုတာ ဘုံမာယာ ဇာချဲ့နေခြင်းပဲလို့ မြင်ခဲ့တယ်။ အလုပ်သမား လူတန်းစားက ဘာလုပ်ရမှာလဲ၊ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့က ရပ်ရှားရဲ့ ထူးခြားသော အခြေအနေကို နားမလည်ပါဘူးကွာ။ (နရော့နစ်ခ်တွေရဲ့ အမြင်)။ မြို့ပြက အလုပ်သမား လူတန်းစားရဲ့ အခန်းကဏ္ဍကို သူတို့ထည့်စဉ်းစားရင်လည်း တော်လှန်ရေးမှာ လယ်သမားထုရဲ့ အရံအင်အားစု နေရာကပဲ ပါဝင်နိုင်သော 'စက်ရုံတွေထဲက လယ်သမားတွေ'အဖြစ်သာ သဘောထားခဲ့ကြတယ်။ ဒီအမြင်ဟာ တော်လှန်ရေး လူတန်းစား အင်အားစုတွေရဲ့ တကယ့် ဆက်ဆံရေးအစစ်အမှန်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေကြောင်း နောက်ပိုင်း ဖြစ်ရပ်တွေက သက်သေပြသွားတယ်။

(မော်ဝါဒီတွေဟာလည်း 'ကျေးလက်အခြေခံ၊ မြို့ကိုဝိုင်း' မဟာဗျူဟာကို အာဂုံဆောင်ကာ ကျေးလက် လယ်သမားထုကို အခြေခံပြီး လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲရမယ်လို့ စိတ်ကူးယဉ်ကြတယ်။ ဗမာပြည်ဟာ

လယ်သမားအများစုရှိတဲ့ တိုင်းပြည်မို့ ဒီလမ်းစဉ်ဟာ အသင့်တော်ဆုံးပဲလို့ ဆင်ခြေပေးတတ်ကြတယ်။ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး မတိုင်ခင်အထိ ရပ်ရှား လူ့အဖွဲ့အစည်းမှာ လယ်သမား လူတန်းစားက ၉၀% အထက်ရှိခဲ့ပေမယ့် လီနင်တို့ ဘော်ရှီဗစ်တွေဟာ အလုပ်သမား လူတန်းစားကိုသာ တပ်ဦး လူတန်းစားအဖြစ် သတ်မှတ်ခဲ့ကြတယ်။ လီနင်တို့ ဘော်ရှီဗစ်တွေ မတိုင်ခင်က နရော့နစ်(ခ်)တွေဟာ မော်ဝါဒီတွေလိုပဲ အရေအတွက် အများဆုံးဖြစ်တဲ့ လယ်သမားထုကို တော်လှန်ရေးရဲ့ အရေးကြီးဆုံး အင်အားအဖြစ် ထင်ခဲ့ကြဖူးတယ်။ သူတို့အထင်နဲ့ သမိုင်းလက်တွေ့ တခြားစီ ဖြစ်ခဲ့တယ်။ 'စက်ရုံတွေထဲက လယ်သမားတွေ' ဆိုတဲ့ နရော့နစ်ခ် အယူအဆဟာ ဒီကနေ့ ဗမာပြည် မော်ဝါဒီတွေ ကြားမှာ ပြန်ပေါ်လာတယ်။ သူတို့အဆိုအရ ဗမာပြည် အလုပ်သမား လူတန်းစားဟာ လယ်သမားမိသားစုကနေ ပေါက်ဖွားလာတယ်၊ ကျေးလက်ကနေ မြို့ပြကို ပြောင်းရွှေ့လာသူတွေဖြစ်တယ်။ ဒါ့ကြောင့် ဗမာပြည်မှာ အလုပ်သမားနဲ့ လယ်သမားဆိုတာ ချက်ကြိုးမပြတ်သေးဘူးလို့ ခပ်လွယ်လွယ် ကောက်ချက်ချလိုက်ကြတယ်။ ဒီကောက်ချက်ကနေ ဗမာပြည် တော်လှန်ရေးဟာ လယ်သမားထုကို အဓိက အားပြုရမယ့် လက်နက်ကိုင် တော်လှန်ရေးဖြစ်တယ်ဆိုတဲ့ ကောက်ချက်အထိ ဆွဲယူလိုက်ကြပြန်တယ်။ သမိုင်းကို မလေ့လာတဲ့အခါ 'ဗမာပြည်ရဲ့ ထူးခြားချက်'လို့ ထင်မှတ်မှားကြတော့တယ်။ နရော့နစ်(ခ်)တွေလည်း 'ရုပ်ရှားရဲ့ ထူးခြားချက်'လို့ ထင်ခဲ့ကြဖူးတယ်။) ဘာသာပြန်သူ၏ မှတ်ချက်

သိပ်ကို ပါရာဒွေ့(က်စ်) ဆန်လွန်းတဲ့အချက်က အလုပ်သမား လူတန်းစားအပေါ် နရော့နစ်(ခ်)တွေ ဘယ်လိုပဲ တလွဲမြင်ခဲ့ပေမယ့် သူတို့ရဲ့ တော်လှန်ရေး တပ်လှန့်သံတွေ ပဲ့တင်ထပ်ခဲ့တဲ့ တခုတည်းသော အရပ်ဟာ သူတို့အခေါ် နစ်မြို့စရာမရှိသော 'မြို့ပြ လယ်သမားများ' ဆိုတဲ့ စက်ရုံ အလုပ်သမားတွေပဲ။ ခေတ်သစ် ပြောက်ကျားဝါဒီတွေလိုပဲ Zemlya I Volya (လွတ်လပ်မှုနဲ့ မြေယာ)ကို ကြွေးကြော်သော နရော့နစ်(ခ်)တွေဟာ တော်လှန်သော အလုပ်သမားတွေကို စက်ရုံတွေကနေ ဆွဲထုတ်ပြီး ကျေးလက်ဆီ တွန်းပို့တဲ့ ပေါ်လစီ ကျင့်သုံးခဲ့ကြတယ်။ Plekhanov ကိုယ်တိုင် မာ့(က်စ်)ဝါဒီမဖြစ်ခင်က ဒီလှုပ်ရှားမှုမျိုးမှာ ပါဝင်ခဲ့ဖူးတယ်၊ ဒီလုပ်ရပ်ရဲ့ အကျိုးဆက်တွေကို သူမြင်ခဲ့တယ် -

မြို့ပြမှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တဲ့ စက်ရုံ အလုပ်သမားတွေဟာ ကျေးလက်မှာ နေဖို့ အဆင်မပြေကြဘူး၊ ကျေးလက်ကို စိတ်မပါလက်မပါ ပြန်သွားကြတယ်။ မြို့ပြမှာ နေထိုင်ရင်း ပါဆင်နဲလတီ ဆင့်ကဲပြောင်းလဲနေပြီ ဖြစ်တဲ့ လူတယောက်အဖို့ ကျေးလက်က ထုံးတမ်း ဓလေ့တွေကို သည်းမခံနိုင်တော့ဘူး ....

ဒီလူတွေ (နရော့နစ်ခ်တွေ)ဟာ ဖြတ်သန်းမှုရှိခဲ့သူတွေ၊ ပေါ့ပြုလစ်အမြစ်တွေ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး သူတို့ယုံကြည်တဲ့အတိုင်း ရိုးရိုးသားသား မြှုပ်နှံလုပ်ကိုင်နေသူတွေဖြစ်တယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင် ကျေးလက်မှာ အခြေချ လုပ်ကိုင်ဖို့ ကြိုးပမ်းချက်တွေဟာ ဘာမှ အရာမထင်ခဲ့ဘူး။ အခြေချဖို့ သင့်တော်တဲ့ နေရာတခု ရှာဖို့ရာ ရွာစဉ်လှည့်သွားပြီးတဲ့နောက် သူတို့စိတ်ပျက်သွားခဲ့ရတယ် (တချို့ရွာတွေမှာ သူတို့ကို နိုင်ငံခြားသားတွေလို သဘောထားကြတယ်)၊ Saratov ကိုပြန်လာပြီး အဆုံးသတ်ခဲ့တယ်၊ အဲဒီဒေသက အလုပ်သမားတွေနဲ့ သူတို့ အချိတ်အဆက်ရခဲ့တယ်။ ဒီမြို့ပြလူငယ်တွေနဲ့ သူတို့ရဲ့'လူထု' အဲ့သလို ကင်းကွာနေလို့ ကျနော်တို့ ဘယ်လောက် အံ့အားသင့်ခဲ့ရသလဲဆိုတာ အရေးမကြီးပါဘူး၊ ဒီအချက်က အထင်အရှားပဲ၊ ဒီနောက် အလုပ်သမားတွေကို လယ်သမားတွေရဲ့ အလုပ်မှာ ပါဝင်စေရေး အယူအဆကို ကျနော်တို့ စွန့်လွှတ်ခဲ့ရတယ်။ (Quoted in F. Dan, The Origins of Bolshevism, pp. 162-63.)

နရော့နစ်(ခ်) သီအိုရီအရ မြို့ပြ အလုပ်သမားဟာ ဆိုရှယ်လစ်ဝါဒနဲ့ လယ်သမားထက် ပိုဝေးတယ်။ ဒါ့ကြောင့် အိုဒက်ဆာ အလုပ်သမားတွေကြား စည်းရုံးရေး တာဝန်ယူထားရတဲ့ နရော့နစ်(ခ်)တယောက်က အခုလို ညည်းခဲ့တယ် - "အလုပ်ရုံတွေက လူတွေဟာ မြို့ပြ ဘဝကြောင့် ပျက်စီးနေပြီ၊ လယ်သမားထုနဲ့ သူတို့ကြားက အချိတ်အဆက်ကို အသိအမှတ် မပြုနိုင်တော့ဘူး၊ ဆိုရှယ်လစ် သဘောတရားတွေ ပြောရင်လည်း နားမဝင်ဘူး"။ (Quoted in F. Venturi, The Roots of Revolution, p. 511.) ဘယ်လိုပဲဖြစ်ဖြစ် နရော့နစ်(ခ်)တွေဟာ အလုပ်သမားတွေကြား အလုပ်လုပ်ခဲ့ကြတယ်၊ အရေးကြီးတဲ့ ရလဒ်တွေလည်း ရခဲ့ကြတယ်။ ဒီအလုပ်တွေ လုပ်ဖို့ စတင်ဆော်ဩသူဟာ Nikolai Vasilyevich Chaikovsky ဖြစ်တယ်။ သူက ပီတာစဘတ်က အလုပ်သမား ဒေသတွေမှာ ဝါဒဖြန့်ချိရေး အစုအဖွဲ့တွေ တည်ထောင်ခဲ့တယ်။ ကရိုပေါ့ကင်က အဲဒီဝါဒဖြန့်ချိရေးသမားတွေထဲက တယောက် ဖြစ်ခဲ့တယ်။ ပကတိ အရှိတရားက နရော့နစ်(ခ်) လူငယ်တချို့ကို 'အလုပ်သမား ပြဿနာ'နဲ့ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် ရင်ဆိုင်ခိုင်းခဲ့တယ်။ ဘာကူနင်ရဲ့ သီအိုရီတွေကြောင့် အိမ်ရှေ့တံခါးကနေ ကန်ထုတ်ခံထားရတဲ့ 'အလုပ်သမား ပြဿနာ'ဟာ ပြတင်းပေါက်ကနေ ပြန်ဝင်လာခဲ့တယ်။ ဒီလို အစောပိုင်း ကာလကတည်းက ရပ်ရှား အလုပ်သမား လူတန်းစားဟာ အရေအတွက် အလွန်နည်းပါးပေမယ့် တော်လှန်ရေး လှုပ်ရှားမှုအပေါ် ဩဇာသက်ရောက်စပြုနေပြီ။

'လူငယ် ဂျုန်းတဲမန်းတွေ' (နရော့နစ်ခ်တွေကို ရည်ညွှန်း)အပေါ် အလုပ်သမားတွေရဲ့ သဘောထားက မှတ်သားဖို့ ကောင်းတယ်။ I.A. Bachkin ဆိုတဲ့ ပီတာစဘတ် အလုပ်သမားတယောက်က သူ့လုပ်ဖော်ကိုင်ဖက်တွေကို အခုလို ပြောခဲ့တယ် - "ကျောင်းသားတွေဆီကနေ စာအုပ်တွေ ယူဖတ်ရမယ် ဒါပေမယ့် ခင်ဗျားတို့ကို အဓိပ္ပါယ် မရှိတာတွေ လာသင်နေရင် မောင်းထုတ်ပစ်ရမယ်"။ အလုပ်သမားတွေက ကျေးလက်ကိုဆင်းပြီး မလုပ်လိုဘူး ဆိုတဲ့ မှတ်ချက်ကို ရေးနေချိန်မှာ ပလက်(ခ်)နော့ တွေးနေတဲ့ အလုပ်သမားက ဘတ်(ချ်)ကင်း ဖြစ်လိမ့်မယ်။ ၁၈၇၄ စက်တင်ဘာမှာ ဘတ်(ချ်)ကင်း အဖမ်းခံခဲ့ရတယ်၊ ၁၈၇၆ သူပြန်လွတ်လာတဲ့အခါ ပလက်(ခ်)နော့ကို ပြောခဲ့တယ် - "တော်လှန်ရေး ဝါဒီဖြန့်ချိမှုတွေ လုပ်ဖို့ ကျုပ်အဆင်သင့်ပဲ ဒါပေမယ့် အလုပ်သမားတွေကြားမှာပဲ လုပ်မယ် ...

ဘတ်(ချ်)ကင်းက ပြင်းချက်ထုတ်ခဲ့တယ် 'ကျေးလက်ကို ကျုပ်မသွားလိုဘူး၊ လယ်သမားတွေက သိုးတွေလိုပဲ၊ တော်လှန်ရေးကို ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး'။" (Ibid., p. 800 in both quotes.)

နရော့နစ်(ခ်) ပညာတတ်တွေက အနာဂတ် တော်လှန်ရေးဆိုင်ရာ သဘောတရား ပြဿနာတွေနဲ့ နပမ်းလုံးနေချိန် မြို့ကြီးပြကြီးတွေမှာ လူတန်းစား အသိစိတ် စတင်နိုးကြားလာနေပြီ။ မြေကျွန်တွေကို လွတ်လပ်ခွင့် ပေးလိုက်ခြင်းဟာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှာ အရင်းရှင်စနစ် ဖြစ်ထွန်းလာစေဖို့ လယ်သမားထုအပေါ် ကျူးလွန်လိုက်တဲ့ စုပေါင်း အကြမ်းဖက်မှု ဖြစ်သွားခဲ့တယ်။ လီနင် ရှင်းပြခဲ့သလိုပဲ မြေရှင်ကြီးတွေဟာ တကယ်တမ်းကျ အရင်းရှင်စနစ် ပေါ်ထွန်းလာနိုင်အောင် 'ပဒေသရာဇ်ခေတ် ဇရာမ မြေကွက်ကြီးတွေကို ရှင်းပေးလိုက်ခြင်းဖြစ်တယ်'၊ လယ်သမားထုအတွင်း လူတန်းစားကွဲထွက်ခြင်းကို အရှိန်မြန်သွားစေခဲ့တယ်၊ ထိပ်ပိုင်းမှာ ချမ်းသာ လယ်သမားအလွှာ (ကူလတ်တွေ) ပေါ်ထွက်လာတယ်၊ အောက်ခြေမှာ ဆင်းရဲ လယ်သမားထုကြီး ရှိနေတယ်။ အဆုံးအစမရှိ ဆင်းရဲတွင်းနက်နေတဲ့ ကျေးလက်ဘဝက လွတ်မြောက်အောင် အလုပ်အကိုင်ရှာဖွေဖို့ ဆင်းရဲ လယ်သမားတွေ အလုံးအရင်းနဲ့ မြို့ပြကို ပြောင်းရွှေ့သွားခဲ့တယ်။ ၁၈၆၅-၉၀ ခုနှစ် အတွင်းမှာ စက်ရုံ အလုပ်သမား အရေအတွက် ၆၅% တိုးသွားခဲ့တယ်၊ သတ္တုတွင်း အလုပ်သမား အရေအတွက် ၁၀၆%အထိ တိုးသွားခဲ့တယ်။ A.G. Rashin က ဒီဖြစ်စဉ်ကို အောက်ပါ ဇယား(၁.၁) နဲ့ ဖော်ပြခဲ့တယ်။

(၁.၁) ဥရောပ ရုပ်ရှားမှာရှိသော အလုပ်သမား အရေအတွက် (၁၀၀၀ နဲ့မြှောက်ပါ)

| ခုနှစ် | စက်ရုံနဲ့ အလုပ်ရုံများ | သတ္တုတွင်း | စုစုပေါင်း |
|---|---|---|---|
| ၁၈၆၅ | ၅၀၉ | ၁၆၅ | ၆၇၄ |
| ၁၈၉၀ | ၈၄၀ | ၃၄၀ | ၁၁၈၀ |

(Source, A.G. Rashin, *Formirovaniye Rabochego Klassa Rossiy*, p. 12.)

၁၈၇၀ ခုနှစ်များမှာ စက်မှုဖွံ့ဖြိုးမှု အရှိန်အဟုန် ကောင်းခဲ့တယ်။ စိန့်ပီတာစဘတ် လူဦးရေက ၁၈၆၉ ခုနှစ်မှာ ၆၆၈,၀၀၀ ရှိခဲ့ရာက ၁၈၈၁ ခုနှစ်မှာ ၉၂၈,၀၀၀ အထိ တိုးလာခဲ့တယ်။ လယ်သမား ဘဝအခြေအနေတွေနဲ့ ဖြတ်တောက်ပစ်လိုက်ပြီး ဗလောင်ဆူနေတဲ့ စက်ရုံ လုပ်သားဘဝ ဒယ်အိုးကြီးထဲ ပစ်ချခံလိုက်ရတဲ့ အလုပ်သမားတွေရဲ့ အသိစိတ်ဟာ အလျှင်အမြန် ပြောင်းလဲသွားခဲ့တယ်။ အလုပ်သမားထုကြား မကျေနပ်ချက်တွေ ကြီးထွားလာတာ၊ တိုက်ပွဲဝင်စိတ်ဓာတ်တွေမြင့်မားလာတာကိုရဲဌာနအစီရင်ခံစာတွေမှာအတိအလင်း ဖော်ပြထားတယ် - "စက်ရုံ ပိုင်ရှင်တွေ ကျင့်သုံးနေတဲ့ စော်ကားမော်ကား နည်းနာတွေကို အလုပ်သမားတွေ သည်းညည်းမခံနိုင်တော့ဘူး"လို့ အစီရင်ခံစာ တစောင်မှာ စာဒကတက်ထားတယ်။ "သူတို့ လုပ်အားသာ မရှိရင် စက်ရုံ မလည်ပတ်နိုင်မှန်း သူတို့ ကောင်းကောင်းကြီး သိလာကြပြီ"။ ဇာဘုရင် အလက်ဇန်းဒါးက အစီရင်ခံစာတွေကို ဖတ်ကြည့်ပြီး ဘေးအနားသတ်မှာ "အလွန်ဆိုးရွားတာပဲ"လို့ မှတ်ချက် ရေးခဲ့တယ်။

ဒီလို အလုပ်သမား မငြိမ်မသက်မှုတွေ ကြီးထွားလာခြင်းဟာ ပထမဆုံး စုစည်းထားသော အလုပ်သမား အဖွဲ့တွေ ပေါ်ပေါက်လာစေခဲ့တယ်။ တောင်ပိုင်း အလုပ်သမား သမဂ္ဂကို E. Zaslavsky (၁၈၄၄-၇၈) က ထူထောင်ခဲ့တယ်။ သူဟာ ငွေကြေးချို့တဲ့သော ပဒေသရာဇ် သူကောင်းမျိုး မိသားစုက ပေါက်ဖွားလာသူဖြစ်ပြီး ၁၈၇၂-၇၃ ကာလမှာ 'လူထုဆီ' ချီတက်ခဲ့တယ်။ အဲဒီနည်းနာ အလုပ်မဖြစ်မှန်း သူကိုယ်တိုင် သဘောပေါက် လက်ခံသွားခဲ့တဲ့နောက် အိုဒက်ဆာ အလုပ်သမားထုကြား သဘောတရား ဖြန့်ချိရေး အလုပ်တွေ အစပြုခဲ့တယ်။ ပုံမှန်ထည့်ဝင်ကြေး အနည်းငယ်ပဲရှိပြီး အပတ်စဉ် ဆွေးနွေးပွဲတွေ လုပ်လာတဲ့ အဲဒီအလုပ်သမား အစုလေးတွေကနေ သမဂ္ဂ မွေးဖွား လာခဲ့တယ်။ "အခွင့်ထူးတွေ၊ မညီမျှမှုတွေကို တိုက်ဖျက်ပစ်နိုင်တဲ့ အကြမ်းဖက် တော်လှန်ရေး နည်းနဲ့သာ အလုပ်သမားထုက သူတို့ရဲ့ အရေးအခွင့်တွေကို အာခံချက်ရနိုင်မယ်၊ အလုပ်ကို ပုဂ္ဂလိက သာယာဝပြောရေး၊ အများပြည်သူ သာယာဝပြောရေးရဲ့ အခြေခံအုတ်မြစ် ဖြစ်စေရမယ်"။ သမဂ္ဂ လုပ်ငန်းစဉ်ကို အဲဒီအခြေခံ သဘောတရားနဲ့ အစပြုခဲ့တယ်။ (Quoted in F. Venturi, The Roots of Revolution, p. 515 and p. 516.) ၁၈၇၅ ဒီဇင်ဘာမှာ အဖမ်းအစီးတွေကြောင့် မဖျက်စီးခံရခင်အထိ သမဂ္ဂ ဩဇာ တဟုန်ထိုး ကြီးမားလာခဲ့တယ်။ ခေါင်းဆောင်တွေကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ချခဲ့တယ်။ Zaslavsky က ထောင်ဒဏ် ဆယ်နှစ်ကျခဲ့တယ်။ အကျဉ်းထောင်အတွင်း ပင်ပန်းဆင်းရဲမှုဒဏ်တွေကြောင့် သူ့ကျန်းမာရေး ယိုယွင်းသွားခဲ့တယ်။ စိတ်ကျန်းမာရေး ထိခိုက်ပြီး ဂယောင်ချောက်ခြား ဖြစ်လာတယ်။ အကျဉ်းထောင်ထဲမှာပဲ တီဘီရောဂါနဲ့ ဆုံးပါးသွားခဲ့တယ်။

ဒီထက်ပိုပြီး အနှစ်သာရရှိရှိ တိုးတက်လာတာက ရုပ်ရှား အလုပ်သမားများရဲ့ မြောက်ပိုင်း သမဂ္ဂ။ ၁၈၇၇ ခုနှစ် ဆောင်းဦးပိုင်းမှာ Khalturin နဲ့ Obnorsky ခေါင်းဆောင်မှုအောက်ကနေ တရားမဝင် ထူထောင်ခဲ့ခြင်း ဖြစ်တယ်။ ဗစ်တာ အော့(ဘ်)နော်စကီးဟာ ပန်းပဲသမားတယောက် ဖြစ်ခဲ့တယ်၊ ဒီနောက် မက္ကင်းနစ်သမား ဖြစ်ခဲ့တယ်။ စိန့် ပီတာစဘတ်က စက်ရုံအမျိုးမျိုးမှာ အလုပ်လုပ်နေရင်း အလုပ်သမားတွေရဲ့ လေ့လာရေး အစုအဖွဲ့တွေမှာ ပါဝင်ခဲ့တယ်။ အဖမ်းမခံရအောင် အိုဒက်ဆာဆီ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ အိုဒက်ဆာရောက်တဲ့အခါ ဇာစလပ်စကီးရဲ့ သမဂ္ဂနဲ့ အချိတ်အဆက်ရခဲ့တယ်။ သင်္ဘောသားဘဝနဲ့ ပြည်ပကို ခရီးသွားခဲ့ရတယ်၊ အဲဒီမှာ သူ့အပေါ် ဂျာမန် ဆိုရှယ်ဒီမိုကရေစီ အယူအဆတွေ လွှမ်းမိုးလာခဲ့တယ်။ စိန့်ပီတာစဘတ်ကို ပြန်လာတဲ့အခါ နရော့နစ်(ခ်) လှုပ်ရှားမှုရဲ့ မီးရှူးတန်ဆောင်တွေဖြစ်သော P.L. Lavrov, Axelrod တို့နဲ့ ဆုံတွေ့ခဲ့တယ်။ စတီပန် ခယ်(လ်)တူရင်ဟာ ၁၈၇၀ ခုနှစ်များတဝိုက် တော်လှန်ရေး လှုပ်ရှားမှုတွေရဲ့ အရေးကြီး ခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်။ အော့(ဘ်)နော်စကီးလိုပဲ ခယ်(လ်)တူရင်ဟာ ပန်းပဲသမား၊ မက္ကနင်းသမား ဖြစ်ခဲ့ပြီး ချိုင်ကော့စကီး အစုမှာ သဘောတရား ဖြန့်ချိရေးသမားအနေနဲ့ စတင်လှုပ်ရှားခဲ့တယ်။ ပလက်(ခ်)နော့ရေးတဲ့ ရဲရဲတောက်

ရပ်ရှား အလုပ်သမားကြီးများ ရုပ်ပုံလွှာ စီးရီးတွေထဲမှာ ဥဒါန်းတွင်ရစ်မယ့် ဒီအလုပ်သမား လူတန်းစား တော်လှန်ရေး သမားကြီးရဲ့ ပုံပန်းချီကားချပ်ကို အခုလို တွေ့ရတယ် -

သူ့ [ခယ်လ်တူရင်ရဲ့] လှုပ်ရှားမှုတွေ ဥပဒေဘောင်အတွင်း ရှိနေဆဲကာလတွေမှာ ကျောင်းသားတွေနဲ့ လိုလိုချင်ချင် တွေ့ဆုံတယ်၊ ရင်းနှီးဖို့ သူကြိုးစားခဲ့တယ်၊ ကျောင်းသားတွေဆီက သတင်းအချက်အလက်တွေ ရယူပြီး စာအုပ်တွေလည်း ငှားဖတ်ခဲ့တယ်။ ညည့်နက်သန်းခေါင်အထိ ကျောင်းသားတွေနဲ့ နေလေ့ရှိတယ်၊ ဒါပေမယ့် သူ့အမြင်တွေကို ထုတ်ပြောခဲတယ်။ ဒီလို သူနားထောင်နေရင် အိမ်ရှင် ကျောင်းသားက စိတ်အားတက်လာပြီး မသိနားမလည်သေးတဲ့ အလုပ်သမားကြီးကို ဉာဏ်အလင်းဖွင့်ပေးခွင့်ရလို့ အပျော်ကြီးပျော်သွားမယ်၊ သဘောတရားရေးတွေကို အများနားလည်လွယ်မယ့် စကားလုံးတွေနဲ့ အကြာကြီး ဟောပြောလိမ့်မယ်။ စတီပန်က ဟောပြောသူကို ဂရုတစိုက် ငေးမောရင်း နားထောင်နေမယ်။ မကြာခဏဆိုသလို စူးရှထက်မြက်သော သူ့မျက်လုံးတွေက နစ်လိုဖွယ်ကောင်းတဲ့ အိုင်းရနီတခုကို ရောင်ပြန်ဟပ်နေလိမ့်မယ်။ သူနဲ့ ကျောင်းသားတွေရဲ့ ဆက်ဆံရေး၊ အလုပ်သမားတွေနဲ့ ဆက်ဆံရေးမှာ အိုင်းရနီတခု အမြဲရှိနေတယ်။ သူ့အပြုအမူက အတော်ကွာခြားတယ်။ သူတို့ကို (ကျောင်းသားတွေ၊ အလုပ်သမားတွေကို) အမာခံတွေအဖြစ် သဘောထားတယ်၊ ပြောရရင် ပိုပြီးသဘာဝကျတဲ့ တော်လှန်ရေးသမားတွေလို့ မြင်ထားပြီး မေတ္တာရှင် သူနာပြုတဦးလို သူတို့ကို ပြုစု စောင့်ရှောက်ပေးတယ်။ သူတို့ကို သင်ကြားပေးတယ်၊ စာအုပ်တွေရှာပေးပြီး သူတို့အတွက် အလုပ်လုပ်ပေးခဲ့တယ် သူတို့ငြင်းခုံရန်ဖြစ်တဲ့အခါဖျန်ဖြေပေးတယ်၊ အပြစ်ရှိသူကို ပြစ်တင်မာန်မဲပေးတယ်။ သူ့ရဲဘော်တွေက သူ့ကို အတော်လေးချစ်ကြတယ်၊ ဒါကို သူလည်း သိတယ်၊ သူက သူ့ရဲဘော်တွေကို ပိုကြီးမားတဲ့ မေတ္တာနဲ့ တုံ့ပြန်ခဲ့တယ်။ ဒါပေမယ့် ဒီရဲဘော်တွေနဲ့ ဆက်ဆံရာမှာတောင် ခယ်(လ်)တူရင်က သိုသိုသိပ်သိပ်လေးနေပြီး သူများပြောတာ နားထောင်တတ်တဲ့ သူ့ပုံစံကို စွန့်လွှတ်လိုက်မယ်လို့ ကျနော်မထင်ဘူး။ ဒီလူငယ်တွေကြားမှာဆို သူစကားပြောတာ ကြားရခဲတယ်၊ အားတက်သရော ပြောလေ့မရှိဘူး။ ပီတာစဘတ် အလုပ်သမားတွေကြားမှာ သူ့လောက် ပညာတတ်ပြီး သူ့လောက် အရည်အသွေးရှိသူတွေချည်း၊ အော်တာနေးတစ် ကမ္ဘာတခုကို တွေ့ခဲ့သူတွေ၊ ပြည်ပမှာ နေခဲ့သူတွေ။ စတီပန် အာဏာရှင်စနစ်လို့ခေါ်နိုင်သောအရာ ဩဇာတိက္ကမ ကြီးမားခြင်း လျှို့ဝှက်ချက်ဟာ ကိစ္စရပ်တိုင်းအပေါ် သူ့ရဲ့ မမောနိုင်မပန်းနိုင် အာရုံစူးစိုက်မှုပဲ။ အစည်းအဝေးမစခင်မှာကို လူတိုင်းနဲ့ သူစကားပြောနေပြီ၊ ဒီလိုစကားတွေပြောရင်း လူတွေရဲ့ ယေဘုယျ စိတ်အခြေအနေကို အကဲခတ်ဖို့ သူကြိုးစားတယ်၊ ပြဿနာတခုရဲ့ မျက်နှာစာအားလုံးကို သူအလေးအနက် စဉ်းစားတယ်၊ ဒီတော့ သဘာဝကျစွာပဲ ကိစ္စအားလုံးမှာ သူက ပြင်ဆင်မှုအရှိဆုံးသူ ဖြစ်ခဲ့တယ်။ ယေဘုယျ စိတ်အခြေအနေကို သူဖော်ထုတ်ပြခဲ့တယ်။ (ယင်းစာ - ၅၄၃)

ခယ်(လ်)တူရင်ဟာ ရပ်ရှား အလုပ်သမား လှုပ်ရှားမှု အစောပိုင်း ကာလမှာ တက်ကြွလှုပ်ရှားခဲ့သော အလုပ်သမား ဝါဒဖြန့်ချီရေးသမား မျိုးတူစုထဲက ထူးချွန်ထက်မြက်သူတယောက် ဖြစ်တယ်။ ဒါပေမယ့် ဒီနောက်ပိုင်း ကာလမှာ သူတောင် အကြမ်းဖက် လုပ်ကြံရေး လှုပ်ရှားမှုတွေထဲ ပါသွားခဲ့တယ်၊ ဇာဘုရင်ရဲ့ အသက်ကို နှုတ်ယူဖို့ အံ့အားသင့်စရာ ကြိုးပမ်းချက်တခုကို စည်းရုံးခဲ့တယ်။



# THE STRUGGLE

တော်လှန်ရေး သီအိုရီ မရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး

All Photo Credit : Bangkok Post| AFP | Reuters |AP